
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# သစ္စာတိုင်ရတုကို

# သံပြိုင်သီဆိုခဲ့ပါလျက်. . .

**မောင်လှမျိုး**(ချင်းချောင်းခြံ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မြတ်နိုး

နှစ်သက်၊

နှင်းအပ်စရာ

ရတနာ။

www.burmeseclassic.com

www.burmeseclassic.com

(၁)

## ထာဝစဉ်

ခွဲရမှာ ... စိုး
မြတ်နိုး ထာဝစဉ်၊
ခင်မင်တွယ်ငြိ
ဖယ်ခွာကြည့်လည်း ...၊
ရင်ထဲမငြိမ်း
သောက, လိမ်းကျံ
လွမ်းမိပြန်ပေါ့၊
မနက်ဖြန်တွေး
တစ်သက်ပန်ဝေးဖို့,
တွေးမိလိုက်တိုင်း မပျော်ဘူး ...။ ။

စိန်သရဖူစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်စံက, ကဗျာစာမျက်နှာကို မပိတ်ဘဲ၊ မားဏ်လက်ထဲသို့၊ ထည့်လိုက်၏။ မားက, ကဗျာစာကြောင်းတွေကို၊ အသံထွက်လျက်၊ ဖတ်သည်။

ရတနာ့ကို၊ လက်ဆောင်ပေးမည့်၊ နေ့စဉ်မှတ်တမ်း စာအုပ်လေးတွင်၊

. . . ရတနာ့ အတွက်၊

ထာဝစဉ်

သက်နှင်း

. . . ဟု၊ ကျွန်တော် လက်မှတ် ရေးထိုးသည်။ ပြီးမှ . . . ဒုတိယစာရွက်၏မျက်နှာစာတွင်၊ ထာဝစဉ် . . . ဟု၊ ခေါင်းစဉ်တပ်ကာ၊ ကဗျာတစ်ပုဒ် ရေးသည်။ မနက်ဖြန် ရတနာနှင့်တွေ့လျှင်၊ ပေးမည် . . . ဟု၊ ကျွန်တော် စီစဉ်ထားသည်။

မင်းမြတ်စံနှင့်မားတို့နှစ်ယောက်ကို၊ ကျွန်တော့် ကဗျာလေး . . . ကောင်း,မကောင်း၊ သိလိုသဖြင့် ပေးဖတ်မိ၏။ အမှန်တကယ် . . . , ပြောတတ်, ရေးတတ်လွန်းစွာ ပြောပြရမည်ဆိုလျှင်၊ ကျွန်တော့် ရင်ထဲက, ခံစားရသမျှ အတိုင်းအဆအားလုံးကို၊ ထိုကဗျာလေးက, မဖော်ညွှန်းနိုင်သေး။

လေးကန်သော စိတ်၏ အပေါ်ယံမျှသော အရိပ်အယောင်။





နှင့်နေသော ရင်တွင်း၏အကာအရံမျှသော အမှုုင်အမှေး။ လွမ်းလှလှ, ကျွမ်းလှလှ နှလုံးသည်းခြေ၏ တစ်သံနှစ်သံမျှသော . . . ရင်ခုန်သံ။

တကယ့် ရှုပ်ထွေးတည်တင်းနေသော စိတ်နှလုံး၏ အခြေအနေကို၊ ဤကဗျာငယ်လေးတစ်ပုဒ်၏၊စာ . . . ဝါကျ၊ ကဗျာ ပါဒများက၊ အလုံးစုံ ပုံဖော်နိုင်မှု မစွမ်းသာ။

ဝေဒနာ . . . ဟူသည့်, ဝေါဟာသည်ပင်လျှင်၊ တကယ့်ခံစားမှုသဘောကို၊ တကယ် သိမြင်နိုင်လောက်အောင်၊ ပုံဖော်ပြနိုင်စွမ်း မရှိ။ ခံစားမှုသဘောကို၊ တကယ် ခံစားရသူသည်သာ၊ တကယ်သိနိုင်ပေလိမ့်မည်။

စကား . . . , ဝေါဟာရတို့သည်ကား . . .

မူလ, သဘောတို့၏,

အတိမ်အနက်ကို၊ မှန်းဆ, နိုင်ရန်မျှသာ၊ အထောက်အကူပြုနိုင်သည့်၊ ပြတင်းတံခါး, မုခ်ဦးမျှသာ။

“ဒါ . . . ၊ ရည်းစားစာလား” . . . ဟု၊ မား . . . မေးသည်။

“မဟုတ်ပါဘူး။ ရတနာ့ကို ပေးမလို့ပါဆို”

မားက . . . ၊ မျက်ခုံးကို၊ တမင်တွန့်ကွေးကာ၊ ကဗျာ စာကြောင်း တစ်ကြောင်းချင်းကို၊ လက်ညှိုးထိုးရင်း၊ ဖတ်ပြီး . . .

“အဲ . . . ။ တွေ့ပြီ။ မေးစရာ တွေ့ပြီ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရော မင်းမြတ်စံပါ၊ ကဗျာစာမျက်နှာဆီသို့ ခေါင်းချင်းပူးကပ်စွာ၊ ကြည့်လိုက်ကြရ၏။

ကျွန်တော်က …

"ဘာ မေးမှာလဲ … မေး"

"ရင်ထဲ မငြိမ်း၊ သောက, လိမ်းကျံ၊ လွမ်းမိပြန်ပေါ့" … ဟူသော ပါဒ သုံးကြောင်းကို၊ လက်ညှိုးဖြင့် အသွားအပြန်ထောက်ပြီး၊ မားက …

"ရင်ထဲ … မ, ငြိမ်း ဆိုတော့၊ ရတနာက,
တစ်ဦးတည်းသောသမီး … မဟုတ်ဘူးလား"

"ဟုတ်တယ်လေ။ ဘာဖြစ်လို့လဲ"

"မ … ငြိမ်း ဆိုတာ။ သူ့အစ်မ ဝမ်းကွဲလား။
ဒါမှမဟုတ်, သူ့ အဒေါ်လား"

"မား။ မင်း … ကြောင်တောင်တောင် မလုပ်
နဲ့နော်။ ငါ … တကယ်ခံစားနေရတာ။ မင်း …
မနောက်နဲ့"

မားက, ရယ်လျက် …

"ဒီမှာ …၊ ရင်ထဲ … မ,ငြိမ်း … လို့၊
မင်း … ရေးထားတာပဲဟာ"





"ဟော့ကောင်၊ ရင်ထဲမှာ … ခံစားနေရတယ်
မငြိမ်းချမ်းဘူး … လို့၊ ပြောချင်လို့၊ ရင်ထဲ မငြိမ်း
… လို့၊ ရေးထားတာကွ။ မ … ,ငြိမ်း မဟုတ်ဘူး"

ကျွန်တော့်စကားအဆုံးတွင်၊ မားနှင့်အတူ၊ မင်းမြတ်စံပါရောရယ်လေ၏။ မား၏လက်ထဲမှ စာအုပ်ကို၊ ကျွန်တော် ဆတ်ခနဲယူလိုက်ပြီး၊ သူ့ငယ်ထိပ်ကို၊ စာအုပ်ဖြင့်၊ ရိုက်လိုက်သည်။

မားက၊ အရယ်မရပ်သေးဘဲ၊ လက်ဖြင့် ကာရင်း …

"ရတနာ ဖတ်တဲ့အခါ၊ မင်း,ရေးသလို ရင်ထဲ
မငြိမ်း … လို့၊ မဖတ်ဘဲ။ ငါ … , ဖတ်သလို
ရင်ထဲ … မ, ငြိမ်း … လို့၊ ဖတ်ရင်၊ မင်းရင်ထဲမှာ
… မ,ငြိမ်း ရှိနေတယ် … လို့၊ ထင်သွားမှာ စိုးလို့၊
ငါ … ဝေဖန်ပေးတာပါကွ"

"ရတနာက၊ မင်းလို၊ မတုံးဘူး။ ဒီလောက်
လေး ရေးပြတာတောင်၊ ငါ့ရင်ထဲကို၊ မြင်လောက်
တယ်။

မင်းတို့ကို၊ တမင် … ဗဟုသုတ,ရအောင်၊
ငါ … ပေးဖတ်တာ။ ကောင်း, မကောင်း၊ မဝေဖန်
ပေးနဲ့တော့။ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညကျမှ၊ ငါ့အစ်ကို၊ ကိုသက္ကကို၊ ပေးဖတ်မယ်''

ပြောပြီး၊ ကျောပိုးအိတ်ထဲသို့၊ မှတ်တမ်းစာအုပ်လေးကို၊ ထည့်သိမ်းပစ်လိုက်သည်။ ''ကဗျာလေးက၊ ကောင်းပါတယ်'' . . . ဟု၊ မင်းမြတ်စံ ပြော၏။ ခါးက . . . ''မဆိုးပါဘူး'' . . . ဟု၊ ပြောသည်။

''ရတယ်။ ငါ . . . တော်မှန်း၊ ငါ့ကိုယ် ငါ၊ သိတယ်။

မင်းတို့,

မဝေဖန်ပေးနဲ့တော့''

နှစ်ယောက်စလုံး၊ ရယ်ကြ၏။

❋

''ငါတို့နှစ်ယောက်လည်း၊ ရတနာတို့မိသားစု ပြောင်းလာတဲ့ နှစ်။ အဲ . . . ရှစ်တန်းနှစ်ကတည်းက၊ ရတနာနဲ့ ခင်ကြတာပါပဲ။

တစ်ကျောင်းတည်း၊ တစ်ရပ်ကွက်တည်းပဲ။





မင်းကိုကျမှ၊ ရတနာက၊ ပိုခင်ပြီး၊ မင်း,ကျမှ ရတနာ့ကို၊ ပိုခင်နေကြတာ၊ ဘာဖြစ်တာလဲ''

ခါးက . . . မရယ်မောမနောက်ပြောင်ဘဲ၊ မေး၏။ ကျွန်တော် မဖြေတတ်။ မင်းမြတ်စံက . . .

''သူတို့နှစ်ယောက်က၊ အိမ်ချင်းနီးလို့နေမှာပေါ့ကွ''

ထို အဖြေလည်း၊ မမှန်ကန် . . . ဟုတော့၊ ကျွန်တော် သိသည်။

သို့သော် . . . တကယ့်အဖြေမှန်ကို၊ ကျွန်တော် သေသေချာချာ၊ မတွေးတောတတ်။

သံယောဇဉ်၏ အတိမ်အနက် ဖစ်မြစ်ကို၊ မည်သည့် ဉာဏ်ပညာနှင့်မျှ၊ တူးဆွဖော်ထုတ် သုံးသပ်၍ မရနိုင် . . . ဟုတော့၊ ကျွန်တော် သိသည်။

ဘဝ . . . သံသရာတို့၏ အစ,အဦးကို ဖော်လှစ်ရ ခက်ခဲသကဲ့သို့၊ သံယောဇဉ်၏၊အစ,အဦး အကြောင်းအရင်းကို၊ တူးဖော်တင်စားရန်မှာလည်း၊ လွန်စွာ နက်နဲလွန်းပေမည်။

မူလ, အစကို၊ တဒင်္ဂဖြင့်၊ စ,ခဲ့ကြသော်လည်း၊ ထိုတဒင်္ဂ၌၊ သာဝရ . . . ထာစဉ် . . . ဟူသော ကာလ,ရှည် အရှိန်အဟုန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



. . . , မည်၍ မည်မျှ ပါဝင်နေလေမည်ကို၊ သာမန်လူ, မည်သူမျှ မသိစွမ်းသာ။

❁ ❁ ❁



(၂)

ကျွန်တော်တို့အိမ်ဝင်းဘေးရှိ သနပ်ခါးပန်းပင်၏ သနပ်ခါးပန်းပွင့်များကို၊ ကောင်မ,လေးတစ်ယောက်၊ သူတို့အိမ်ဝင်းဘက်မှ၊ လှမ်းခူးနေသည်ကို၊ ကျွန်တော် မြင်၏။

ဆရာဝန်မိသားစု ပြောင်းလာကြသည် . . . ဟုတော့၊ ကြားသည်။ မည်သူ မည်ဝါတွေ . . . ဟုတော့၊ ကျွန်တော် သေသေချာချာ မသိ။ အဆိုပါ ကောင်မ,လေးမှာ၊ ဆရာဝန်သမီး ဖြစ်မည်ဟု၊ ကျွန်တော် ခန့်မှန်းသည်။

"နင် . . . ပန်မလို့လား"

ကျွန်တော် လှမ်းအမေးတွင်၊ ကောင်မလေး လက်တုံ့သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ပြီးမှ . . . ခေါင်းညိတ်သည်။ ပြီးမှ . . .

"ဘုရားမှာလည်း လှူချင်တယ်။ ငါ . . . ခိုးတာ မဟုတ်ဘူးနော်။ ခူးတာ"

"အင်းပါ"

ကျွန်တော်က၊ ဝင်းနံရံ၏ သစ်သားငုတ်တိုပေါ်၊ ခြေတစ်ဖက်နင်းကာ၊ မီးရာ အကိုင်းကို ဆွဲချပြီး၊ သနပ်ခါးပန်းပွင့်များ၊ အဆုတ်လိုက်ရှိရာ၊ အခက်အလက်များကို၊ တစ်ပုံတစ်ပင်ခူးပြီး၊ ကောင်မ,လေးကို၊ လှမ်းပေးလိုက်၏။

"ကျေးဇူးပဲ"

"ရေဆေးဦးနော်" . . . ဟု၊ ကျွန်တော် လှမ်းပြော၏။ သူ . . . ခေါင်းညိတ်သည်။ "ကျေးဇူးပဲနော်" . . . ဟု၊ သူ ထပ်ပြောသည်။ ကျွန်တော် ခေါင်းညိတ်၏။

ပြီးနောက်၊ သူ့အိမ်ဘက်သို့၊ ပြေးဝင်သွားသည်။

❀

"ခေါင်းရင်းအိမ်က၊ အိမ်တက်ဆွမ်းကျွေး ဖိတ်ထားတယ်"





. . . ဟု၊ အမေက၊ အဖေ့ကို ပြောသည်။ အမေနှင့်အဖေ တစ်ယောက်ယောက်၊ သွားကြလိမ့်မည်ဟု၊ ကျွန်တော် သိ၏။ "သားလည်း၊ လိုက်ချင်တယ်" . . . ဟု၊ ကျွန်တော် ပူဆာချင်သည်။

သို့သော် . . . တစ်ခါမျှ၊ မတောင်းဆိုဘူးသဖြင့်၊ ဆန္ဒသည် စကားသံအဖြစ်၊ ထွက်ပေါ်မလာ။

အင်မတန် ရင်းနှီးသော၊ အလှူအတန်းတွေကိုတော့၊ အစ်ကိုကိုသက္ကနှင့် ကျွန်တော်၊ အတူ သွားနေကျ။ သိပ်, မရင်းနှီးသည့်၊ သာရေး နာရေးကိစ္စများသို့မူ၊ အမေနှင့်အဖေတို့သာ၊ သွားလေ့ရှိကြသည်။

❀

အဌမတန်း စ,တင်တက်ရောက်လျှင် တက်ရောက်ရချင်း ကျွန်တော် တော်တော် ပျော်သွားသည်။ ဘာဖြစ်လို့လဲ . . . ဆိုတော့၊ ခေါင်းရင်းအိမ်က, ကောင်မ,လေးက၊ ကျွန်တော်နှင့် တစ်တန်းတည်း။

ကျွန်တော့်ကို မြင်လျှင်မြင်ချင်း၊ သူ့မျက်လုံးလေး ဝိုင်းသည်။ သူ . . . ပျော်,မပျော် ကျွန်တော် မသိ။ သို့သော် . . . သူ . . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို၊ တွေ့မြင်သွားသည်ကိုပင်၊ ကျွန်တော် ပျော်နေသည်။

"အဲ့ဒီ၊ ကောင်မလေးက၊ ဆရာဝန်သမီးဆို"

ဘားက၊ ကျွန်တော်နှင့် မင်းမြတ်စံကို မေး၏။

"နာမည်က၊ ရတနာ ... တဲ့"

မင်းမြတ်စံ ဖြေ၏။ ကျွန်တော် ဘာမျှ ဝင်မပြောဘဲ၊ တမင် နေ၏။ ဘားက ...,

"ဟော့ကောင်၊ သက်နှင်း။ အဲဒါ ... မင်းတို့ ခေါင်းရင်းအိမ်ကို ပြောင်းလာတဲ့ ကောင်မ,လေး လေ"

ရတနာ ထိုင်နေရာ နေရာကို၊ ကြည့်နေရင်းမှ၊ ကျွန်တော် မျက်နှာလွှဲလိုက်သည်။

"မင်း ... မသိဘူးလား"

"မသိဘူး"

"နယ်က၊ ပြောင်းလာတာ ... တဲ့"

မင်းမြတ်စံက၊ ထပ်မံ သတင်းပေးပြန်သည်။ ကျွန်တော် မနေနိုင်တော့သဖြင့် ...,

"မင်းတို့က, ဘယ်လိုလုပ်၊ သိနေကြတာ လဲ။ နာမည်တောင်၊ သိနေတယ်"





"ဟွန်း။ ကျောင်းသူ အသစ်ဆိုလို့ သူ ... တစ်ယောက်တည်းပဲ ရှိတာ။ မသိဘဲ နေမလား။ ပြီးတော့ ... ရပ်ကွက်ထဲမှာလည်း သူတို့ ပြောင်းလာတဲ့နေ့ကတည်းက၊ ဆရာဝန်မိသားစု ဆိုပြီး၊ ဝိုင်းကြည့်နေကြတာ"

"ငါ ..., အဲဒီလောက် မစပ်စုဘူး" ... ဟု၊ မနာလိုစွာ၊ ကျွန်တော် ပြောလိုက်သည်။

"ငါတို့လည်း၊ မစပ်စုပါဘူးကွာ၊ သွားရင်း လာရင်း ကြားတာပါ"

မင်းမြတ်စံ ရှင်းပြ၏။ ကျွန်တော် အလေးမယူဟန်ဖြင့်၊ နေလိုက်သည်။

ရတနာ ကျောင်းမတက်သည့်နေ့က၊ ကျွန်တော် စိတ်ပူသည်။ ကျောင်းပြန်ချိန်တွင်၊ သူ့အိမ်ဘက်သို့၊ မျှော်ကြည့်မိသည်။ နောက်တစ်နေ့ နံနက်တွင်၊ ရတနာ၏မိခင် ဒေါ်သင်းသင်းမြ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်သို့လာပြီး၊ ရတနာ့အတွက်၊ ခွင့်တိုင်စာ၊ လှူကြုံပါး သည်။ ရတနာ ဖျားနေကြောင်း, သိရ၏။

"မင်းနဲ့ ရတနာနဲ့က၊ ခင်နေကြပြီပေါ့"

"ဒါပေါ့"

အတန်းပိုင်ဆရာမ, ထံသို့၊ ရတနာ၏ ခွင့်စာပေးပြီးသော အခါ၊ မင်းမြတ်စံ၏အမေးကို၊ ကြွားဝါးစွာ၊ ကျွန်တော် ဖြေလိုက် သည်။

မားက ...,

"မင်း ... ရတနာ့ကို၊ လူနာသတင်း သွား မေးခဲ့တာပေါ့။ ဟုတ်လား"

"မမေးဖြစ်သေးပါဘူး။ မအားသေးလို့"

"မအားရအောင်၊ မင်းက ..., ဘာလုပ်နေ လို့လဲ"

"ငါ့အဖေက၊ ကုန်တင်ကုန်ချ ဌာန၊ အလုပ် သမားမှူး။ ငါ ... စာရင်းတွေ၊ ဘာတွေ၊ ကူလုပ် ပေးရတယ်ကွ"

"မင်းအစ်ကိုက၊ ကူမလုပ်ဘူးလား" ... ဟု၊ မင်းမြတ်စံ ဝင်မေး၏။ ကျွန်တော် ရုတ်တရက် မဖြေနိုင်ဘဲ၊ နေလိုက်၏။ ပေတံ





ရှာသလိုလို၊ ဘောလ်ပင် ရှာသလိုလို လုပ်နေလိုက်သည်။ ပြီးတော့ မှ ...

"ငါ့အစ်ကိုက၊ စာရင်းလုပ်တာ မသေသပ် ဘူး။ အဲ့ဒါကြောင့်, ငါ ... ကူလုပ်ရတာ"

"တက္ကသိုလ် ကျောင်းသားက၊ စာရင်းလုပ်တာ မသေသပ် ဘူး။ ရှစ်တန်းကျောင်းသားက၊ စာရင်းလုပ်တာ၊ သေသပ်တယ်။ အံ့ရော" ... ဟု၊ မားက နှုတ်ခမ်းမဲ့က၊ ပြော၏။ ကျွန်တော် မကြားချင်ယောင်၊ ဆောင်နေလိုက်သည်။

ရတနာ ထိုင်နေကျ နေရာဆီသို့ လှမ်းကြည့်မိ၏။ သူ့တစ် ကိုယ်စာ လစ်ဟာနေသည်။ ကျွန်တော် ငယ်ရွယ်သေးပါသော်လည်း၊ ဟာတာတာ ဝေဒနာမျိုးကိုတော့၊ ခံစားရမှန်း ကိုယ့်ကိုယ်ကိုယ် သိ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၃)

ရတနာ့ အမေက၊ ကျွန်တော့်မှတ်စုစာအုပ်တွေ၊ လာငှားသည်။

နောက်တစ်နေ့တွင်၊ ကျွန်တော် ကိုယ်တိုင်၊ သွားပေးသည်။ ထို့အပြင်၊ ရတနာ့ မှတ်စုစာအုပ်တွင်၊ ကျွန်တော့် လက်ရေးများဖြင့်၊ ကူးပေးဖြစ်ခဲ့၏။

ထိုအချိန်အထိ၊ ရတနာနှင့်ကျွန်တော် စကားမပြောဖြစ်သေး။ သူ့အိပ်ခန်းထဲတွင်၊ သူ့ဘာသာ အနားယူနေပုံရသည်။

"သား၊ မောင်သက်နှင်း။ ကျေးဇူးပဲနော်။
မင်းသူငယ်ချင်းက၊ ချူချာတယ်။ တစ်ပတ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာဦးမယ် ထင်တယ်။

အဖျားတော့ ကျနေပါပြီ။ အားနည်းနေသေးတယ်"

"ကျွန်တော် ရတနာ့စာအုပ်တွေ၊ ကျောင်းကို ယူသွားမယ်။

ကျောင်းမှာ အားတဲ့အချိန်၊ ကျွန်တော် မှတ်စုတွေ၊ ကူးပေးထားချင်လို့။

အိမ်ရောက်မှ ကူးတော့၊ ဒေါ်ဒေါ် ပင်ပန်းတာပေါ့။ ကျွန်တော် အားသလောက်ကူးလာတော့၊ နည်းနည်းသက်သာမယ်ထင်တယ်"

"သြော် ...။ အေးအေး။ ကျေးဇူးပါပဲ။ သား ပင်ပန်းပေါ့မယ်"

"မပင်ပန်းပါဘူး ဒေါ်ဒေါ်။ မုန့်စားဆင်းချိန်၊ ကျွန်တော် ... ဘောလုံးမကန်ဘဲ၊ ကူးပေးမှာပါ"

"ကစားချိန်လျော့သွားမှာပေါ့" ... ဟု၊ ဒေါ်သင်းသင်းမြက၊ ပြုံးလျက်, ပြောသည်။

"မလျော့ပါဘူး။ ကျောင်းပိတ်ရက်, အတိုးချပြီး ကစားမှာ"



သစ္စာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက် ...

ကျွန်တော့် စကားကြောင့်၊ သဘောကျစွာ ရယ်လေ၏။

❋

"နင် ... ပိန်သွားတယ်" ... ဟု၊ ရတနာ့ကို ကျွန်တော် ပြောသည်။ ရတနာ ခေါင်းညိတ်၏။

"နင့်လက်ရေး လှတယ်"

ကျွန်တော် ကူးပေးထားသည့်၊ မှတ်စုများကို၊ ရည်ညွှန်း၍၊ ရတနာ ပြောသည်။

"ငါ့ အစ်ကို သင်ပေးတာ"

"အန်း။ လက်ရေးလှအောင် သင်လို့ ရတယ်။ ဟုတ်လား"

ကျွန်တော် ဂုဏ်ယူဟန်ဖြင့်၊ ခေါင်းညိတ်၏။

"ငါ့ လက်ရေးက၊ ရှင်းတာပဲ ရှိတယ်။ နင့် လက်ရေးလို၊ ဝိုင်းဝိုင်းစက်စက် လှလှပပ, မဟုတ်ဘူး"

"ငါ ... သင်ပေးရမလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ... သင်ပေးတတ်လို့လား"

"ငါ့အစ်ကို၊ ငါ့ကို ခိုင်းသလို၊ နင့်ကို၊ ငါ ... ခိုင်းမှာပေါ့။ ငါ့အစ်ကို ခိုင်းသလို၊ ငါ ... လုပ်တာ၊ ကြာတော့ လက်ရေး လှသွားတာပေါ့"

"အင်း ...။ သင်ပေး"

"လက်ရေးလှ စာအုပ် ဝယ်ရမယ်"

"လေးကြောင်းမျဉ်းကို ပြောတာလား"

"ဟုတ်တယ်။ အဲ့ဒီ လေးကြောင်းမျဉ်းမှာ .. တစ်နေ့ကို၊ ငါးမျက်နှာ ဆယ်မျက်နှာလောက်၊ ဝ,လုံးတွေရေး။ ဝိုင်းဝိုင်းလေးရေ"

"ဟင်။ ရှစ်တန်းရောက်နေပြီဟာ။ ဝ,လုံးက၊ ဘာဖြစ်လို့ ရေးရမှာလဲ။

တခြား စာကြောင်းတွေ၊ ရေးလို့ မရဘူးလား"

"ဟင့်အင်း။ မရဘူး။ မြန်မာစာလုံးဆိုတာ၊ ဝ,လုံးကို အခြေခံပြီး၊ ရေးရတာ။

အဲဒါကြောင့် ... လက်ရေး၊ လှလှ,ဝိုင်းဝိုင်းလေးဖြစ်ချင်ရင်။ ဝ,လုံးကိုပဲ၊ ဝိုင်းဝိုင်းစက်စက် ဖြစ်





အောင်၊ အရင် ... အရေးကျင့်ရတာ။

လေးကြောင်းမျဉ်းမှာ၊ ဝ,လုံးတွေ ... အများကြီး ... အများကြီး အရေးကျင့်ပြီးရင်၊ မျဉ်းကြောင်းမပါတဲ့၊ စာရွက်ပြောင်မှာ၊ ဝ,လုံးတွေပဲ၊ ထပ်ရေးနေရမှာ။

ပြီးတော့မှ ... ဗလာစာအုပ်ထဲမှာ၊ တခြားစာလုံးတွေကို ဖြည်းဖြည်းချင်း၊ အရေးကျင့်၊ တဖြည်းဖြည်းချင်း၊ လက်ရေး လှလာလိမ့်မယ်"

"ဘယ်လောက် ကြာကြာ၊ လေ့ကျင့်ရမှာလဲ"

"ငါ ... လေးတန်း ဖြေပြီးတုန်းက၊ ငါ့အစ်ကိုက၊ ငါ့ကို တစ်နွေလုံး၊ ရေးခိုင်းခဲ့တာပဲ"

"နင့် အစ်ကိုက၊ အခု ... ဘယ်နှတန်းလဲ"

"တက္ကသိုလ် တက်နေပြီ။ ပထမနှစ်"

"နင့် အစ်ကိုက၊ စာတော်လား"

"သိဘူး။ ရည်းစားတွေတော့၊ များတယ်။ ငါ့ကိုတောင်၊ လက်ရေးလှဖို့ သင်ပေးတာ၊ ရည်းစားစာရေးရင်၊ လှလှလေးဖြစ်အောင် ... သင်ပေးတာ ... တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရတနာက၊ မျက်ခုံး ပါးပါးတန်းတန်းလေး တွန့်ကွေးလျက်၊ နားထောင်၏။

"ကောင်မ,လေးတွေက၊ အလှကြိုက်တယ် . . . တဲ့၊ ရည်းစားစာ အပေးခံရရင်တောင်၊ လက်ရေးလေးလှမှ၊ ဖတ်ချင်ကြတာ . . . တဲ့"

"ရည်းစားစာက၊ ဘယ်လိုရေးရတာလဲ"

"သိဘူးလေ။ အဲဒါတော့၊ ငါ့ကို . . . ငါ့အစ်ကို၊ မသင်ပေးသေးပါဘူး။ ငယ်သေးလို့ မသင်ပေးသေးတာ နေမှာပေါ့"

"ရည်းစားစာ ရေးနည်းက၊ သင်ရတာလား"

"မသိဘူးလေ။ ဘယ်ပညာဖြစ်ဖြစ်၊ သင်မှတတ်မှာပေါ့"

"မိန်းကလေးရော . . .၊ ရည်းစားစာရေးတတ်ဖို့ လိုလားဟင်"

"မလိုဘူး ထင်တာပဲ"

"ဘာဖြစ်လို့လဲ"

"ယောက်ျားလေး ပေးတဲ့၊ ရည်းစားစာကို၊ သေသေချာချာ ဖတ်တတ်ဖို့,ပဲ၊ လိုတယ်"





"ဟုတ်လား"

"အင်း။ ဟုတ်တယ်"

"နင် . . . ရည်းစားစာရေးတတ်ရင်၊ ငါ့ကို၊ သင်ပေးမလား"

"မိန်းကလေးက၊ တတ်ဖို့, မလိုပါဘူးဆို"

"မေမေက, ပြောဖူးတယ်။ ဘယ်ပညာမဆို၊ တတ်ထား သိထားရင်၊ ကောင်းတယ် . . . တဲ့"

"မကောင်းပါဘူး"

"ဘာလို့၊ မကောင်းတာလဲ"

"အဲဒါတော့ . . .၊ ငါ မပြောတတ်ဘူး။ ငါ့အစ်ကိုက၊ ပြောပြဖူးတယ်။

ယောက်ျားဆိုတာ၊ အလှပြင်ဖို့ မလိုဘူး . . . တဲ့။ သပ်သပ်ရပ်ရပ် နေတတ်ဖို့ပဲ လိုတယ် . . . တဲ့။

အလှပြင်တာ၊ မိန်းကလေးတွေရဲ့ အလုပ် . . . တဲ့။

ယောက်ျားလေးက၊ အဲဒီ့, အလှအပ,ကို၊ ခံစားတတ်ဖို့, မြတ်နိုးတတ်ဖို့, တန်ဖိုးထားတတ်ဖို့ပဲ၊ လိုတယ် . . . တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့၊ အလုပြင်တာကို၊ ငါတို့၊ ယောက်ျားလေးတွေ၊ တတ်ဖို့, မလိုဘူး။

နင့်မေမေ ပြောသလို၊ ဘယ်ပညာ . . . မဆို၊ တတ်ထားသိထားဖို့, လိုတယ် ဆိုပေမယ့်၊ အလှပြင်တာကြီးတော့၊ ငါတို့, ယောက်ျားလေးတွေ၊ တတ်ဖို့ မလိုဘူးလေ။ နော်''

''တတ်ထားရင်၊ ကောင်းပါတယ်ဟယ်''

''ဘာလို့ကောင်းရမှာလဲ''

''တတ်ထားတော့။ နင် . . . ကြီးလာရင်၊ အလှပြင်ဆိုင်ဖွင့်လို့, ရတာပေါ့''

ရတနာက၊ အတည်အတန့် ပြောနေခြင်း ဖြစ်သည်။ ကျွန်တော်က . . . ''နင် . . . နောက်နေတာလား'' . . . ဟုပင်၊ မေးမိချင်၏။

ဒါပေမဲ့ . . . မမေးဖြစ်။

သူ . . . သိသလောက်၊ တကယ့်ကို၊ အကြံပြုနေခြင်း ဖြစ်၏။ စိတ်ထဲမှ၊ ရယ်မိသည်။

❁ ❁ ❁



(၄)

''ဟို . . .၊ အသားမည်းမည်းနဲ့ကောင်လေးကို၊ ဘာဖြစ်လို့၊ တား . . . လို့, ခေါ်တာလဲ''

''သူ့နာမည်က၊ တား . . . ပဲ။ တား . . . လို့ပဲ၊ ခေါ်ရတာပေါ့''

''အင်းလေ။ ဘာဖြစ်လို့, အဲဒီ့, နာမည်၊ မှည့်တာလဲ . . . လို့၊ မေးတာ''

တား . . . ပြောပြဖူးသော၊ အကြောင်းကို၊ မှတ်မိသမျှ၊ ကျွန်တော် ပြန်ပြောရသည်။

''သူ့ကို မမွေးခင်။ အဲ . . . မွေးခါနီး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



အဖေက၊ ဆေးရုံမှာ၊ မွေးခန်းအပြင်မှာ၊ စောင့်နေရင်း . . .,

စာရေးဆရာကြီး၊ မင်းသွေးရဲ့၊ ဓား . . . ဆိုတဲ့၊ ဝတ္ထုဖတ်နေတယ် . . . တဲ့။

အဲဒီဝတ္ထု ဖတ်နေတုန်းလည်း၊ မွေးတယ်။ မွေးတာ . . ယောက်ျားလေးလည်း၊ ဖြစ်တယ်။ အဲ့ဒါကြောင့် . . .,

အဲ့ဒီဝတ္ထုကို ဂုဏ်ပြုတဲ့၊ အနေနဲ့၊ မွေးတဲ့သားကို၊ ဓား . . . လို့၊ နာမည်ပေးတာ . . . တဲ့''

''ဪ''

''နင့်ကိုရော၊ ဘာဖြစ်လို့၊ ရတနာ . . . လို့၊ နာမည်ပေးတာလဲ။ နင် . . . သိလား''

''သိတာပေါ့။ မေမေရော . . . ဖေဖေရော ငါ့ကို၊ ပြောပြထားတယ်။

မြတ်နိုး နှစ်သက်ဖွယ်ကောင်းသောအရာ . . . ကို၊ ရတနာ . . . လို့၊ ခေါ်တယ် . . . တဲ့။

သမီးလေးကို၊ ဖေဖေ မေမေတို့က၊ နှမ်သက် မြတ်နိုးလို့ ရတနာ . . . လို့ နာမည်ပေးတာ . . . တဲ့''





''ဒါဆို၊ ရတနာ . . . ရဲ့၊ အဓိပ္ပာယ်က၊ နှစ်သက်၊ မြတ်နိုးဖွယ် ကောင်းသောအရာ . . . ပေါ့။ ဟုတ်လား''

''ဟုတ်တယ်''

ပြီးနောက်၊ ရတနာက . . .,

''နင့်ကို၊ သက်နှင်း . . . လို့၊ နာမည်ပေးတာက,ရော''

''ဟိုးတုန်းက၊ ရုပ်ရှင်ကား၊ အသက်ကို နှင်း၍ . . . ဆိုတဲ့၊ အတ်ကား၊ ကြည့်ဖူးလို့၊ အဲ့ဒီ နာမည်ပေးတာ . . . တဲ့။ အမေ . . . ပြောပြတယ်'' . . . ဟု၊ ကျွန်တော် ဖြေသည်။

''အဓိပ္ပာယ်က,ရော''

''သိဘူး''

ရတနာက၊ ကျေနပ်ပုံမရစွာဖြင့် . . .,

''နှင်း . . . ဆိုတဲ့၊ ဝေါဟာရက၊ အပ်နှင်းသည် . . . တို့၊ ပေးအပ်သည်တို့ ဖြစ်မှာပေါ့။ သက်နှင်း . . . ဆိုတော့၊ အသက်ပေးရ,လောက်အောင်၊ ချစ်စရာကောင်းလို့၊ သက်နှင်း . . . လို့၊ အဓိပ္ပာယ်ကောက်ရင်၊ ကောင်းတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"နင် ပြောမှပဲ၊ ငါ့နာမည်ကို၊ ငါ့ဘာသာ
. . . ပိုကြိုက်သွားပြီ"

ပြောရင်းမှ . . . "ရတနာ သက်နှင်း" . . . ဟူသည့် အမည်နှစ်ရပ် ပေါင်းစည်းကာ၊ စိတ်ထဲမှာ၊ အဓိပ္ပာယ်ပြန်ဆိုကြည့်နေမိသည်။

နှစ်သက်မြတ်နိုးဖွယ်သော အရာကို အသက်နှင်းလျက် . . . ဟု၊ ကိုယ့်ဘာသာ၊ ဝေါဟာရ အဓိပ္ပာယ် ဖွင့်ဆိုလိုက်မိ၏။

❋

အဌမ,တန်း စာမေးပွဲ မဖြေဆိုမီအတွင်း၊ ရတနာသည်၊ ကျွန်တော်နှင့်သာမက၊ မင်းမြတ်စံနှင့် ဓားတို့ကိုပါ၊ ခင်မင်ခေါ်ပြောခဲ့လေ၏။ ကျွန်တော်တို့ ယောကျ်ားလေး သူငယ်ချင်း သုံးယောက်အနက်၊ ကျွန်တော့်ကိုသာ ရတနာ အခင်ဆုံး . . . ဟု၊ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ထင်မှတ်ခဲ့ရသည်။

အဌမ,တန်း စာမေးပွဲအောင်စာရင်း ထွက်သည့်နေ့တွင်၊ ကျွန်တော်တို့အားလုံး စာမေးပွဲ အောင်မြင်ကြသည်။ ရတနာ့ အဖေဒေါက်တာ သာဇံက၊ ကျွန်တော်တို့ သုံးယောက်ကို၊ မုန့်ဖိုး ငါးထောင်





ကျပ်စီ ပေးသည်။ ရတနာနှင့် မိခင် ဒေါ်သင်းသင်းမြတို့က၊ ကြာဆံကြော် ကျွေး၏။

"ရတနာ"

ကျွန်တော် တီးတိုးခေါ်ပါလျက်၊ ရတနာက . . . "ဘာလဲ" . . . ဟု၊ ကျယ်လောင်စွာ ထူးသည်။ သူ့အဖေနှင့်အမေအနားမှာ မို့မရှိကို၊ သေသေချာချာ ငဲ့ကြည့်, လှည့်ကြည့်ပြီးမှ၊ ကျွန်တော်က

"တီးတိုးလေး ထူးပါဟယ်။ ငါ . . . နင့်ကို
ခေါ်တာ၊ တီးတိုးလေးပါ"

အနားတွင်ကပ်ကာ၊ ထပ်မံ၍ တီးတိုးစကားဆို၏။ မင်းမြတ်စံနှင့် ဓားတို့နှစ်ယောက်က၊ ကြာဆံကြော်များကို၊ ပါးစပ်ထဲတွင် ဘစ်လစ်ဖြစ်နေကြရင်းမှ၊ ကျွန်တော်နှင့် ရတနာ့ကို၊ စပ်စုစွာ ကြည့်ကြသည်။

"အင်းပါ။ ဘာဖြစ်လို့၊ နာမည်ခေါ်တာလဲ။
အနားမှာ၊ ရှိလျက်နဲ့ နာမည်ခေါ်တော့၊ ငါ . . .,
အသံ တမင်ကျယ်မိတာပေါ့။
ပြော . . . ။
ဘာပြောမလို့လဲ"
"ပြောမလို့ မဟုတ်ဘူး။ မေးမလို့"



www.burmeseclassic.com

www.burmeseclassic.com



ကြာဆံကြော်တွေကို၊ ဇွန်းဖြင့် မွှေနှောက်လိုက်ပြီး ...

"နင့်အဖေ အသက် ဘယ်လောက်လဲ"

"လေးဆယ့်ရှစ်နှစ်"

"ဒီနေ့ သူ့မွေးနေ့လား"

"ဟုတ်ပါဘူး"

"သြော်"

"ဘာ ... သြော်တာလဲ"

"နင့်အဖေနာမည်က, ဦးသာဇံနော်"

"အင်း"

"ငါတို့ကို၊ မုန့်ဖိုး ငါးထောင်စီလည်း ပေးတယ်။ ပြီးတော့ ... ကြာဆံကြော်လည်း ကျွေးတယ်"

"အဲဒါ ဘာဖြစ်လဲ"

ကျွန်တော် အိမ်ခန်းဘက်သို့ ကြည့်ပြီးမှ ...

"အသက်ငါးဆယ်ပြည့်၊ မွေးနေ့၊ ကပ်ကျော်လာဘ်ခေါ်၊ ယတြာချေတယ် ထင်လို့"

"ဟုတ်ပါဘူး။ ငါတို့ စာမေးပွဲအောင်လို့၊ မုန့်ဖိုးပေးတာ။ ကြာဆံကြော် ကျွေးတာပါ"





"သာဇံ ...။ အဲ ... ဦးသာဇံ ... ဆိုတော့၊ သူ့နာမည်နဲ့ ခပ်ဆင်ဆင်တူတဲ့၊ ကြာဆံကို၊ ကြော်ကျွေး။ အသက်ငါးဆယ် ... ဆိုရင်။ ပိုပြီး ... အသက်ရှည်အောင် ငါးထောင် လှူဒါန်း။

အဲဒီလို ... ယတြာ၊ ချေတယ် ထင်တာ"

"မဟုတ်ပါဘူး" ... ဟု၊ ရတနာ ပြော၏။

ကျွန်တော်က၊ ကြာဆံကြော် တစ်ဇွန်းခပ်စားပြီး ...

"ငါတို့, လူမှန်းသိတတ်စ,ကတည်းက၊ ခပ်ကြောင်ကြောင် လူကြီး ... သူမ,တွေ၊ အဲဒီလိုပဲ လုပ်ကြတာ မြင်နေ တွေ့နေတာပဲ။

ကြာကြာစံရအောင်၊ ကြာဆံကျွေးတာတို့။ အသက်ရှည်အောင်လို့, အသက်စေ့ ... ငါးလွှတ်တာတို့၊ အသက်စေ့ ငွေလှူတာတို့၊

လုပ်နေကြတာ အများကြီးပဲ။ လက်လုပ်လက်စား ဆင်းရဲသားတွေက အသိဉာဏ်နည်းလို့၊ လုပ်နေကြတာ ကိစ္စမရှိဘူး ... တဲ့။ လက်မလှုပ်ဘဲ စားနေကြရတဲ့၊ လူတန်းစားတွေက၊ ဆင်းရဲမှာကြောက်၊ သေမှာကြောက်၊ ရာထူးပြုတ်မှာ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ... အဲဒါမျိုးတွေ လုပ်နေတာ၊ သိပ်, သနားဖို့ကောင်းတာပဲ ... တဲ့''

''ဘယ်သူ ပြောတာလဲ'' ... ဟု၊ ဓားက, ဝင်မေး၏။

''ငါ့အစ်ကို ပြောတာ''

''မင်းက၊ တော်တော် စကားများတယ် သက်နှင်း။ အလကားရတယ် ... ယူလိုက်။ အလကားကျွေးတယ် ... စားလိုက်။ ပြီးရော။

ဟိုမေး ... ဒီမေး သိပ်လုပ်တယ်။ တော်ကြာ ရတနာက , သူ့အဖေ စေတနာကို၊ စော်ကားတယ်ဆိုပြီး၊ ထ,အော်လိုက်ရင်၊ စားလက်စ, ကြာဆံကြော်လေးတောင်၊ ကုန်အောင်မစားရဘဲနေမယ်''

''မအော်ပါဘူး'' ... ဟု၊ ရတနာ ပြော၏။

ဓားက ...

''ဒါနဲ့ ... နင့်အဖေနာမည်က၊ ဘာဖြစ်လို့၊ သာဖံ ဖြစ်ရတာလဲဟင်''

''သိဘူးလေ''

ကျွန်တော်က ...

''မင်း ... တောတွင်းသားလေး တာဖံ ကြား





ဖူးတယ် မဟုတ်လား''

''အင်း''

''အဲဒီ့ တာဖံနဲ့ မြန်မာကာတွန်း ကြာဖံဆိုတဲ့၊ ဇာတ်ကောင်နဲ့ ညှားပြီး ...၊ သူ့အဖေကို မွေးတာ။ အဲ့ဒါကြောင့် ...,

သူ့အဖေနာမည် ... သာဖံ ဖြစ်သွားတာ''

ဓားက, ချွန်တွန်း အမူအရာအပြည့်ဖြင့်၊ မျက်လုံးဝိုင်းကာ

''ဟာ ... ဟုတ်လား''

ရတနာ ကျွန်တော့်ကို၊ မျက်လုံးထောင့်ကပ်လျက် ကြည့်၏။ မင်းမြတ်စံက,လည်း အဆင်းဘီးတပ်သည်။

''ဟင် ... ဒါဆို။ နင့်အဖေက၊ တောတွင်းသား မျိုးရိုးပေါ့''

ရတနာက၊ ဓားနှင့်မင်းမြတ်စံတို့၏ တို့မီး, ရှို့မီး အရိုန်ကို၊ ကျွန်တော့်ဘက်သို့၊ အပြည့်အဝ မြားဦးလှည့်လေတော့၏။

ပြီးနောက် ... စားလက်စ, ကြာဆံဖတ်များကို၊ ပါးစပ်တွင် ဒီအတိုင်း တိုးလိုးတန်းလန်းထားကာ၊ ကျွန်တော့်ကို ကြည့်၏။

ကျွန်တော်က ..., ရတနာ အော်လိုက်မည်ကို၊ ကြောက်ရွံ့စွာဖြင့်၊ ကမန်းကတန်း ဖြေရှင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ... ငါထင်တာလေးကို၊ သဘော ပြောတာနော်။

ဒီကောင်တွေလို၊ နင့်အဖေက၊ တောတွင်း သား မျိုးရိုး ... လို့၊ တရားဝင် မပြောဘူး"

"ငါ ... အော်လိုက်မှာနော်"

ရတနာက၊ ပါးစပ်ရှိ တန်းလန်း ကြာဆံများကို၊ အမြန် မျိုချပြီး၊ အရှိန်ယူဟန်ပြု၏။

"ဘာ အော်မှာလဲ"

"ငါ့အဖေကို၊ ငါ ... အော်ခေါ်မှာပေါ့"

"ဟာ ... အဲလို၊ မလုပ်နဲ့လေ။ ငါက ... ငါ .. ထင်တာလေး၊ ငါ ... ပြောတာ"

ရတနာက၊ ဆီပေနေသော နှုတ်ခမ်းကို ဆီလူးနေသည့် သွားများဖြင့်၊ အံကြိတ်ဖိကိုက်၏။ ကျွန်တော်က ... ပို၍ စိတ်ဆိုဟန် ပြုကာ၊ သူ့ကို ကြည့်နေလိုက်သည်။

"နင် ... ဘာဖြစ်လို့၊ ငါ့အဖေကို၊ တာဖံနဲ့ ကြာဖံနဲ့ ညားပြီး မွေးတယ် ... လို့ ပြောလဲ"

"အင်းလေ။ အဲဒါ ... ငါ ထင်တာလေး ငါ .. ပြောတာ။ ဒီကောင်တွေက၊ ပြောတာ၊ ပိုဆိုးတယ်



သန္ဓာတိုင်ရတုကို သံပြိုင်သီဆိုနဲ့ပါလျက် ...

လေ ...။ တောတွင်းသား မျိုးရိုးလို့ ပြောတာ။ အဲဒါ ... ပိုဆိုးတာ။

နင် ... စိတ်ဆိုးရင် ... အဲ့ဒါကိုပဲ။ တော တွင်းသားမျိုးရိုးဆိုတာကြီးကိုပဲ၊ စိတ်ဆိုးပေါ့။ ငါ့ကို၊ မဆိုးနဲ့"

"ဆိုးတယ် ...။ နင် ... ပြောလို့၊ သူတို့၊ လိုက်ပြောတာ"

"ငါက ...၊ နည်းနည်းပဲ ပြောတာ။ ငါ ... အမျိုးစပ်ပြ တုန်းက တောတွင်းသားဆိုတာကြီး ထွက်မလာသေးဘူး။ သူတို့စပ်မှ၊ ထွက်လာတာ" ... ဟု၊ ကျွန်တော် ပြောသည်။ ရတနာ ကျေနပ်ဟန် မပြသေး။

"ဖေဖေက၊ တောတွင်းသားမျိုးရိုးဆိုတော့။ ဖေဖေ့ကို ယူတဲ့ မေမေနဲ့ ...၊ ဖေဖေ့သမီး ... ငါ။ ဘာဖြစ်သွားပြီလဲဟဲ့"

ကျွန်တော် စဉ်းစားပြီးမှ သေသေချာချာ ပြောမိသည်။

"မျောက်ဖြစ်သွားတာပေါ့"

ရတနာ ဝုန်းခနဲ ထ,ရပ်သည်။

"ဖေဖေ့ ..."



www.burmeseclassic.com

www.burmeseclassic.com



မျက်စိ စုံမှိတ်၍၊ အော်လေ၏။ ကျွန်တော်တွင်မက၊ ဓားနှင့် မင်းမြတ်စံတို့နှစ်ယောက်ပါ၊ ထိုင်ရမလို၊ ထ,ရမလို ဖြစ်သွားကြလေပြီ။

"ဟဲ့ ... သမီး"

ရတနာ့မိခင်၏ ခေါ်သံ။

"ဘာဖြစ်လို့ အော်ခေါ်တာလဲ"

ရတနာ့ဖခင်၏ အမေး။

ကျွန်တော့် ပန်းကန်ထဲရှိ ကြာဆံကြော်များမှာ၊ ဖွန်း၏အမွှေအနှောက် ပြင်းအားကြောင့်၊ အိန္ဒိယ အစားအစာ စမိုင်ဖတ်များကဲ့သို့၊ ကြေမွနေလေပြီ။ ဦးခေါင်းကို မမော့ရဲတော့ဘဲ၊ တွေ့သမျှအဖတ်အမျှင်များကို၊ ရောမွှေနေမိလေတော့၏။

"သူတို့က၊ ဖေဖေ့ကို"

မည်သူ့ကို၊ လက်ညှိုးထိုးပြနေသည် ... ဟု၊ ကျွန်တော် မသိတော့။

"ကြာဖံ ... တဲ့"

"ဘာလဲ ... သမီးရဲ့။ ကြာဖံ"

"ကြာဆံချည်းပဲ၊ စားရတာ မကောင်းဘူး ... တဲ့။ ခေါက်ဆွဲပါ စားချင်တယ် ... တဲ့။ အဲ့ဒါနဲ့



သရွာတိုင်ရတုကို သံပြိုင်သီဆိုနဲ့ပါလျက် ...

... သမီး အော်လိုက်တာ"

"ဪ ... သမီးရယ်၊ သူငယ်ချင်းတွေက နောက်တာနေမှာပါ။ မအော်ပါနဲ့"

ကျွန်တော့် ကြာဆံကြော်ပန်းကန်ထဲတွင်၊ ယခုမှ မုန်တိုင်းရပ်သွား၏။ ရတနာ့ မျက်နှာကို၊ သေသေချာချာ မကြည့်ရဲ။ စိတ်ထဲမှာ ... ထိတ်လန့်စွာ၊ ရယ်မောနေချင်၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၅)

နဝမတန်း တက်ရောက်ရသောအခါ၊ ကျွန်တော်နှင့်အတန်း မတူတော့သဖြင့်၊ ရတနာ ငိုလေသည်။

“ဘာဖြစ်လို့ ငိုတာလဲ”

“နှင်နဲ့မှ အခန်းမတူတော့တာ”

“ဪ။ နှင်က, စာပိုတော်လို့, အေတန်း ရောက်တယ်။ ငါတို့က, သိပ်မတော်လို့, ဘီခန်း ရောက်တယ်။

ဂုဏ်ယူရမယ့်ဟာ။ မငိုပါနဲ့”

“ဂုဏ်ယူတယ်ဆိုတာ၊ ဘာကို ပြောတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဖြေတတ်။ ရတနာက၊ မျက်ရည်ကို၊ လက်ခုံလေးဖြင့်၊ သုတ်ပြီး . . .

"ဂုဏ်ယူစရာ ကောင်းပြီး၊ ပျော်စရာ မကောင်းဘူး။

ငါ . . . မပျော်ဘူး သက်နှင်း။ နင်, အတန်းထဲမှာရှိတော့၊ ငါ . . . အားရှိတာပေါ့"

"အေခန်းနဲ့ဘီခန်း၊ ကပ်လျက်ပါ ရတနာရယ်။

ပြီးတော့ . . ., ကျောင်းသွား ကျောင်းပြန်၊ အတူတူပဲလေ"

"တစ်ခန်းတည်းမှာ၊ အတူတူ မနေရလို့ပါဆို"

"နင့်ကျောဘက်အခန်းမှာ၊ ငါ . . . ရှိနေတယ်။ သက်နှင်း ရှိနေတယ် . . . လို့, တွေးပါ ရတနာရယ်။ နော်"

မျက်ရည်တွေ ဝေ့ဝဲလာပြန်၏။

"တစ်ယောက်နဲ့တစ်ယောက်၊ အတူတူဆိုတာ၊ အမြဲတမ်း မဖြစ်နိုင်ဘူး . . . တဲ့။ ငါ့အစ်ကို





ပြောဖူးတယ်"

"သူက . . . ဘာဖြစ်လို့ ပြောတာလဲ"

"အင်း"

ဘာကြောင့်၊ ပြောမှန်း ကျွန်တော် မသိခဲ့။

ထို့ကြောင့်၊ ခန့်မှန်းလျက်သာ၊ ပြောပြလိုက်သည်။

"အစ်ကို ကိုသက္ကက၊ ရည်းစားတွေ ထားဖူးတယ်လေ။ ခဏခဏ, အဆက်ပြတ်ပြတ်သွားလို့၊ သူ့, အတွေ့အကြုံကို ပြောတာနေမှာပေါ့"

"သူက . . . ရည်းစားပဲထားဖူးတာပဲ။ သူငယ်ချင်းမှ မရှိဘူးတာ။

သူပြောသလို၊ မဖြစ်နိုင်ဘူး။ သူငယ်ချင်းဆိုတာ၊ အမြဲတမ်း အတူတူပဲ"

"အင်းပါ၊ ရတနာရယ်။ စာသင်ခန်းချင်း မတူတာက,လွဲရင်၊ ကျန်တဲ့အချိန်တွေ၊ အတူတူပါပဲ။ နော် . . . မငိုပါနဲ့တော့။ တိတ် . . . တိတ်"

မျက်ရည်သုတ်ပေးချင်သည်။

ဒါပေမဲ့ . . . မသုတ်ပေးတတ်။

"ငါ . . . ၊ နင့်,နာမည်နဲ့ ကဗျာ ရေးပေးမယ်



www.burmeseclassic.com

www.burmeseclassic.com



လေ။ မငိုနဲ့တော့နော်''

''အခု . . . ရေးပေး''

''ချက်ချင်းကြီးတော့၊ ငါ . . . မရေးတတ်ဘူး လေ။ ညကျမှ၊ စာကျက်ရင်း . . . တွေးပြီးရေးရမှာ။

မနက်ကျရင် . . . ပေးမယ်လေ။ ဒိုင်ယာရီ စာအုပ် လှလှလေး တစ်အုပ် ငါ . . . ဝယ်ပေးမယ်။ အဲဒီ့ စာအုပ်လေးထဲမှာ ရေးပေးမယ်။ နော်''

တကယ့် ကလေးငယ်လေးကဲ့သို့၊ ခေါင်းညိတ်၏။ ကျွန် တော်က၊ တကယ့်လူကြီးကဲ့သို့၊ ချော့မော့နေရသူ။ အချော့တော်။

❀





ရတနာ

မြတ်နိုး
နှစ်သက်၊
နှင်းအပ်စရာ
ရတနာ။
အသက်အပ်နှင်း
သူငယ်ချင်း . . . ၊
စုံမက်စေရာ
ရတနာ။
ညမှာ . . . လ,မင်း
ထွန်းလင်းပမာ . . .
ကြည်သာတောက်ပ,
လှပ, ဝေဆာ
ရတနာ . . . ။ ။

ဒိုင်ယာရီစာအုပ်လေး၏ ပထမဆုံး စာမျက်နှာပေါ်တွင်၊ ရတနာ့အတွက်၊ ကဗျာလေးကို၊ လက်ရေးလှလှဖြင့်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရေးသည်။ ပြီးနောက် ... ကဗျာအောက်တွင်၊ "ရတနာ့အတွက်၊ သက်နှင်း" ... ဟု၊ ကျွန်တော် ရေးထိုး၏။

"နင်က၊ ငါ့အတွက်၊ အသက်ပေးရလောက်
အောင်၊ ခင်မှာပေါ့။ ဟုတ်လား"

ရတနာက၊ ကဗျာလေးကို ဖတ်ပြီး၊ မေး၏။ ကျွန်တော့် လူကြီးတစ်ယောက်ကဲ့သို့၊ ဖြေတတ် ပြောတတ်ချင်သည်။

"ဟုတ်လား ... လို့"

"အင်းပေါ့။ သူငယ်ချင်းဆိုတာ အသက်ပေး
ပြီး၊ ခင်မှ ... တကယ့်သူငယ်ချင်း"

"သွေးသောက် သူငယ်ချင်းပေါ့" ... ဟု၊ ရတနာ ပြော၏။

"သွေးသောက်ရင်၊ တစ်ယောက်နဲ့တစ်
ယောက် ရောဂါကူးတတ်တယ်ဟ"

"အသက်တောင် ပေးထားတာပဲ။ ရောဂါကူး
တာ ဘာဖြစ်လဲ"

"နင် ..., တရုတ်ကားတွေ ကြည့်ပြီး၊ ပြော
တာ မဟုတ်လား ရတနာ"

ရတနာက၊ ရယ်လျက်၊ ခေါင်းညိတ်၏။

"ဟိုးတုန်းက၊ သွေးသောက်ကြတာ၊ ကူးစက်





ရောဂါတွေ၊ သိပ်မရှိသေးလို့ သောက်ကြတာ။ အခု ... မသောက်ကြတော့ပါဘူး။

သွေးလှူရင်တောင်၊ သေသေချာချာ စစ်ဆေးပြီးမှ၊ လှူကြ ... သွင်းကြရတာ။ တရုတ်ကားတွေ၊ မကြည့်စမ်းပါနဲ့။ အဓိပ္ပာယ် မရှိဘူး"

"ဘာလို့ မရှိရမှာလဲ"

"သေသေချာချာတော့၊ ငါ ... မပြောတတ်ဘူး။ သိုင်းကားတွေမှာဆိုရင်၊ ဘယ်လောက်ဒဏ်ရာပြင်းပြင်း၊ မသေချင်တော့ ...၊ ကျောကုန်းကို လက်ဝါးနဲ့ အတွင်းအားသုံးပြီး၊ ကုလိုက်တာ ကောင်းသွားရော။

ဟော ...။ သေချင်ရင် ... လျှာကို ကိုယ့်ဘာသာ ဖိကိုက်လိုက်တာနဲ့ သေသွားရော"

"ဒါက,တော့၊ ဇာတ်လမ်းအရပေါ့ဟယ်"

"တစ်ယောက်ယောက်ကို၊ မကျေနပ်ရင်၊ အငြိုးထားရင်၊ ချက်ချင်း လက်စားချေတယ်။ ဒီဘဝ ... မကူးခင်၊ လက်စားချေဖို့, မှာကြတယ်။

ကျေးဇူးဆပ်စရာကြုံတော့၊ နောက်ဘဝမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးဆပ်တော့မယ် ••• တဲ့။

အဲဒီဇာတ်လမ်းတွေကြည့်ပြီး၊ ရပ်ကွက်ထဲမှာ တောင်၊ အာဝါးတွေ, ရှဲရှဲတွေ ရောက်ကုန်ပြီ။

ငါ့အစ်ကိုက, ပြောတယ်။ မြန်မာဝေါဟာရ မွှေးမွှေးပေးတာ ••• တို့။ ကျေးဇူးတင်ပါတယ် ••• တို့ကို၊ အာဝါး ••• တို့, ရှဲရှဲတို့က၊ နေရာယူလိုက်ပြီ တဲ့''

''နေရာယူတော့ ဘာဖြစ်လဲဟင်''

''သူများက၊ နေရာလာယူတော့၊ ကိုယ့်နေရာ ပျောက်တာ ပေါ့ဟ'' ••• ဟု၊ ကျွန်တော်က၊ လူကြီးလေသံဖြင့်၊ ပြောလိုက်သည်။

''ကိုယ့်နေရာကို၊ သတ်သတ်မှတ်မှတ် ခိုင်
ခိုင်မာမာထားရင်၊ မပျောက်ပါဘူး''

ကျွန်တော် ••• ရတနာ့ကို၊ စကားနိုင် မလုတတ်တော့ပြီ။ သူက ••• သူပြောချင်ရာ ပြော၏။ ကျွန်တော်က, သူ့ထက် ပိုတတ်သည့် လေသံဖြင့်၊ ပြောချင်၏။

အမှန်တကယ်က၊ သူရော, ကျွန်တော်ရော ••• ကြားဖူးနား၀,တွေကို၊ တစ်လှည့်စီ ပြောနေကြခြင်း၊ ဖြစ်၏။

ဘာပဲဖြစ်ဖြစ်၊ ရတနာ့ထက် ပိုတတ် ပိုသိဟန်ဖြင့်၊ မည်သို့





င် ပြောမိစေ၊ သူ ••• မျက်နှာငယ်ပြီဆိုတာနဲ့၊ သူ့ကို၊ ကျွန်တော် အလျှော့ပေးနေကျ။ သူ ••• မျက်နှာညိုပြီ ဆိုတာနဲ့၊ ကျွန်တော် ••• အလိုလိုက်နေကျ။ ဒါကို ••• ရတနာ သိပေမည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၆)

တက္ကသိုလ်ဝင်တန်းရောက်တော့၊ ရတနာနှင့်ကျွန်တော် စာသင်ခန်း ပိုဝေးသွားရ၏။ ရတနာက ...(အေ) ခန်း။ ကျွန်တော်ဘို့က၊ (ဒီ) ခန်း။

စာသင်ခန်း ဝေးသွားရသည့်အတွက်၊ ရတနာ ဘာမျှမဖြစ်တော့ချေ။ ကျောင်းစာသင်ချိန်မှ အပ, ကျူရှင်အတူတူ တက်ကြသည်။ နှစ်ပတ်တစ်ခါလောက် စာ,အတူတူ ကျက်ဖြစ်ကြသည်။

"ငါတို့လည်း၊ လာကျက်မယ်"

ဟုဆိုကာ ...၊ ရတနာ မခေါ်မှန်းသိလျက်၊ တမင် တောင်းဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"မလာနဲ့။ မေမေက ... သက်နှင်းနဲ့ပဲ၊ ငါ့ကို ခင်ခိုင်းထားတာ။ သူစိမ်းယောကျ်ားလေးတွေနဲ့ အရမ်းမရောရဘူး ... တဲ့"

"ငါတို့က၊ သူစိမ်းပေါ့။ ဟုတ်လား ... ရတနာ"

"ဟုတ်တယ်"

"သက်နှင်းကျတော့ရော"

"သက်နှင်းက၊ ငါ့ထက်၊ နှစ်လ,လောက် အသက်ကြီးတယ်။ ငါ့အစ်ကို။ အစ်ကို သူငယ်ချင်းပေါ့"

"ငါတို့က,တော့၊ နယ်က, ပြောင်းလာတဲ့ ကောင်မ,လေးဆိုပြီး၊ သနားလို့ ... ပိုင်းခင်ခဲ့ကြတာ။

နင်က ... ခွဲခြား ခွဲခြားနဲ့။ ရတယ် ရတနာ။

နင်တောင် သူစိမ်းဆန်တာ။ ငါက,လည်း၊ သူစိမ်းဆံလိုက်ရုံပဲ"

"ဆံပေါ့"

မားက ...,

"တက္ကသိုလ်တက်ပြီးလို့ ငါ ... ဗီဒီယို ဒါရိုက်





တာလုပ်ရင် ... ငါ နင့်ကို၊ မင်းသမီး တင်ပေးမလို့။

ဒါပေမဲ့ ...၊ အခု ... လုံးဝ, တင်မပေးတော့ဘူး ... လို့၊ ဆုံးဖြတ်လိုက်ပြီ။ ဒါပဲ"

ရတနာက ...

"အမယ်။ ငါက ... မင်းသမီးလုပ်မယ် ... လို့၊ ဘယ်တုန်းက၊ ပြောဖူးလို့လဲ။ မလုပ်ဘူး"

"မလုပ်လည်း နေပေါ့။ ငါ့ဘာသာ ... အမေရိကန်သမ္မတ ဂျော့(ချ)ဘုသ်ကို၊ မင်းသားတင်ပြီး၊ စစ်ကားရိုက်မယ်"

"နင် ကိုယ်တိုင်၊ မင်းသားလုပ်ပြီး ရိုက်လည်း၊ ရပါတယ်"

မင်းမြတ်စံက ...

"ဒီကောင်က၊ ရုပ်မှ မချောတာ၊ ဘယ်လို လုပ် ... မင်းသားဖြစ်မှာလဲ"

"သူနဲ့ လိုက်ဖက်တဲ့၊ ဇာတ်ကောင် ... ဇာတ်လမ်း ရှာပြီး ရိုက်ပေါ့"

"မရှိနိုင်ဘူး" ... ဟု၊ ကျွန်တော် ဝင်ပြောသည်။

ရတနာက ...



www.burmeseclassic.com

www.burmeseclassic.com



"သရဲကား ရိုက်။ ဘာဖြစ်လို့ မဖြစ်ရမှာလဲ။

မား . . . ဆိုတဲ့ နာမည်နဲ့ မရိုက်နဲ့။ ဖြိုဆိုတဲ့

နာမည်နဲ့ . . . ရိုက်။

သူ့ရုပ် တွေ့သွားတာနဲ့ တကယ့် သရဲ တစ္ဆေ

တွေတောင်၊ လန့်ဖျပ်ပြီး၊ သရဲတစ္ဆေဘဝက,နေ

ကျွတ်လွတ်သွားနိုင်တယ်"

မားက၊ ရတနာ့ကို သရဲဟန်ပြု၍ မကျေမနပ်ကြည့်၏။ ရတနာ ရယ်မောသည်။ ပြီးနောက် . . .

"ကိုယ့်ကြောင့် . . . သရဲတစ္ဆေတွေ၊ ကျွတ်

လွတ်သွားတော့၊ နင် . . . ကုသိုလ်ရတာပေါ့"

"ရတနာ"

"ဘာလဲ"

"ငါ သေလို့ သရဲဖြစ်ရင်၊ နင့်ကို၊ အရင်ဆုံး၊

ကုပ်ချိုးမယ်။ နင် . . . သတိသာထား"

မားက၊ ကြောက်မက်ဖွယ် မျက်နှာဟန်ဖြင့် ပြော၏။ ရတနာ၊ ကျွန်တော့် အနားသို့ တိုးကပ်သည်။

"သက်နှင်း။ လုပ်ဦး"

ကျွန်တော် ရယ်နေမိ၏။





"နင် . . . ရယ်မနေနဲ့။ သူက, တကယ့် သရဲ

ရုပ်။ ကြောက်ဖို့ ကောင်းတယ်။

မသေခင်ကတည်းက,ကို၊ တကယ့် သရဲနဲ့

တူနေတာ"

မားက၊ မျက်လုံး သူငယ်အိမ်ကို စောင်းအောင်လုပ်ပြီး၊ ရတနာ့ဆီသို့၊ တိုးကပ်၏။

"ဟဲ့ . . .၊ သေနာ"

စာအုပ်ဖြင့် လှမ်းရိုက်ရင်း . . .

"သက်နှင်း၊ လုပ်ဦး။ ဒီကောင့်ကို ဆောင့်

ကန်လိုက်"

ကျွန်တော် . . . မားကို ကန်ဟန်ပြုရသည်။

မားက . . .

"ဩော် . . .။ မင်းက . . . သူများ ရှူးတိုက်

တိုင်း၊ ကိုက်တယ်ပေါ့"

"ဟဲ့။ သက်နှင်း။ အဲ့ဒါ . . . နင့်ကို၊ ခွေး

. . . လို့ ပြောတာ။

ကိုက်ပစ်လိုက် . . . ကိုက်ပစ်လိုက်"

ရတနာ စကားများသဖြင့်၊ အားလုံးရယ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ကန့်ပစ်လိုက် ... လို့ ပြောတာ"

သူ့စကားအများကို၊ သူ့ဘာသာ ပြန်တွေးပြီး၊ ရတနာ ရယ်လို့ မဆုံး။

❀ ❀ ❀



(၇)

စာမေးပွဲ နီးနေပြီ။ စာမေးပွဲ နီးသည့်ကာလ, ... ဟု၊ ဆိုနိုင်သော အခါမျိုးမှာ၊ ရန်ဖြစ်ကြသည့်အတွက်၊ ကျောင်းအုပ်ဆရာကြီးက၊ ပို၍ ဆူပြောသည်။

ကျွန်တော်တို့ သုံးယောက်ရော ...၊ တစ်ဖက်က, လေးယောက်ရော, ကျောင်းထုတ်ခံရတော့မည် ... ဟု တီးတိုးပြော၏။

"ဒီကောင်တွေ၊ ပြောလိုက်ရင်၊ ဘယ်လို လုပ်မလဲ"

ခားက, တီးတိုး ပြန်မေး၏။

ကျွန်တော်က ...,



www.burmeseclassic.com

www.burmeseclassic.com



"မပြောလောက်ပါဘူး။ ရတနာ့ကို ရည်းစား စာပေးလို့ ငါတို့နဲ့ ချကြတာပဲ။ အမှန်အတိုင်း ပြော တာနဲ့ သူတို့ အပြစ်ပေါ်ပြီလေ။ ဒီကောင်တွေ ... ပြောချင်တာ ပြောပေ့စေ။ ရတနာ့ နာမည် မပါရင် ပြီးရော"

မင်းမြတ်စံက ...

"မင်းက အရင်တိုက်ခိုက်တယ်လို့ ဒီကောင် တွေ ပြောတယ်"

"ပြောပလေ့စေ။ ရတနာ့ နာမည် မပါရင် တော်ပြီ။ ငါ ဖြစ်ချင်တာ ဖြစ်"

"အမှန်အတိုင်း ပြောလိုက်လည်း ရတနာ မထိခိုက်ပါဘူး ကွာ" ... ဟု မင်းမြတ်စံ ပြော၏။ တစ်ဖက်လူတွေကို မေးမြန်း နေရာမှ ကျောင်းအုပ်ဆရာကြီးက ကျွန်တော်တို့ဆီသို့ လာ၏။

"မင်းတို့က ရန်စ တိုက်ခိုက်တာဆို။ ဟုတ် လား"

ကျွန်တော် မဆိုင်းမတွ ခေါင်းညိတ်လိုက်၏။

"ဘာ ရန်စရှိလို့လဲ"

"ရန်စရယ်လို့ မရှိပါဘူး ဆရာကြီး။ တမင်





အမြင်ကတ်လို့ ပြေးထိုးလိုက်တာပါ"

"ဟာ။ မင်း ... ကျောင်းသား မဟုတ်ဘူး လား။ ဒီလို ... ရမ်းကားလို့ရသလား"

"ကျွန်တော် မှားသွားပါတယ် ဆရာကြီး။ ကျွန်တော့်ကို ထိုက်တန်တဲ့ အပြစ်ပေးပါ။

ဒါပေမဲ့ ... ဒီက ကျွန်တော့် သူငယ်ချင်း နှစ်ယောက်က ကျွန်တော့်ကို ဝင်ဖျန်ဖြေတာပါ။ အပြစ်အပေးခံရတဲ့အထဲမှာ သူတို့တော့ မပါစေချင် ဘူး"

ကျောင်းအုပ်ဆရာကြီးက ကျွန်တော့်ကိုရော မင်းမြတ်စံ နှင့် မားတို့ကိုပါ မျက်ခုံးထူထူကြီးကို တွန့်လျက် ကြည့်၏။ အတန်း ပိုင်ဆရာမ ဒေါ်အေးအေးသန်း၏မျက်နှာမှာ ပြားစေ့လောက်သာ ရှိတော့သည်။

"ကျောင်းသားအချင်းချင်း ရန်ဖြစ်ရင် သတ်မှတ်ထားတဲ့ စည်းကမ်းကတော့ ကျောင်း ထုတ်ခံရမှာပဲ။ အဲဒါကို ... မင်း သိတယ် မဟုတ် လား"

"ဟုတ်ကဲ့။ သိပါတယ် ဆရာကြီး။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တစ်ယောက်တည်းကိုပဲ, ထုတ်ပါ''

''မင်းက . . . , မင်းသူငယ်ချင်းနှစ်ယောက်ကို၊ အကာအကွယ်ပေးနေတာပဲ။

ထားပါ။ ဒီ . . . ကောင်တွေကို၊ မင်းက၊ အမြင်ကတ်လို့, ပြေးထိုးပါတယ်ဆိုတာ၊ သိပ်, မနိုင်လုံးဘူးကွ။

ဘာကြောင့် အမြင်ကတ်တယ် . . . ဆိုတဲ့ အကြောင်းပြချက် လိုသေးတယ်။ အဲဒါ . . . ဘာလဲ၊ အမှန်အတိုင်း ပြော''

''ဒီကောင်တွေ . . . ၊ ကိုးဆယ်ဒီဂရီ မပြည့်လို့ပါ ဆရာကြီး'' . . . ဟု၊ ကျွန်တော် . . . , လွတ်ခနဲ ပြောမိသည်။

''ဘာလဲကွ၊ ကိုးဆယ်ဒီဂရီ မပြည့်လို့, ဆိုတာ''

''ထောင့်မကျိုးတာကို၊ ပြောတာပါ ဆရာကြီး''

''ဘာကြောင့် ရန်ဖြစ်ဖြစ်၊ ကျောင်းက, ထွက် . . . ဆိုတာမျိုးနဲ့၊ သားသမီးချင်း မစာမနာ၊ ငါ . . . အရေးမယူချင်ဘူး။





အကြောင်းပြချက်ကို၊ အမှန်အတိုင်း ပြော ငါ, သက်သက်ညှာညှာ၊ အရေးယူမယ်''

''ကျွန်တော် ပြောပြသမျှဟာ၊ အကြောင်းပြချက်ပါပဲ ဆရာကြီး''

ထိုစဉ် . . . ကျောင်းအုပ်ဆရာကြီး ရုံးခန်းအဝ,သို့ ရတနာသည်၊ အဖော် ကောင်မ,လေး နှစ်ယောက်နှင့် ရောက်လာ၏။

အတန်းပိုင်ဆရာမ, ဒေါ်အေးအေးသန်းဆီသို့၊ လက်ညှိုးတစ်ချောင်းထောင်ကာ၊ ဝင်ခွင့်တောင်း၏။ ပြီးနောက်, ဆရာမ,ကို၊ တိုးတိုးစကားဆိုနေလေသည်။

ထို့နောက်၊ ကျောင်းအုပ်ဆရာကြီး၏ရှေ့၊ ကျွန်တော်တို့၏ဘေးသို့၊ ဆရာမနှင့်အတူ ရတနာ ရောက်လာ၏။

''ဆရာကြီး၊ ဒီသမီးက အေတန်းက,ပါ၊ သူတို့၊ ကိစ္စကို၊ ပြောစရာရှိလို့ပါ . . . တဲ့''

ရတနာက၊ ကျောင်းအုပ်ဆရာကြီး၏ရှေ့,တွင်၊ လက်ပိုက်လျက်နေ၏။

''ဪ . . . အေး။ ပြော''

''သမီးနာမည် ရတနာပါ ဆရာကြီး။ ဒီက . . . သက်နှင်းနဲ့ သူတို့နှစ်ယောက်က၊ သမီး သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေပါ။

ငယ်သူငယ်ချင်းတွေပါ ဆရာကြီး။ ကျောင်းသွားကျောင်းပြန်၊ အတူတူ ပြန်ကြပါတယ်''

''အင်း ...၊ ဆက်ပြော''

''ဟိုဘက်က၊ ဇာနည်စိုး ... ဆိုတဲ့ ကောင်လေးက၊ သမီးကို၊ အတန်းထဲမှာ ရည်းစားစာ လာလာ ပေးပါတယ်။ သမီး ..., လက်မခံပါဘူး။

ဒီနေ့ ... ကျောင်းအလာမှာလည်း၊ အဲဒီအလုပ်ကို၊ လမ်းမှာ လုပ်ပါတယ်။ သူ ... အုပ်စုနဲ့ လာတာပါ။

ဒီက ... သမီးသူငယ်ချင်း သက်နှင်းက၊ မနှောင့်ယှက်ဖို့တားတာ၊ မင်းနဲ့ ဘာဆိုင်လို့လဲ ပြောလို့၊ သက်နှင်းက, လက်သီးနဲ့ ထိုးပါတယ် ဆရာကြီး။

အဲဒါနဲ့ ... အားလုံး၊ လမ်းမ,မှာ၊ ရန်ပွဲဖြစ်သွားကြတာပါ''

''ဩော် ...။ ဒီလိုလား။ သမီးက, ဘာဖြစ်လို့၊ အခုမှ လာပြောတာလဲ''





''သက်နှင်းက၊ အမှန်အတိုင်း မပြောဘူး ... ကြားလို့၊ သမီး ... အဖြစ်မှန်ကို၊ လာပြောပြတာပါ ဆရာကြီး။

သမီး မိဘ,တွေ၊ စိတ်ပူမှာစိုးလို့ သမီးနာမည်ကို၊ မပါအောင် သူ ... အမှန်အတိုင်း၊ မပြောတာပါ ဆရာကြီး။

သမီးက, သူ ... ကျောင်းထုတ်ခံရမှာ စိုးလို့၊ လာပြောတာပါ။

ဇာနည်စိုးတို့ကို၊ ကျောင်းထုတ်။ သက်နှင်းတို့ကို၊ အပြစ်လွှတ်ဆိုတာမျိုး၊ လာပြောတာ မဟုတ်ပါဘူး။

ဘယ်သူ့ကိုမှတော့၊ ကျောင်းမထွက်စေချင်ပါဘူး။ စာမေးပွဲက, နီးနေလို့ပါ''

''အေးအေး။ သမီး ... အခုလို လာ ... ပြောပြတော့၊ အဖြစ်မှန် သိရတာပေါ့''

''တစ်ခုလောက်၊ ဆက်ပြီး တင်ပြပါရစေ ဆရာကြီး''

''အေး ... ပြော''



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းထုတ်တာအပြင်၊ အိမ်က မိဘ၊ တွေကို၊ အကြောင်းကြားပြီး၊ အသိပေးတာမျိုးလည်း၊ မလုပ်စေချင်ပါဘူး ဆရာကြီး"

"အင်း။ ဒါက,တော့၊ ကျောင်းရဲ့, လုပ်ထုံးလုပ်နည်းပဲ။ မိဘ, ဆရာ ပူးပေါင်း၊ ကလေးပညာ ကောင်း ... တဲ့။ ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးတဲ့အပြင်၊ လက်ခံကျင့်သုံးသင့်တဲ့၊ ဆောင်ပုဒ် ... လို့၊ သမီး သိပါတယ် ဆရာကြီး။

ဒါပေမဲ့ ... သမီးရဲ့၊ ကိုယ်ရေးကိုယ်တာ အနေနဲ့၊ လူမှုရေးအရ ... အကူအညီတောင်းတာပါ ဆရာကြီး။

အိမ်က, မိဘတွေ သိသွားကြရင်၊ သမီးရဲ့, မိဘနှစ်ပါး၊ မလိုအပ်ဘဲ စိတ်ပူသွားကြမှာ စိုးရိမ်လို့ ပါ ဆရာကြီး။

ကျောင်းသား ကျောင်းသူတိုင်း ကျောင်းရဲ့, အုပ်ချုပ်မှု တစ်ခုတည်းနဲ့လည်း၊ လုံခြုံပါတယ် ... ဆိုတာမျိုး၊ မိဘတွေ ... လက်ခံစေချင်တာလည်း ပါ,ပါတယ် ဆရာကြီး"





စိတ်ထဲမှ၊ ရတနာ့ကို၊ ကျွန်တော် ချီးကျူးနေမိသည်။

"ဒါဆို၊ ဒီကောင်တွေကို၊ ကျောင်းလည်း မထုတ်ရဘူး၊ အိမ်ကိုလည်း၊ အကြောင်းမကြားစေချင်ဘူး ... လို့, သမီးက၊ လာ ... တောင်းဆိုတာပေါ့။ ဟုတ်လား"

"တောင်းဆိုတာမျိုး မဟုတ်ပါဘူး ဆရာကြီး။ အသနားခံ တင်ပြတာပါ။

သမီးဖေဖေနဲ့မေမေ၊ သိ, ကြားသွားရင်။ သူတို့, စိတ်ပူပန်ပြီး၊ ကျောင်းသွား ကျောင်းပြန်၊ လုံခြုံမှု မရှိဘူး ... လို့၊ ထင်သွားမှာစိုးလို့ပါ။

လိုက်ပို့,တာတွေ ... လိုက်ကြိုတာတွေ ဖြစ်လာပြီး။ မိဘ ပင်ပန်းမှာစိုးလို့ပါ ... ဆရာကြီး။

သမီးလည်း၊ ကိုယ့်ကိုယ်ကိုယ် ထိန်းသိန်းနိုင်သလို၊ ကျောင်းရဲ့, အစောင့်အရှောက် အရှိန်အဝါကြောင့်၊ လုံခြုံပါလျက်နဲ့၊ မထိန်းသိမ်း မစောင့်ရှောက်နိုင်ဘူး ... လို့၊ ထင်မြင်သွားကြမှာကိုလည်း၊ တကယ်စိုးရိမ်တာပါ ဆရာကြီး"

ရတနာက၊ ပြောပြီး ... ခေါင်းငုံ့လက်ပိုက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရတနာသည်၊ အရေးတကြီး ခုံရုံးတစ်ခု၌၊ အရေးတကြီး အမှုတွဲတစ်တွဲ ၏, နစ်နာသူ တရားခံတို့ဘက်မှ၊ ထုချေကာကွယ်ပေးနေသည့် တကယ့် ဥပဒေအကျိုးတော်ဆောင်၊ ရှေ့နေမ,လေး တစ်ဦးကဲ့သို့ တင်ပြနေသည်မှာ၊ လွန်စွာ အံ့သြဖွယ် မြင်ကွင်းဖြစ်၏။

ကျွန်တော် အနားမှာ မရှိလျှင်၊ စိတ်အားငယ်တတ်သူ၊ ဘာ လုပ်လုပ် ဘယ်တော့ဖြစ်ဖြစ်၊ ကျွန်တော့်ကိုသာ၊ အားကိုးလေ့ရှိခဲ့သူ ဖြစ်ပါလျက်၊ ကျွန်တော် မလှူးမလွင့်သာသည့် အခြေအနေတွင် သူက ... လှူးလွင့်လွတ်မြောက်အောင်၊ ဦးဆောင် တင်ပြနေသည်ကို ဘဝ၌ ပထမဆုံး အကြိမ်အဖြစ် မြင်တွေ့ကြားသိလိုက်ရခြင်း၊ ဖြစ်၏

❁

ဇာနည်စိုးတို့အုပ်စုနှင့် ကျွန်တော်တို့အုပ်စုကို၊ တစ်ဦးနှင့် တစ်ဦး သေသေချာချာ၊ အပြန်အလှန် တောင်းပန်စေပြီး၊ ခွင့်လွှတ် ကျေနပ်ပြေငြိမ်းပါကြောင်း၊ လက်စွဲနှုတ်ဆက်စေပြီး၊ ဆရာကြီးက ဝန်ခံကတိ လက်မှတ်ထိုးခိုင်းသည်။

နှမ,သားချင်းကဲ့သို့ သဘောမထားမိဘဲ၊ အနှောင့်အယှက်





ပြုမိသည့်အပေါ်၊ ခွင့်လွှတ်ပါရန်၊ ဇာနည်စိုးက,လည်း၊ ရတနာ့ကို၊ တောင်းပန်စကား၊ ဆင်ခြင်မည့်စကား ဆိုရ၏။

ရတနာ၏ ဝင်ရောက်ကာကွယ် ရပ်တည်လျှောက်လဲပေးခြင်းကြောင့်၊ ကျွန်တော်တို့အားလုံး၊ ပုဆိန်ပေါက်မှုသော ပြဿနာသည်၊ အပ်ဖြင့် ထွင်းရုံဖြင့်၊ ပြီးစီးစေခဲ့၏။

ရတနာဟူသည်ကား ...

မူလ, ရှိရင်းစွဲ တန်ဖိုးထက်မက, အရေးကြုံလျှင်ပင်၊ လိုရာ ပြီးစီးနိုင်သည့်၊ ကျောက်မျက်တစ်ပါး ... ဟု၊ ရတနာ့ကို ငေးကြည့်ပြီး၊ ကျွန်တော့် ရင်ထဲမှ၊ စာဖွဲ့ကြည့်မိသည်။

စိတ်အမော မပြေစွာဖြင့်၊ ရတနာ ကျွန်တော့်ကို၊ ငေးကြည့်နေရှာ၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

(၅)

စာမေးပွဲနီးသည်နှင့် ရတနာ နေမကောင်းဖြစ်ပြန်သည်။ စာမေးပွဲအတွက်ရော၊ ကျန်းမာရေးအတွက်ပါ၊ ကျွန်တော် စိုးရိမ်မိ၏။

"ရတနာ"

အနွေးအင်္ကျီလေး ဝတ်ထားလျက်၊ သင်္ချာတွက်နေသည့် ရတနာကို၊ ငုံ့ကြည့်မိရင်း၊ ကျွန်တော် ခေါ်မိသည်။ ကျွန်တော့်ခေါ်သံကြောင့်၊ ရတနာ သင်္ချာအတွက် ရပ်၏။ မင်းမြွတ်စံနှင့် ခေါ်တို့ကသည်။ ကျွန်တော့်ကို၊ ကြည့်သည်။

"ဘာလဲ သက်နှင်း"

"စိတ်မညစ်နဲ့နော်။ သိလား။ စာမေးပွဲနီး



www.burmeseclassic.com

www.burmeseclassic.com



တိုင်း၊ နေမကောင်းဖြစ်နေကျ၊ ဆိုတဲ့အစွဲကိုလည်း၊ စိတ်ထဲမထားနဲ့''

ရတနာ ခေါင်းညိတ်၏။

''ငါတို့အားလုံး၊ အောင်ရမယ်နော်။ နင်က၊ စာအတော်ဆုံး၊ စိတ်ဓာတ်မကျဖို့ စိတ်မညစ်ဖို့ပဲ ... လိုတာ''

''ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာတော့ အမှန်ပဲဟ။ ရောဂါကြီးကြီးမားမားလည်း၊ မဟုတ်ဘူး။

စာမေးပွဲနီးပြီဆို၊ ဖျားပြီ။ တစ်ခုခုကို၊ သေသေချာချာ လုပ်တော့မယ် ... ဆိုရင်၊ နေမကောင်းဖြစ်ပြီ။

အဲဒါ ... ဘာဖြစ်တာလဲ မသိဘူး။ ငါ ... အဲ့ဒါကို၊ မကျေနပ်ဘူး''

''အဖျက်ဝင်တာ'' ... ဟု၊ မင်းမြတ်စံ ပြော၏။ ဓားက ...

''ဘယ်သူ လာဖျက်တာလဲ''

''အဲ့ဒါတော့ မသိဘူး''

''ငါ ... ကြားဖူးနားဝ, ပြောရမလား''

''ပြော''





''အဲဒါ ...၊ အဲ ...,အဲဒါ .. ငါ, ကြားဖူးတာနော်။ လူကြီး သူမ,တွေ ပြောတာ၊ ကြားဖူးထားတာ''

''ပြောပါဆို'' ... ဟု၊ ရတနာက၊ စိတ်မရှည်ဟန်ဖြင့်၊ ပြော၏။

''နင် ... စိတ်မဆိုးနဲ့နော်''

''ဆိုးဘူး''

''တစ်ခုခု လုပ်တော့မယ်၊ အနှောင့်အယှက်ဝင်တယ် ... ဆိုရင်၊ အဲ့ဒါ ... အ,ကုသိုလ် ... တဲ့''

ရတနာက၊ ဓားကို ကြည့်၏။ ဓားက ...

''ငါ ... ဆက်ပြောရမှာလား''

''ပြော''

''နင့်မှာ ... အ,ကုသိုလ် ရှိနေလို့ပဲ''

''ဘာ''

''စိတ်မဆိုးနဲ့နော်။ ငါ ... ကြားဖူးတာ ပြောရတာ။

နင့်အဖေ ဆရာဝန်။ နင် ... နေထိုင်ရတာ ပြည့်ပြည့်စုံစုံ။ ဒါပေမဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



နင် ... စာမေးပွဲနီးရင်၊ နေမကောင်းဖြစ်ရော။ အဲဒါ ... နင့်ရဲ့ အ,ကုသိုလ်ကြောင့်၊ ဖြစ်တာ။

ခုန ... မင်းမြွတ်စံ ပြောသလို၊ အဖျက်ဝင်တယ်ပဲ ... ထား။ ဘယ်သူလာဖျက်တာလဲ။ ဘယ်နတ်ဆိုး ဖျက်တာလဲ။ တွေး။

ဘယ်နတ်ဆိုးမှ ဖျက်တာမဟုတ်ဘူး .. တဲ့။ ကိုယ် .. ပြုမူခဲ့တဲ့ အ,ကုသိုလ်ကံတွေက, အကြောင်းပြုတာ ... တဲ့။ ငါ့အဘိုး, အဘွား, အဖေ, အမေ ... ပြောတာ။ ငါ ... မှတ်ထားတာ"

"ငါ ... ဘာအ,ကုသိုလ်မှ၊ မလုပ်ဘူး"

ရတနာက၊ စိတ်မဆိုးသော်လည်း၊ စိတ်မကောင်းစွာ ပြောရှာ၏။

"အခု ... မလုပ်ပေမယ့်၊ အတိတ် သံသရာတုန်းက၊ လုပ်ခဲ့တဲ့ အကြွေး။ ကံကြွေး။ ဝဋ်ကြွေး"

ကျွန်တော်က ...

"ဒါဆို၊ လူဖြစ်ရတာ၊ အဲဒီ့ ကံကြွေး, ဝဋ်ကြွေးတွေ ခံဖို့၊ ဖြစ်လာရတာလား။ ဟုတ်လား။ မင်း, သိလား"





"ငါတော့ ဘယ်သိမလဲကွ။ လူကြီးတွေ ... ပြောတာ ဆိုဆုံးမ,တာတွေတော့၊ မှတ်ထားတာပေါ့။

ကံကြွေး, ဝဋ်ကြွေးတွေကို၊ ဒီအတိုင်း ငုတ်တုတ်ထိုင်ပြီး၊ ခံ,ဆပ်နေရတာ မဟုတ်ဘူး ... တဲ့။

ကုသိုလ်အလုပ်၊ ဘာဝနာအလုပ်,လုပ်ရင်း ... ရင်ဆိုင်ရတာ ... တဲ့"

"ဒါဆို ... ကုသိုလ်အလုပ် များများလုပ်ရမှာပေါ့"

"အင်း။ ဟုတ်မှာပေါ့။ ဒုက္ခရောက်မှ ကမန်းကတန်း ထ,လုပ်ရတာ မဟုတ်ဘူး ... တဲ့။

အမြဲတမ်း၊ ကုသိုလ်အလုပ်, လုပ်ကြရတာ ... တဲ့။ အကုသိုလ် ကံကြွေးမကျေတောင်၊ နည်းပါးတယ် ... ပြောတာပဲ"

"ရတနာ"

ကျွန်တော် နွေးထွေးစွာ ခေါ်လိုက်သည်။ ရတနာ ကျွန်တော့်ကို ကြည့်၏။

"ငါ ... နင့်ကို၊ ရွှေတိဂုံဘုရား လိုက်ပို့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်စံက ...

"အေး၊ ကောင်းတယ်။ ငါတို့လည်း၊ လိုက်မယ်"

"ဘာဖြစ်လို့လဲ" ... ဟု၊ ရတနာ မေး၏။

ကျွန်တော်က ...

"ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား၊ ဂေါတမ, မြတ်စွာဘုရားတို့ရဲ့ ဓာတ်တော်မွေတော်တွေ၊ ရွှေတိဂုံ စေတီမှာ၊ ကိန်းဝပ်တယ်လေ။

လေးဆူ ဓာတ်ပုံ၊ ရွှေတိဂုံ ... တဲ့။ ဘုရားလေးဆူရဲ့, အရှိန်အဟုန်တွေ ... ကိန်းဝပ်နေတဲ့ မြင့်မြတ်တဲ့နေရာ ... တဲ့။

အဲဒီ့ကို သွားပြီး၊ ဘုရားလေးဆူကို ရည်စူးကန်တော့ရင်၊ ဒီကောင် ... မား ... ပြောတဲ့၊ အ, ကုသိုလ်ဆိုတာတွေ၊ နည်းပါးသွားမယ် ထင်တယ်။

စာမေးပွဲ မဖြေခင်၊ ဘုရားလေးဆူကို၊ ရည်စူးပြီး ... သွားဖူးရအောင်လေ။ နော် ... ရတနာ"

"မေမေ့ကို နင်ပြောပေး။ ငါ ... ပြောရင်၊





နေမကောင်းလို့, လွှတ်မှာ မဟုတ်ဘူး"

"အင်း။ ပြောပေးမယ်။ ငါ ... သေသေချာချာ၊ ရှင်းပြပြီး၊ ခွင့်တောင်းရင်၊ ဒေါ်ဒေါ် ခွင့်ပြုမှာပါ"

"ငါတို့လည်း၊ လိုက်မှာနော်"

မင်းမြတ်စံ ပြောပြန်၏။ ကျွန်တော်က ... ပြုံးလျက် ...

"ရတနာ ခေါ်ရင်၊ လိုက်ပေါ့"

"မင်းက,ကျတော့၊ ရတနာ့ကို ခေါ်တယ်။ ငါတို့ကျတော့၊ ရတနာခေါ်မှ လိုက်ရမယ်။

မင်းက, မျက်နှာလိုက်တာလား။ ဒါမှ ... မဟုတ်၊ မင်းနဲ့ရတနာနဲ့က, ငါတို့ကို၊ ခွဲခြား ... ခွဲခြား လုပ်တာလား"

ရတနာက ...

"ခွဲခြား ခွဲခြားလုပ်တာ။ အခု ... ငါ့အိမ်မှာ၊ စာလုပ်တာတောင်၊ သက်နှင်းမျက်နှာကြောင့်၊ နင်တို့ နှစ်ယောက်ကို၊ ငါ ... ခေါ်ခွင့်ပြုတာ"

မင်းမြတ်စံက ...

"ကျေးဇူးတင်ပါတယ်။ ငါတို့က၊ အိမ်မရှိ ယာမရှိတွေဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



မားက ...

"ငါတို့က,လည်း၊ နင့်ကို သက်နှင်းမျက်နှာ ကြောင့်၊ အလိုလိုက်နေတာ။

နို့မို့ဆို၊ ကုလားဆိုင်မှာ အချိန်နဲ့သွားရောင်း စားပစ်တယ်"

ရတနာက၊ ကွန်ပါဘူးဖြင့်၊ မားကို ရွယ်၏။ ကျွန်တော် ... ရယ်လျက် ဝင်တားရသည်။

❃ ❃ ❃



(၄)

ရွှေတိဂုံစေတီတော်ကြီးကို၊ ရှိခိုးပူဇော်ပြီးနောက်၊ ကျွန်တော် တို့အားလုံး၊ စဥ့်ကူးခေါင်းလောင်းကြီးအနီးတွင်၊ ဝိုင်းဖွဲ့ထိုင်နေဖြစ် ကြသည်။

"ကျိုက်ထီးရိုးဆံတော်ရှင်၊ မိုလ်တထောင်ဆံတော်ရှင်၊ လေး ဆူဓာတ်ပုံ ရွှေတိဂုံ ... ဆိုတာတွေက၊ အလဟသ ခေါ်ဝေါ်ကြတာ မဟုတ်ဘူး။ ဘုရားရှင်ရဲ့ ... ကိုယ်စား၊ ဓာတ်တော် မွေတော်တွေကို၊ ဌာပနာထားလို့၊ ခေါ်ဝေါ်ကြတာ။ အဲဒီ ဓာတ်တော်မွေတော်တွေကို၊ ဘုရားရှင်ရဲ့ ကိုယ်စား၊ ဘုရားရှင်ကို ရည်စူးပြီး၊ ရှိခိုးပူဇော်ကြရတာ။ တော်တန်ရုံ အ,ကုသိုလ်လောက်က,တော့၊ ဘုရားကို ရည်စူးရှိခိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်၊ နည်းပါးသွားတာပါပဲ" ... ဟု၊ ဓားက, တကယ့်လူကြီးသူမ,တစ်ဦး၏လေသံဖြင့်၊ ပြောပြနေလေသည်။

"ငါတို့ ..., တက္ကသိုလ်ဝင်တန်း အောင်ပြီးရင်၊ ဘာလုပ်ကြမလဲ"

မင်းမြတ်စံက၊ အားလုံးကို မေး၏။

"တက္ကသိုလ်ဝင်တန်း အောင်ပြီးရင်၊ တက္ကသိုလ် တက်မှာပေါ့"

ရတနာက ...၊ ပေါ့ပါးစွာ ဖြေ၏။

"အဲဒါမေးတာ မဟုတ်ဘူး။ ဆရာဝန်ကြီး လုပ်မှာလား။ စစ်ဗိုလ်ကြီး လုပ်မှာလား။ အဲဒါမျိုး မေးတာ"

"အောင်ပဲ အောင်ပါစေဦး" ... ဟု၊ ရတနာ ပြော၏။

ဓားက ...

"ဘာဖြစ်လို့ မအောင်ရမှာလဲ။ ရှိတဲ့စာ အကုန်ကျက်။ သွားဖြေ။ လွယ်လွယ်လေး"

မင်းမြတ်စံက ...

"အဲဒီလောက် လွယ်မှတော့၊ အကုန်အောင်ကုန်မှာပေါ့"





ဓားက ...

"ငါ့အဘိုး ပြောဖူးတယ်"

"ဘာလဲ"

"လူတစ်ယောက် အောင်မြင်ခြင်း မအောင်မြင်ခြင်းဟာ၊ ကုသိုလ်, အ,ကုသိုလ်နဲ့ ဆိုင်တယ် ... တဲ့"

မင်းမြတ်စံက ...

"ဟုတ်လို့လား။ ကုသိုလ်တွေချည်းပဲ၊ လုပ်ပြီး ...၊ စာမကျက်ဘဲ၊ စာမေးပွဲ အောင်ပါ့မလား"

"မင်း, အဲဒီလိုတော့၊ စကားကပ်မပြောနဲ့လေ။ ငါ့စကား မဆုံးသေးဘူး"

"မဆုံးသေးရင် ... ဆက်ပြော"

"ငါ့စကားတော့ မဟုတ်ပါဘူး။ ငါ့အဘိုး စကားပါ။

အဘိုးက, ပြောဖူးတယ်။ လူတစ်ယောက် မွေးကင်းစ,အရွယ်မှာ၊ အ,ကုသိုလ် အနည်းဆုံးပဲ ... တဲ့။

ဆယ်ခါငိုရင်၊ ကိုးခါလောက်တော့၊ နို့ဆို့ရတယ် ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း အရွယ်ရောက်လာတော့မှ၊ စကားတတ်။ ပေါက်ကရလေးတွေပြော။ စိတ်ဆိုးတတ်၊ စိတ်ကောက်တတ်၊ ဒေါသ,ဖြစ်တတ်၊ လိမ်တတ် ညာတတ်၊ ဆဲတတ် ဆိုတတ် လာရင်းက အရွယ်လည်း၊ ရောက်လာရော ... အ,ကုသိုလ်က၊ များလာရော ... တဲ့။

အဲဒီ အ,ကုသိုလ် သိပ်များနေရင်၊ စာ ဘယ်လောက်ကျက်ကျက်၊ မရတတ်တော့ဘူး ... တဲ့။ စာ ဘယ်လောက်သင်သင်၊ သိပ်မမှတ်မိတော့ဘူး ... တဲ့။ စာ ဘယ်လောက်တော်တော် ထွန်းထွန်းပေါက်ပေါက်၊ မဖြစ်တော့ဘူး ... တဲ့။

အဲဒီတော့ ... စာတော့ ကျက်ရမှာပေါ့။ အ,ကုသိုလ် နည်းအောင်၊ ကုသိုလ်အလုပ်တွေလည်း လုပ်ရမှာပေါ့ ... တဲ့။ ရှင်းလား''

ကျွန်တော်က ...

''ဆဲလည်း ဆဲတတ်တယ်။ လောဘ, ဒေါသလည်း ရှိတယ်။ အဲဒီ့လူတွေ အောင်မြင်နေတာကျတော့ရော''





''အင်း။ အဲဒါက ... ဘဝ, ဘဝတွေက၊ ကုသိုလ်အရှိန်အဟုန်တွေက၊ ရှိနေသေးလို့၊ လက်ရှိဘဝမှာ .. အ,ကုသိုလ်လုပ်မိနေတာတောင်၊ အောင်မြင်နေတတ်တာမျိုး ... တဲ့။

အခု ... ပြုမူတဲ့၊ အ,ကုသိုလ်က၊ နောင်တစ်ချိန်၊ အကြောင်းပြရင်၊ သေချာပေါက် ဆင်းရဲကျရှုံးလိမ့်မယ် ... တဲ့၊ ငါ့အဘိုးက၊ သေသေချာချာ ပြောပြတယ်''

''ဒါဆို။ လူတိုင်းက ... အ,ကုသိုလ် နည်းအောင်၊ နေရမှာပေါ့။ ဟုတ်လား''

''အဲ ...။ မောင်သက်နှင်းလေး၊ တော်လာပြီ'' ... ဟု၊ ဘားက ... တင်ပလ္လင်ခွေထိုင်လျက် ပြော၏။ ရတနာ,က၊ ဘားကို မျက်စောင်းထိုးသည်။

''ငါ့ကို မျက်စောင်းမထိုးနဲ့။ ရတနာ။

ဒီအထဲမှာ ... နင် အားအနည်းဆုံး။ လူဖြစ်တာတောင်၊ နင် ... မိန်းကလေး ဖြစ်နေတယ်။ မိန်းကလေးဖြစ်တာတောင်၊ စာတော်လျက်နဲ့၊ စာမေးပွဲနီးရင်၊ တရှောင်ရှောင် ဖြစ်တယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



. . . အ,ကုသိုလ်ပဲ''

ရတနာသည်၊ နှုတ်ခမ်းလေး, ဖိကိုက်လျက်၊ အားငယ်သွား၏။ မားကို မည်သို့မျှ မပြုမူ။

''ကဲပါ။ မင်းအဘိုး . . . ပြောတာတွေ၊ ဆိုဆုံးမ,တာတွေ မှန်ပါတယ်။

မှန်လွန်းပေမယ့်၊ အားငယ်တတ်တဲ့သူ၊ စိတ်ဓာတ်ကျသွားပါ့မယ်''

''ဘာကျစရာလိုလဲ။ အခု . . . ငါတို့အားလုံး၊ ဘုရားရှင်တွေရဲ့, ဓာတ်တော် မွေတော်တွေကို၊ ရိုရိုသေသေ၊ ရှိခိုးပူဇော်ပြီးပြီပဲ။ ကုသိုလ်အလုပ်၊ လုပ်ပြီးပြီလေ။ အ,ကုသိုလ် ပါးသွားလောက်ပါပြီ''

''ဒီလို . . . တစ်ကြိမ်တစ်ခါတည်း၊ ရှိခိုးပူဇော်ရုံနဲ့၊ အ,ကုသိုလ် ပါးသွားရောလား''

မင်းမြတ်စံ မေး၏။ မားက . . .

''အကြိမ်ကြိမ် . . . ရည်စူးရှိခိုးရင်၊ ပိုကောင်းတာပေါ့ကွ။

အ,ကုသိုလ်က . . .၊ ရေတိုင်ကီလောက်။ ကုသိုလ်က, နို့ဆီခွက်လောက်ဆိုရင်တော့၊ ဘယ်





. . . အရာရောက်ပါ့မလဲ''

''ဘဝ . . . ဆိုတာ တော်တော် ထူးဆန်းတယ်နော်'' . . . ဟု၊ ကျွန်တော် ညည်းပြော ပြောမိ၏။ မားက . . .

''ဟုတ်တယ်။ တိရစ္ဆာန်ဘဝ။ ပြိတ္တာဘဝ။ အသူရကာယ်ဘဝ။ ငရဲဘဝ။

လူ့ဘဝ။ နတ်ဘဝ။ ဗြဟ္မာဘဝ။ အားလုံး၊ ကုသိုလ်, အ,ကုသိုလ်ကြောင့် ဖြစ်ကြရတာ . . . တဲ့''

ရတနာက . . .

''ဘဝ . . . ဆိုတာ။ ဘာလဲ။ နင်, သိလား . . . မား''

မားက . . . တင်ပျဉ်ခွေထိုင်နေရင်းမှ၊ အဘိုးကြီး တစ်ယောက် ထိုင်သကဲ့သို့၊ ခြေသလုံးကို၊ အပေါ်မ,တင်ပြီး၊ ပြင်ထိုင်လျက် . . .,

''ငါ . . . သိသလောက်တော့၊ ဘဝက . . . လေးမျိုးရှိတယ်''

''ဘာလဲ။ အပါယ် . . . ဘဝ။ လူ့ဘဝ။ နတ်ဘဝ။ ဗြဟ္မာဘဝလား''

''ဟင့်အင်း။ မဟုတ်ဘူး။ အဲဒါက . . .



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်တမ,မြတ်စွာဘုရား၊ ဟောကြားထားတဲ့ ... ဘ၀တွေ။

ငါ့ အသိဉာဏ်နဲ့ ခွဲခြားထားတဲ့ ဘ၀က စာပေ ဝေါဟာရနဲ့ ခွဲခြားထားတာ"

"ပြောပြ"

ဓားက ...၊ မေးစေ့ကို လက်ညှိုးနှင့် လက်မ,ဖြင့် ပွတ်ရင်း ...

"ဘ၀ ... ဆိုတာ။ ဝ,ကို၊ ဘ,ကုန်းရှေ့မှာထားရင် ...၊ ဝဘ။ ဝ,အောင် စားပြီး၊ ဘာမှမသိတဲ့ .. ဝဘ။

ဒုတိယ,က ...၊ ဝ,ကို၊ ဘ,ကုန်းအောက်မှာထားတဲ့ ... ဘွ။ ဝ,အောင်မစားနိုင်ဘဲ၊ ဖွက်ထ,သလိုဖြစ်နေတဲ့ ... ဘွ။ တတိယ,က၊ ဝ,ကို၊ ဘ,ကုန်းအပေါ်မှာထားတဲ့ ... ဘိ"

"ဘာလဲ ... ဘိ"

"အဲ ... ဘိ ... ဆိုတာက၊ ဝ,အောင် စားလွန်းပြီး၊ သိသိကြီးနဲ့ ... ပိနေတဲ့၊ အခြေအနေအဲဒါကို ... ဘိ ... လို့ ခေါ်တယ်"



သန္တာတိုင်ရတုကို သံပြိုင်သီဆိုနေပါလျက် ...

"စတုတ္ထက,ရော"

"အင်း ...၊ စတုတ္ထက, ...။ ဝ,ကို၊ ဘ,ကုန်းနောက်မှာ၊ သေသေချာချာသွားထားတဲ့ ... ဘ၀။

ဘာမှန်းလည်း သိတယ်။ ဝ,အောင်လည်း စားတယ်။ အဲဒါ ... ဘ၀။

ဝဘ ... ရယ်။ ဘိ ... ရယ်။ ဘွ ... ရယ်။ ဘ၀ ... ရယ်။ ဟဲ ဟဲ ... လေးမျိုး"

"အဲဒါ၊ မင်းကို၊ ဘယ်သူ ပြောပြတာလဲ" ...ဟု၊ ရယ်ချင်စိတ်ဖြင့်၊ ကျွန်တော် မေး၏။ ဓားက ...

"အဲဒါ ...၊ နောင်တစ်ချိန်မှာ ... ဖလော်ဆော်ဖာ ဓားဝိဇ္ဇာဖြစ်မယ့်၊ ဘ၀ ... ထွင့်ထား၊ မောင်ရွှေဓားဆိုတဲ့၊ ငါ့ဘာသာ ပြောတာ ... ဟား ဟား ဟား"

အားလုံး ဝိုင်းရယ်ကြ၏။

"ဖလော်ဆော်ဖာ ဓားဝိဇ္ဇာကတော့ မဖြစ်ဘူး။ ဖလော်ဆော်ဖာ ကြောင် ဝိဇ္ဇာပဲ ဖြစ်မယ်" ...ဟု၊ ရတနာက, ပြုံးရင်း ရယ်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်ကာလ, အထိ၊ ရတနာနှင့် ကျွန်တော် ခွဲခွာရလိမ့်မည် . . . ဟု၊ လုံးဝ . . . မတွေးမိတတ်သေး။

❁ ❁ ❁



## (၁၀)

စာမေးပွဲ နောက်ဆုံးနေ့တွင်၊ ကျွန်တော်နှင့်ရတနာ နှစ်ယောက်တည်း၊ လျှောက်သွားကြသည်။ မင်းမြတ်စံနှင့်ဓားတို့ပါ ပါလိမ့်မည် . . . ဟု၊ မိဘ,တွေ၊ ထင်မြင်ကြ၏။ ထိုသို့, ရတနာနှင့်ကျွန်တော် နှစ်ယောက်တည်း၊ လျှောက်သွားသည့်ကိစ္စကို၊ မင်းမြတ်စံနှင့်ဓားတို့အား၊ နှုတ်ပိတ်စေခဲ့၏။

"အိမ်က, သိရင်၊ ဆူမလား မသိဘူး"

ရတနာက၊ ပြုံးလျက် စိုးရိမ်စွာ ပြောသည်။

ကျွန်တော်က . . .

"လေးယောက်သွားမယ် . . . ဆိုပြီး၊ လိမ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြတာဆိုတော့၊ သိရင်တော့ ဆူမှာပေါ့"

"အဆူခံရမှာတော့၊ ကြောက်တယ်။ ဒါပေမဲ့ . . .၊ ငါ ပျော်ပါတယ်"

"ငါလည်း . . .၊ ပျော်တာပဲ"

"လူကြီးတွေ ဖြစ်သွားကြရင်လည်း၊ နင် . . .၊ ငါ့အနားမှာ နေနော်"

"အင်း"

"ငါ . . . နေမကောင်းရင်၊ နင်က . . . အားပေးစကားပြောတယ်။ အဲဒီ့အခါ . . . ငါ အားရှိတယ်ဟ"

"နင့်အဖေက၊ ဆေးကုပေးတာပါ"

"သြော် . . .။ ဖေဖေက၊ ရောဂါကို ကုပေးတာပေါ့။ နင်က . . . စိတ်ကို၊ ကုပေးတာ"

"ငါ . . .။ ငါက . . .၊ ကုပေးတာ မဟုတ်ဘူး။ စိုးရိမ်တာ။ စိုးရိမ်လို့၊ အားပေးစကား ပြောတာ"

"ဖေဖေက၊ မေမေ့ကို၊ တချို့၊ လူနာတွေနဲ့ ပတ်သက်ပြီး၊ ပြောဖူးတယ်"





"ဘာလဲ"

"အားပေးစကားက,လည်း . . . အားဆေးတစ်ခွက်ပါပဲ . . . တဲ့"

ကျွန်တော် ပြုံးလျက် ခေါင်းညိတ်လိုက်သည်။

"ကျောင်းပိတ်ရက်၊ တစ်နွေလုံး . . . ဘယ်လိုနေရမှန်းမသိဘူး"

"အိမ်ထဲမှာ နေပေါ့"

"တခြားနှစ်တွေတုန်းက၊ အိမ်ထဲမှာပဲ အချိန်ကုန်သွားတာပါပဲ။

ဒီနှစ်တော့၊ ငါ့စိတ်ထဲမှာ . . . တစ်မျိုးကြီးပဲ။ အိမ်ထဲမှာ မနေချင်တော့ဘူး။ နင်နဲ့ . . . စကားတွေပဲ ပြောချင်နေတယ်။ တစ်ခါတစ်ရံ မင်းမြတ်စံနဲ့၊ ဓားနဲ့လည်း စကားဝိုင်းထဲမှာ၊ ပါစေချင်တယ်"

"ငါ . . . နေ့တိုင်း၊ လာလည်မှာပေါ့"

"နေ့တိုင်းလာရင်၊ မေမေက, ငါနဲ့နင့်ကို၊ တစ်မျိုးထင်လိမ့်မယ်"

"ဘာထင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူး"

"Speaking သင်တန်းတို့၊ ကွန်ပျူတာသင်တန်းတို့၊ တက်ကြမယ်လေ"

"အင်း။ ကောင်းတယ်။ နှင် ... မေမေ့ကို လာပြောပေးဦး"

"အင်းပါ။ ပြောပေးပါ့မယ်။ နှင် ..., နေကောင်းအောင်တော့ နေနော်"

"အခု ... နေကောင်းပါတယ်"

"နှင် ... ပိန်သွားတယ်"

"ပိန်တော့, မလှဘူးလား"

"ပိန်ပိန် ... မပိန်ပိန်ပါ။ နှင်က ... လှပါတယ်။ ဒါပေမဲ့ ..., ငါက၊ ကျန်းမာစေချင်တာ"

"အင်း။ ငါ ... ဖေဖေ့လို၊ ဆရာဝန်တော့ မဖြစ်နိုင်လောက်ဘူး"

"နှင် ... မဖြေနိုင်ဘူးလား"

"ဖြေတော့၊ ဖြေနိုင်တာပေါ့။ ဒါပေမဲ့ ..., ဆရာဝန်ဖြစ်ရလောက်အောင်တော့၊ ဂုဏ်ထူးတွေ စီနေမှာတော့၊ မဟုတ်ဘူး"





"ဒါက,တော့၊ ရတနာရယ်။ လူတိုင်း အကောင်းဆုံး။ အတော်ဆုံး ဖြစ်ချင်ကြတာပဲ။

အခြေအနေက, မပေးတော့၊ ပေးတဲ့အတိုင်းလေး၊ မကျအောင် ... မရှုံးအောင်၊ လုပ်ကြရတာပဲ။ မဟုတ်ဘူးလား"

"နှင် ... တကယ်၊ အားပေးတတ်တယ်နော် ... သက်နှင်း"

"အားပေးတာ မဟုတ်ပါဘူး။ ငါ ... ပြောပြီးပြီပဲ။ ငါက, နှင့်ကို၊ စိုးရိမ်တာ။

စိတ်ညစ်မှာလည်း၊ စိုးရိမ်တယ်။ စိတ်ဓာတ်ကျမှာလည်း၊ စိုးရိမ်တယ်၊ နေမကောင်းဖြစ်မှာလည်း၊ စိုးရိမ်တယ်။

စိုးရိမ်စိတ်နဲ့ ပြောတာ။ အားပေးသလို ဖြစ်တယ် ... ဆိုတော့၊ ငါ ... ပျော်တာပေါ့"

"အားပေးဖော်ဆိုတာ၊ သူငယ်ချင်းကို၊ ပြောတာလားလားဟင်"

"ဟုတ်မှာပေါ့"

"နှင် ...၊ ငါ့ကို၊ အမြဲတမ်း အားပေးဖော်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးနော်။

"နင်က ... အမြဲတမ်း၊ အားနည်းနေမှာ
လား"

"နင် ... ရှိရင်၊ ဘယ်တော့မှ ... အားမငယ်
ဘူးလေ"

"နင့်ကို၊ အားပေးဖို့ ငါ ..., အားရှိအောင်
နေပါ့မယ်"

ပြိုင်တူ ပြုံးဖြစ်ကြသည်။

ထိုသို့သော၊ ကိုယ်စီအပြုံးငယ်လေးများ၊ ပျောက်ဆုံး ပျက်
ရလိမ့်မည် ... ဟု၊ နှစ်ဦးစလုံး၊ ကြိုတင် မတွေးဆ,မိခဲ့။

❀ ❀ ❀



သူ ...မလာလည်း

ကဗျာထဲမှာ၊ သူ ...ရှိပါတယ်။

သူ ...မရောက်လည်း

အိပ်မက်ထဲမှာ၊ သူ ...ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

## သဏ္ဍာတိုင် ရတု

အစဉ်စိုးရိမ်
ရင်,ကြိုး လိမ်ယှက်
တိမ်ထက် မြင့်, မတ်၊
ပင့်သက်, လှပ် . . . ထိတ်
အရိပ်လို . . . စိုး
စိတ်ကို မိုးနေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဖြည်မရ
မိုးမြေမက,
စိုးနေကျ . . . စိုး၊
မြတ်နိုးခင်မင်
သံယောဇဉ်ပေါ့။
မှန်သောသစ္စာ
တိုင်တည်ပါချင်
သခင်, သိမလား၊
ရင်၏, ကြားမှာ
ထား . . . သိ, သိုသိပ်
မယိုဖိတ်ဘူး . . . ။

သည်းဦးစကား
တူပြိုင်နားဆင်၊
နိုင်ကြင် . . . ဘဝ,
တိုင်ပင်ကြရင်း . . . ၊



သစ္စာတိုင်ရတုကို သံပြိုင်သီဆိုနဲ့ပါလျှက် ...

ထာဝရ, အပါး
ဘာမှ . . . ,
မခြားဘဲ . . .
ကာလ, များစွာ ရှိချင်တယ် . . . ။ ။

ကဗျာလေး ပြီးဆုံးသည်အထိ၊ ရတနာနှင့် ကျွန်တော် တူတူ ရွတ်ဆိုဖြစ်သည်။

"နင့်ကဗျာက၊ ရတုမှ မဟုတ်တာ။ ဘာဖြစ်လို့ သစ္စာတိုင် ရတု . . . လို့ ခေါင်းစဉ်တပ်ရတာလဲ"

"ငါက . . . , ကဗျာဆရာမှ မဟုတ်တာ။ ကြားဖူးနားဝ, ရှိတဲ့ စကားလုံးတွေကို၊ သုံးမိတာပေါ့။ သစ္စာတိုင်ရတု . . . တို့, သစ္စာတိုင်ပတ်ပျိုး . . . တို့ ငါ . . . ကြားဖူးတယ်လေ။ ရတု မရေးတတ်ပေမယ့်၊ ရေးခဲ့တဲ့သူတွေကို၊ အားကျလို့, ရေးတတ်သလိုရေးပြီး၊ ခေါင်းစဉ်ကို တပ်ချင်သလို တပ်လိုက်တာ"

"ဒါ . . . , ငါ့ကို ပေးတာလား"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိုးနေကျ ...စိုး ဆိုတာ ...၊ ဘာ၊ အဓိပ္ပာယ်လဲ"

"ဩော် ...။ စိုးရိမ်နေကျအတိုင်း ... အမြဲတမ်း စိုးရိမ်နေတယ် ... ဆိုတဲ့၊ အဓိပ္ပာယ်"

"ထာဝရ့အပါ။ ဘာမှ ...၊ မခြားဘဲ ...၊ ကာလ၊များစွာ ရှိချင်တယ် ... တဲ့။ အဲဒီ့အပိုဒ်လေးကို၊ အကြိုက်ဆုံးပဲ"

ကဗျာရေးထားသည့်၊ နေ့စဉ်မှတ်တမ်း စာအုပ်အသစ်လေးကို၊ ပိတ်လိုက်ပြီး၊ ရတနာက ...

"သစ္စာတိုင် ... ဆိုတာ၊ ဘာကိုပြောတာလဲ"

"ဘယ်တော့မှ၊ မခွဲဘူး။ ဘယ်တော့မှ မမုန်းဘူး ... ဆိုတဲ့ အဓိပ္ပာယ်နဲ့ တိုင်တည်ကြတယ်။ သစ္စာ ဆိုကြတယ်ပေါ့ဟာ။

တိုင်တည်သူရဲ့မေတ္တာသစ္စာဟာ ... ပင်လယ်သမုဒ္ဒရာတွေထက်၊ အဆတစ်ရာ ကျယ်ဝန်းပါတယ်။ ကမ္ဘာကြီးပျက်သွားရင်တောင်၊ မေတ္တာမပျက်ပါဘူး ...။

ဘယ်တော့မှ၊ မဝေးဘူး။ ဘယ်တော့မှ မခွဲ





ဘူးပေါ့ဟာ။ အဲဒါမျိုး"

ရတနာက၊ ကဗျာစာမျက်နှာလေးကို၊ ပြန်လှပ်သည်။ ပြီးနောက် ... လှလွန်းစွာ ပြုံးလျက် ...၊

"လာ ...။ နောက်တစ်ခေါက် အတူတူ ပြန်ဆိုဦးမယ်"

"ကဗျာကို၊ ရွတ်တယ်လို့, ပြောရတယ် ရတနာရဲ့။ ဆိုတယ် ... ဆိုတာ၊ သီချင်း"

"အမလေး။ ပညာရှိ ကဝိကြီးရယ်။ စည်းကမ်းချက်တွေ၊ သတ်မှတ်မနေပါနဲ့။

သီချင်းလေးလို သဘောထားပြီး၊ ဆိုတယ်ပေါ့ဟာ။ ဘာဖြစ်လဲ"

"ကဲ ...။ နင့်သဘောအတိုင်းပါပဲ။ နင့်အလိုကျပါပဲ။ ဖတ်လိုက ... ဖတ်၊ ရွတ်လိုက ... ရွတ်။ ဆိုလိုက ... ဆို"

တီးတိုး ညီညာစွာ၊ သံပြိုင် ရွတ်ဆို ဖြစ်ခဲ့ကြသည်။ သမိုင်းရာဇဝင်များထဲက၊ ရတုဘုရင်များနှင့် သူတို့၏သည်ဦးထိပ်ထားတို့ကို၊ အဝေးမှ၊ မြင်ယောင်ကြည့်မိ၏။

ချစ်ခြင်း၊ မေတ္တာ၊ သံယောဇဉ် ... စသည်တို့ကို၊ ဖွဲ့စပ်



www.burmeseclassic.com

www.burmeseclassic.com



သီကုံးလေ့ရှိသော၊ အနုပညာ အရာရာတိုင်းသည်၊ နွဲ့နှောင်းလှပ၊ တ,သစရာ ‥ အလင်္ကာရတနာများ ‥ ဟု၊ အလိုလို တွေးသိလိုက်၏။

ကျွန်တော့်ကဗျာသည်လည်း၊ ရတနာ ‥‥ ဟု၊ ကိုယ်ပိုင်မြတ်နိုးစိတ်ဖြင့်၊ တိုးတိတ် သတ်မှတ်လိုက်မိသည်။

❋

"မင်းနဲ့ ရတနာနဲ့က ရည်းစား ဖြစ်နေကြတာလား" ‥‥ ဟု၊ ကျွန်တော့်အစ်ကို ကိုသက္ကက၊ ကျွန်တော့်ကို၊ မေးသည်။

"ငါ့ကို၊ မလိမ်နဲ့နော်။ အဖေနဲ့အမေ မရှိတုန်းမို့၊ ငါ ‥‥ မေးတာ။

လိမ်လို့လည်း၊ မရဘူး။ ငါ,သိထားတာ၊ တစ်ခုရှိလို့၊ မေးတာ"

"အစ်ကိုက,လည်း"

"ဘာ ‥ အစ်ကိုက,လည်းလဲ။ မေးတာဖြေ"

"သူငယ်ချင်းတွေကို၊ ဘာကြောင့်, အဲဒီလိုမေးတာလဲ"





"သူငယ်ချင်း၊ ဟုတ်လား"

"ဟုတ်တယ်။ ရတနာက, ကျွန်တော်နဲ့တွင် မဟုတ်ဘူး။ မင်းမြတ်စံနဲ့ ဓားတို့နဲ့လည်း၊ သူငယ်ချင်းပါ။

ပြီးတော့ ‥‥၊ ကျွန်တော်က, အစ်ကို့လို၊ တက္ကသိုလ်ကျောင်းသားလည်း၊ မဟုတ်ဘူး။

တက္ကသိုလ်ဝင်တန်းတောင်၊ မအောင်သေးဘဲနဲ့၊ ရည်းစားက၊ ထားစရာလား"

"အမယ်။ အောင်ရင် ထားဖို့, စီစဉ်ထားတဲ့လေသံပဲ"

"မဟုတ်ပါဘူး"

"ကဲပါ ‥‥။ ငါ ‥‥ တိုက်ရိုက်ပဲ ပြောတော့မယ်။

မင်း ‥‥ စာမေးပွဲ နောက်ဆုံးနေ့က၊ ရတနာနဲ့ဘယ်သွားလဲ"

လိမ်၍မရနိုင်တော့လောက်သော၊ အခြေအနေ။

"အစုံပဲ။ ဘုရားအရင်ဖူးတယ်။ ပြီးတော့ ‥‥ နေရာစုံ၊ လျှောက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်တည်းပေါ့"

ကျွန်တော် ခေါင်းညိတ်၏။

"ဒါဆို ...၊ အင်းလျားကန်ပေါင်ကို၊ ဘာလာလုပ်တာလဲ"

"ဟိုး ... တုန်းက၊ တက္ကသိုလ်ကျောင်းဝင်းကြီးနဲ့၊ တက္ကသိုလ်ကျောင်းဝင်းကြီးရဲ့, ကြေကွဲစရာ, အသည်းနှလုံး ရာဇဝင်တွေကို၊ မျက်ရည်စက်လက်နဲ့၊ မမြင်ချင်သော်လည်း ... တွေ့ကြုံနေခဲ့ရတဲ့၊ အင်းလျားကန်ကြီးကို၊ ရတနာက ... ကြည့်ချင်တယ်ဆိုလို့, ကျွန်တော် လိုက်ပို့တာ"

အစ်ကို ကိုသက္က နှုတ်ခမ်းမဲ့၏။

"ဘာဖြစ်လို့၊ နှစ်ယောက်တည်း၊ သွားတာလဲ"

"လွတ်လွတ်လပ်လပ် သွားချင်လို့"

"စားနဲ့ မင်းမြတ်စံ၊ မပါဘူးပေါ့"

ကျွန်တော် ခေါင်းညိတ်၏။

"ငါ့ဘေးနားမှာ၊ ငါ့ရည်းစား တစ်ယောက်ပါနေလို့၊ မင်းတို့, နှစ်ယောက်ကို၊ လှမ်းမခေါ်တော့သန္တာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက် ...တာ"

"ဘယ်နှယောက်မြောက် ရည်းစားလဲ"

"မင်း ... ငါ့ကို မေးစရာ မလိုဘူး။ ငါ ... ပြောတာကိုပဲ၊ မင်း နားထောင်ရမယ်။ ငါ ... မေးတာကိုပဲ၊ မင်း ဖြေရမယ်။

အေး ...။ အစ်ကိုတစ်ယောက်အနေနဲ့၊ ငါ ... မင်းကို၊ ပြောချင်တာက၊ ရည်းစားထားဖို့, ... မင်းတို့၊ ငယ်သေးတယ်။

ပြီးတော့ ..., အိမ်နီးချင်း၊ မိတ်ချင်း, မျက်နှာပျက်စရာ မဖြစ်စေနဲ့။ ဒါပဲ"

"အာ ... အစ်ကိုက,လည်း။ ရတနာနဲ့, ကျွန်တော်နဲ့က၊ သူငယ်ချင်းတွေပါဆို"

"အိမ်က,မသိအောင်၊ အပြင်ကို၊ နှစ်ယောက်တည်း လိမ်ပြီး၊ လျှောက်သွားကြတဲ့၊ ကောင်မ,လေးနဲ့ ကောင်လေးကို၊ သူငယ်ချင်းတွေပါ ... လို့၊ ယုံကြည်ရအောင်၊ ဒီခေတ်လူကြီး သူမ,တွေက၊ မတုံးသေးဘူး"

ကျွန်တော် ခေါင်းကုတ်၍သာ နေရ၏။ ထို့နောက် ...





www.burmeseclassic.com

www.burmeseclassic.com



"ခေတ်မီတဲ့ လူကြီးတိုင်း၊ ကောင်လေးတစ်ယောက်ရဲ့ ကောင်မ,လေးတစ်ယောက်။ နှစ်ယောက်တည်း ... လျှောက်သွားရုံနဲ့ စွပ်စွဲသလိုလို ... သမုတ်သလိုလို၊ မလုပ်ကြပါဘူး အစ်ကိုရယ်"

"အံ့မယ်။ ခွေးမ,သား"

"အစ်ကို။ ကျွန်တော့်ကို ကြိုက်တာလုပ်ပါ အမေ့ကိုတော့ မစော်ကားပါနဲ့"

"ဘာ ... စော်ကားလို့လဲ။ မင်းကို ... ခွေးမ,သား ... လို့ ဆဲတာ ... အဲ။ ခွေးသား"

"အစ်ကို။ အဖေနဲ့ပါ၊ ပြဿနာတက်ပြီနော်။ ကျွန်တော် ... အတိုင်းအတော မထူချင်ဘူး"

အစ်ကို ကိုသက္ကက ... ရယ်ချင်စိတ်ကို၊ ဟန်လုပ်တည်တင်းပြီး၊ အသစ်ထပ်မံ ဆဲရေးသည်။

"ခွေးမ,သားလည်း၊ မဟုတ်ဘူး၊ ခွေးသားလည်း မဟုတ်ဘူး။ မင်းက ... ခွေးကောင်"

"အစ်ကို"

"ဘာလဲ"

"အစ်ကိုနဲ့ ကျွန်တော်နဲ့ ညီအစ်ကိုနော်"





"အဲဒါ ဘာဖြစ်လဲ"

"တစ်မိတည်း ... တစ်ဖ,တည်းက၊ မွေးတာနော်"

ကျွန်တော့် သတိပေးခြင်းကြောင့်၊ အစ်ကို ကျွန်တော့်ဦးခေါင်းကို သတင်းစာလိပ်ဖြင့်၊ ဖောင်းခနဲနေအောင် ရိုက်လေတော့၏။ ထိုအကြောင်းကို ရတနာ့အား ပြောပြဖြစ်သေးသည်။ ထိုအချိန်အထိ၊ ကျွန်တော်တို့ ဝေးဖို့ မကြံသေး။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"နေမကောင်းဘဲ ဖြေတာတောင်၊ နင်က ...၊ ဂုဏ်ထူးတစ်ဘာသာ ပါတယ်။

ငါ့,တို့က၊ ပွတ်ကာ သီကာ၊ အောင်ကြတာ။ အောင်တယ်ဆိုရင်ပဲ၊ ပျော်စရာကြီးပဲ။

နင်က ...၊ ဘာဖြစ်နေတာလဲ ရတနာ။ မျက်နှာက မှိုင်းတိုင်းတိုင်း"

ခေးက ရတနာ့ကို၊ လေသံဆတ်ဆတ်ဖြင့် ပြောမေး,မေး၏။

"နေမကောင်းဘူးလား"

မင်းမြတ်စံက၊ ထပ်မေးသည်။ ကျွန်တော်က, ဘာမေးခွန်းမျှ



www.burmeseclassic.com

www.burmeseclassic.com



မမေးဘဲ၊ ရတနာ့မျက်နှာလေးကိုသာ၊ ငေးကြည့်နေမိ၏။

ရတနာ နေမကောင်းဖြစ်လျှင်၊ ကျွန်တော် အလိုလိုသိသည်။ ထို့ပြင်၊ ရတနာ စိတ်ကြည်လင်နေလျှင်လည်း၊ ကျွန်တော့်စိတ်ထဲတွင် အလိုလို ကြည်လင်နေတတ်၏။

ယခုတွင်မူ၊ ရတနာ ဘာဖြစ်နေသည်ကို၊ ကျွန်တော် သေ သေချာချာမသိ။ သို့သော် ... ကျွန်တော့်စိတ်ထဲမှာ ... စကားတွေ ဖောင်ဖွဲ့အောင် မပြောချင်။ စာမေးပွဲအောင်ပါလျက်၊ မရယ်ချင်သလို လို၊ မပြုံးချင်သလိုလို ဖြစ်နေမိ၏။

ရတနာ့ စိတ်ထဲမှ၊ အငွေ့အသက် တစ်စွန်းတစ်စ, ကျွန်တော့် စိတ်နှလုံးသို့၊ လာရောက်ရိုက်ခတ်နေသည့်ပမာ၊ ခံစားနေရ၏။

ထို့ကြောင့် ..., ရတနာ ဘာဖြစ်နေသည်ကို၊ ရေရာသေချာ စွာ၊ မခန့်မှန်းနိုင်သော်လည်း၊ ရတနာ တစ်ခုခုဖြစ်နေသည် ... ဟု တော့၊ သေသေချာချာ ခံစားသိဖြင့် သိရသည်။

သိသဖြင့်လည်း၊ ဓားနှင့်မင်းမြတ်စံတို့လို၊ နှုတ်မှ ဖွင့်၍ မမေးဖြစ်တော့။

“ဟော့ကောင်။ မင်း ...,မေးဦးလေ။ ရတနာ ဘာဖြစ်နေတာလဲ ဆိုတာ”

မင်းမြတ်စံ၏တောင်းဆိုသံ။ ကျွန်တော်က ...,





“တစ်ခုခုဖြစ်နေတာ နေမှာပေါ့။ သူ ... ပြောချင်ရင်၊ ပြောပြမှာပေါ့။ မပြောချင်လို့,မပြောတာ၊ ထပ်,မမေးပါနဲ့တော့။

သူက ... မိန်းကလေး။ ငါတို့,နေရာတကာ လိုက်မေးနေလို့၊ မကောင်းဘူး။ သူလည်း ...၊ သူ့,ကိစ္စနဲ့ ... သူ၊ ရှိမှာပေါ့”

ဓားက ...,

“စာမေးပွဲ အောင်တဲ့နေ့လေး၊ အားလုံး၊ ပျော်ပျော်ရွှင်ရွှင် နေချင်လို့ပါကွ။

ငါတို့ ယောက်ျားလေး သုံးယောက်က, မျောက်လို ခုန်ပေါက်နေ၊ သူက ...လင်းတ,လို မှိုင်နေ။

ဘယ်မှာပျော်ဖို့, ကောင်းတော့မှာလဲ”

ဓား၏စကားအဆုံးတွင် ...

ရတနာ ကျွန်တော့်ကို၊ ငိုလျက်, ပြေးဖက်၏။ မင်းမြတ်စံရော၊ ဓားရော၊ ကျွန်တော်ရော၊ အထိတ်တလန့်။ ကျွန်တော့်မှာ ...၊ ပို၍ စိုးရိမ်တကြီး။

“ရတနာ၊ ရတနာ။ နင် ..., ဘာဖြစ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



အိမ်က, ဆူမှာစိုးလို့လား။ ဟုတ်လား။ ငါ ...
လိုက်ပြောပေးမယ်''

ကျွန်တော့်လည်ပင်းကို သိုင်းဖက်လျက်၊ ဦးခေါင်းကို ခါရမ်း ကာ၊ ငိုနေပြန်သည်။ မြင်ခင်းစိမ်းပေါ်တွင် ခင်းထားသည့် အခင်း အကျင်းသည်၊ နှစ်ဦးနံဘေးမှာ၊ တွန့်တွန့်ကြေကြေ။

မျက်နှာချင်းဆိုင်ဖြစ်အောင်၊ ဖယ်ခွာလျက်၊ ပခုံးစွန်းလေ နှစ်ဖက်ကို၊ ညင်သာစွာ လှုပ်ကိုင်ပြီး၊ ကျွန်တော် မေးသည်။

"ရတနာ ...၊ မငိုပါနဲ့။ ဘာဖြစ်တာလဲ
ငါ့ကို သေသေချာချာ ပြောပြ။
နင့်အတွက်၊ ငါ မလုပ်နိုင်တာ၊ ဘာမှ မ
စေရဘူး ... ရတနာ''

ရတနာက၊ ကျွန်တော့်ကို မျက်ရည်ဝဲစွာဖြင့်၊ တစ်ချက်ကြည့် ၏။ ပြီးနောက် မျက်ရည်သုတ်သည်။ ပြီးနောက် ... ဦးခေါင်းငုံ့သည် ပြီးမှ ... တိုးတိတ်ညင်သာသော၊ စကားလေးတစ်ခွန်း၊ နှုတ်ခမ်း နှင်းဆီဖူးမှ၊ လှုပ်ခတ်စွာ ထွက်ကျလာ၏။

"ငါ ...၊ နင်နဲ့ ခွဲရတော့မယ်။ တားတို့
လည်း၊ ခွဲရတော့မယ်''

နှင်းဆီဖူးမှ စကားဆူးတို့နှင့်အပြိုင်၊ ပါးပြင်တောင်ကုမ်း





နပ်ဖက်ဆီမှ၊ မျက်ရည် ချောင်းရိုးနှစ်သွယ်သည်၊ မညီမညာ၊ စီးဆင်း လျာကျလေ၏။

ထိုစကား မျက်ရည်တို့နှင့် တစ်ပြိုင်တည်း၊ ကျွန်တော့်ရင် ခြိုင့် နှလုံးသည်းခြေထဲမှာလည်း၊ ထိုးဆောင့်လိုက်သည့်၊ အရှိန်တစ် ခုကြောင့်၊ ခွေကျမတတ်၊ ပင့်သက်ခဏ, ရပ်တန့်သွားလေသည်။

ရတနာသည်၊ မျက်နှာကို ဆတ်ခနဲ ပြန်မော့ပြီး၊ ကျွန်တော့် ကို အားကိုး ကိုးစားစွာ၊ ကြည့်လျက် ...

"ဖေဖေ နယ်ပြောင်းရတော့မယ် သက်နှင်း။
မေမေရော ... ငါရော ...၊ လိုက်သွားရတော့မယ်။
အဲဒါ ...၊ ငါ ... စာမေးပွဲ မဖြေခင်ကတည်းက၊
သိထားတာ''

ပြောရင်း ... အသံတုန်လျက်၊ မျက်ရည်တွေ စီးကျလာ ပြန်သည်။

"နင်တို့က၊ ငါ့ကို ... နေမကောင်းတာ တစ်
ခုလောက်ပဲ၊ သိမယ်။
ငါ ... စိတ်ဆင်းရဲပြီး၊ စာမေးပွဲဖြေရတာပါ။
တက္ကသိုလ်ကို၊ ရန်ကုန်မှာ တက်ချင်တယ်
... လို့၊ ဖေဖေ့ကို တောင်းဆိုတာ၊ ဖေဖေရော,



www.burmeseclassic.com

www.burmeseclassic.com



မေမေရော ... ခွင့်မပြုဘူး။

စာမေးပွဲကို၊ ငါ ... ကျအောင် လုပ်တော

မလို့။ မလုပ်သင့်တဲ့ကိစ္စ ... လို့ တွေးပြီး မဖြေချ

ဘဲနဲ့၊ ငါ ... ဖြေခဲ့တာ''

စကားရပ်ကာ၊ မျက်ရည်သုတ်သည်။

ရတနာ့၏ရင်တွင်းကို သိမြင်လွန်းလှသူ ... ဟု၊ ကိုယ့်ကိုယ်ကိုယ် ထင်မှတ်မှားခဲ့သမျှ၊ ပို၍ တသ,ခံစားရလေသည်။

''နင်က ... ဘာမှမသိဘဲ၊ ငါ့ကို ဂရုစိုက်

လေလေ၊ ငါ ..., ရင်ကွဲမတတ် ခံစားရလေ

... သက်နှင်း။

နင် ... ခုနက၊ ပြောတယ်။ ငါ့အတွက်

နင် ... မလုပ်နိုင်တာ၊ ဘာမှမရှိဘူး ... တဲ့။ နင်

... ငါနဲ့ မခွဲရအောင်၊ နင် ... လုပ်ပေး သက်နှင်း''

ကျွန်တော် ရတနာ့လက်မောင်းသွယ်လေးကို၊ ဆုပ်ကိုင် လိုက်ရင်း ...

''ဘယ်တော့မှ မဝေးစေရဘူး ရတနာ ...

ငါ, ကတိပေးတယ်။ နော် ...။

မငိုပါနဲ့။ တိတ်တော့ ...။ မငိုနဲ့တော့နော်''





မျက်ရည်များကို ဖယ်သုတ်ပေးရင်းမှ ...၊ ''ထာဝရ, အပါး ဘာမှ ...၊ မခြားဘဲ၊ ကာလ,များစွာ ရှိချင်တယ်'' ... ဟူသော ရတနာ့ ကဗျာရွတ်သံ နွဲ့နွဲ့အေးအေးလေးကို၊ နာကျင်ဆို့နင့်စဖွယ်၊ အာရုံမှာ ပြန်ကြားယောင်လာ၏။

အောက်မျက်ခမ်းအစပ်မှ မျက်ရည်စ,တို့ကို၊ လက်မ, ထိပ် ဖျားလေးဖြင့်၊ ညင်သာပွတ်သပ် သုတ်ဖယ်နေပါလျက်၊ ယာဉ်တစ်စီး ၏ မှန်မျက်နှာပြင်ပေါ်သို့၊ အဆက်မပြတ် ရွာကျနေသည့် မိုးပမာ၊ ရေသုတ်ကိရိယာ ဖယ်သုတ်နေသည့်တိုင်၊ မှန်မျက်နှာပြင်သည်၊ ကြည်လင်မှု မရှိသေးသလို၊ ရတနာ့၏ မျက်ဝန်းသည်လည်း၊ မျက် ရည်မိုး ဆက်လက်ရွာဖြိုးနေဆဲ ရှိချေ၏။

ကန်သင်းကျိုးအောင် မရွာ။ တောင်ပြိုအောင် မထန်ပြင်း။ သုတ်လေ ... ဖယ်လေ စီးဆင်းလေဖြင့်၊ ရင်နှင့်ရုံသာ ... အခါခါ ရွာ၏။

တောင်ကျချောင်းရေ၊ ရစ်ခွေခွေသည်၊ တောင်ခြေရင်,ကို၊ ခွဲနေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ခွဲရမှာ . . . စိုး
မြတ်နိုးထာဝစဉ်၊
ခင်မင်တွယ်ငြိ
ဖယ်ခွာကြည့်လည်း . . . ၊

ရင်ထဲမငြိမ်း
သောက,လိမ်းကျံ
လွမ်းမိပြန်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်တွေး
တစ်သက်ပန်ဝေးဖို့,
တွေးမိလိုက်တိုင်း မပျော်ဘူး ...။

"ထာဝစဉ်" ...ဟု၊ အမည်ပေးထားသော၊ ကဗျာလေးကို နှေးတုံ့,လေးကန်စွာ ဖတ်ပြီး၊ ရတနာက ...

"ငါလည်း၊ မပျော်ပါဘူး သက်နှင်းရယ်"

ကျွန်တော်က ...

"ငါ့ကို၊ စာရေးနော် ရတနာ။ ရေးတဲ့, စာထဲမှာ၊ ဖုန်းနံပါတ်ပါ၊ ထည့်ရေးပေးနော်။ ငါ ...ဖုန်းဆက်မယ်။ စာလည်း၊ မျှော်နေမယ်နော်"

ညှိုးငယ်စွာ ရတနာ ခေါင်းညိတ်၏။ မျက်ရည်ဝေ့ဝေ့လေးကို၊ ကျွန်တော် မြင်ရ၏။ ကျွန်တော်လည်း၊ ငိုချင်သည်။

"တက္ကသိုလ် တက်ပြီးလို့ ဘွဲ့တွေ, ဘာတွေရ၊ အလုပ်ဝင်ပြီးတဲ့အခါ၊ ငါတို့, လူကြီးဖြစ်ပြီနော်။ အဲဒီ့အရွယ်ကျရင်၊ ငါတို့, ပြန်ဆုံကြမှာပါ။ နော် ...သက်နှင်း"

ကြေကွဲစွာ ကျွန်တော် ခေါင်းညိတ်သည်။ ငိုချင်နေသော





ကျွန်တော့်မျက်နှာကို၊ ရတနာ မြင်တွေ့မည်စိုးသဖြင့်၊ သူ့မျက်နှာမှ ရှောင်တစောင်း လွှဲဖယ်ကာ၊ ကျွန်တော် နေ၏။ ကွယ်ဝှက်ထားမိသော်လည်း၊ သောက, ဟန်ပန် မလုံခြုံ။

"အဲဒီ့ နယ်ကို၊ နင်တို့, ဘယ်နေ့ သွားရမှာလဲ"

"နောက်တစ်ပတ် ...စနေနေ့သွားရမှာ။ ဖေဖေက,တော့၊ သွားနှင့်ပြီ။ မေမေနဲ့, ငါနဲ့က၊ နောက်က, လိုက်သွားကြမှာ။ ငါ ...,ငိုချင်လိုက်တာ သက်နှင်းရယ်"

နှစ်ကိုယ်တူ ငိုချင်နေမိသည် ဖြစ်သဖြင့်၊ သူ မငိုအောင်၊ ကျွန်တော် ...မစွမ်းဆောင်တတ်။ "မငိုပါနဲ့ဟာ" ...ဟုသာ၊ ပြောလိုက်မိသည်။ ပြောမိသည့်အသံ၊ ငိုသံ မကင်း။

"ငါတို့, မခွဲရရင်၊ ကောင်းမယ်နော်"

ကျွန်တော် ခေါင်းညိတ်မိသည်။

"တစ်ယောက်နဲ့တစ်ယောက်၊ ဘယ်တော့မှ မဝေးရ, မခွဲရအောင်၊ ဘယ်လိုလုပ်ရင် ကောင်းမလဲ"

မတွေးဆ,တတ်သူကို၊ သိလိုသူက မေးမြန်းနေ၏။ တူယှဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ ညီမျှသည့်တိုင်၊ ကျွန်တော့်မှာ၊ အဖြေမရှိ။ အဖြေမသိ။

❋

လူမှန်းသိစ, အရွယ်ကတည်းက၊ ခင်မင်ခေါ်ပြောနေသူ၊ သူငယ်ချင်း တချို့နှင့်၊ ဝေးကွာကွေကွင်းခဲ့ဖူးသည်။ ဝေးကွာခြင်းကြောင့်၊ ဘယ်သူ့အတွက်မျှ၊ ဘယ်တုန်းကမျှ၊ မည်သို့မျှ၊ ကျွန်တော် မခံစားရ။

ငယ်သူငယ်ချင်း (အိမ်နီးချင်း)၊ ရတနာနှင့် ...၊ ခွဲရ၊ ဝေးရ, ကွေကွင်းရတော့မည် ... ဟု၊ သိ,ကြားရသောအခါ၊ ကျွန်တော့်မှာ၊ နေမထိ ထိုင်မသာ။ ရတနာ့မှာလည်း၊ ကျွန်တော့်နည်းတူ၊ မျက်ရည်ဝေ့ဝဲ၊ ကြေကွဲလျက်။

"ငါ ...။ သူ့ကို ချစ်တယ် ... လို့၊ ပြောလိုက်ရမလား"

ကံခေ၍ ဝေးရတော့မည် သိသောအခါ၊ ဉာဏ်မီသလောက် တွေးဆ,မိသမျှ၊ နီးစပ်ရာ သူငယ်ချင်းနှင့် တိုင်ပင်မိလေသည်။

မင်းမြတ်စံက ...,



သစ္စာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက် ...

"ဒီနှစ်မှ၊ ငါတို့ ..., မင်းတို့က၊ တက္ကသိုလ် တက်ကြရမှာလေကွာ။

ချစ်တယ် ... လို့ ရတနာ့ကို၊ မင်း ... ပြောလိုက်ရင်၊ ရည်းစားတွေ ဖြစ်သွားကြမှာပေ့ါ။ ရည်းစားထားဖို့, ငယ်သေးတယ် ထင်တယ်"

"ငါက ...၊ ရတနာ့ကို၊ ရည်းစားလို ချစ်ချင်တာမျိုးကြီးတော့၊ မဟုတ်ပါဘူး။ ငါ ...၊ သူနဲ့ မခွဲချင်တာ။ ဘယ်တော့မှ မဝေးချင်တာ။ ဝေးသွားကြရရင်တောင်၊ ဘယ်တော့မှ မမေ့တဲ့, သူတွေ ...၊ ဘယ်တော့မှ မမုန်းတဲ့,သူတွေ၊ ဖြစ်ချင်တာ" ... ဟု၊ ကျွန်ကော် ပြောတတ်သလောက်, စကားဖြင့်၊ ရင်ဖွင့်ပြောပြမိသည်။

"ဘယ်တော့မှ မမုန်းတဲ့သူတွေဆိုတော့ ထာဝရပေ့ါ။ ဟုတ်လား"

"ဟုတ်တယ်"

ဓားက ...

"ထာဝရမှာ၊ နောက်ဆုံးအချိန် ရှိသလား"

"ဘာ"

"အင်း။ ငါ ... မပြောတတ်ပါဘူး။ အဲ ...

ငါ .., ပြောချင်တာက၊ ဒီ ... လောက,မှာ၊ ထာဝရ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ၊ မရှိလောက်ဘူး ထင်တာပဲ''

''ထာဝစဉ် ဆိုတာက,ရော''

''ထာဝရနဲ့ အဓိပ္ပာယ် အတူတူပဲ နေမှာပေါ့။ ငါတော့ ... ဉာဏ်မမီဘူးကွ။

မင်းရော ..., ရတနာရော, အတူတူခံစား နေရကြရတာတော့၊ ငါ ... သိပါတယ်။ ဒါပေမဲ့ ... အကြံမပေးတတ်ဘူး''

''ငါ ...၊ ဘာလုပ်ရမှန်းလည်း၊ မသိဘူး။ ဘယ်သူ့ကို မေးရမှန်းလည်း၊ မသိဘူး'' ... ဟု၊ ခေါင်းကုတ်လျက်၊ ကျွန်တော် ပြောသည်။

''မင်း အစ်ကို၊ ကိုသက္ကကို၊ မေးကြည့်ပါ လား''

''ငါ့ အစ်ကိုက၊ ရည်းစားပွေတယ်ကွ။ ငါ့ကို ရည်းစားပွေနည်းပဲ၊ သင်ပေးမှာပေါ့။

ထာဝရ ချစ်နည်း၊ ထာဝစဉ် ... ချစ်နည်း တော့၊ သင်တတ်မှာ မဟုတ်ပါဘူး''

မင်းမြတ်စံက ...

''သူမှ ...၊ အခု ... မပွေတော့ဘဲ။ ရည်း





စားများလို့၊ ခဏ ... ခဏ ချစ်နည်းတောင် သိနေ တာပဲ။

အမြဲတမ်း ချစ်နည်း၊ ထာဝစဉ် ချစ်နည်း လည်း၊ သိချင် သိမှာပေါ့''

''မင်းတို့ပါ လိုက်ခဲ့'' ... ဟု၊ ကျွန်တော် အဖော်ခေါ်သည်။

...းရော ... မင်းမြတ်စံပါ၊ ခေါင်းညိတ်ကြ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"လူငယ်ဆိုတာ၊ တစ်ခုခုကို သိချင်ရင်၊ သိအောင် ပြောနိုင်မယ့်နေရာကို၊ အရောက်သွားရတယ်။ ပြီးတော့ . . . တကယ်သိအောင် လုပ်ရတယ်။ အဲဒီလိုပဲ။ တစ်ခုခုကို ရချင်ရင်လည်း၊ ရနိုင်မယ့်နေရာကို၊ အရောက်သွားရတယ်။ ပြီးရင် . . . တကယ်ရအောင်လုပ်ရတယ်" . . . ဟု၊ အစ်ကို ကိုသက္က ပြော၏။

"ဒါပေမဲ့ . . .၊ မင်း သိချင်တဲ့ကိစ္စက၊ သိပ်၊
သေးနေတယ်ကွ"

ထိုစကားကို၊ ကျွန်တော် ဘဝင်မကျ။ ဒါပေမဲ့ . . ., ပြန်မပြောရဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာလေးတို့ မိသားစု၊ ပြောင်းတော့မယ်။
နယ်ကို။

မင်းတို့နှစ်ယောက် မဝေးချင်ဘူး၊ ဝေးနေခဲ့ ကြရရင်တောင်၊ အမြဲတမ်း ထာဝရ၊ ထာဝစဉ်၊ မခွဲ ရတဲ့သူတွေ ... မမေ့မမုန်းကြတဲ့သူတွေ၊ ဖြစ်ချင် တယ်။

ဟုတ်တယ်နော် ...။ မင်း ... မေးတဲ့ မေးခွန်း"

ကျွန်တော် ခေါင်းညိတ်လိုက်၏။

အစ်ကို သက္ကက ...၊

"ထာဝစဉ် ... ဆိုတာ။ ထာဝရ ... ဆိုတဲ့ ဝေါဟာရနဲ့၊ အစဉ် ... ဆိုတဲ့ ဝေါဟာရ၊ တွဲထား တဲ့ ... စကားလုံး။

ငါ့ရဲ့ ပွေ့ခဲ့ရှုပ်ခဲ့တဲ့၊ အတွေ့အကြုံအရ ပြောပြရင်တော့၊ ချစ်သူရည်းစား လောက,မှာ ထာဝစဉ်ဆိုတာ မရှိဘူးကွ။

ချစ်သူအချင်းချင်း၊ ထာဝရ ချစ်မယ် ... နော်၊ ပြောကြတယ်။ ရည်ရွယ်ကြတယ်။ ဒါပေမဲ့





... မုန်းစရာလည်း တွေ့ရော။ အဲဒီ ... ထာဝရကြီး က၊ ပျက်သွားရော။ အနိစ္စ ဖြစ်သွားရော"

အစ်ကိုသက္က၏စကားကို၊ ကျွန်တော် နားရှင်းသော်လည်း၊ နားမဝင်ချင်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော် လိုချင်ရာ အဖြေ မပါဝင်သေး။

"အဲဒီကောင်မ,အကြောင်း၊ မပြောနဲ့ ... တို့၊ အဲဒီအကောင်အကြောင်း၊ မကြားချင်ဘူး ... တို့။

မောင်တွေ အသည်းတွေ၊ ခေါ်ခဲ့ကြပြီးမှ၊ အကောင်တွေ၊ ကောင်မ,တွေ ...၊ ဖြစ်သွားကြတာ ကွ"

"ဒါဆို၊ အမြဲတမ်း ချစ်လို့ရတာ၊ မရှိဘူးပေါ့"

ကျွန်တော် စိတ်စောလွန်းစွာမေးမိသည်။ အစ်ကို ကိုသက္ကက၊ ဆက်ကာပြီး ...၊

"ဘယ်သူခွဲခွဲ။ ဘယ်လိုကွဲကွဲ။ ဘယ်လို ... ဝေးဝေး။ ဘယ်လောက် ဝေးဝေး။ အမြဲတမ်း မမုန်း, မမေ့ဘဲ၊ တွေးလိုက်တိုင်း သတိရ၊ ပြောလိုက် တိုင်း၊ အေးမြစေတဲ့၊ ချစ်ခြင်းမေတ္တာတစ်မျိုးတော့၊ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားစိုက်ထောင်၏။ ဓားနှင့်, မင်းမြတ်စံက

လည်း၊ စိတ်ဝင်တစား။

“သူ့အကြောင်း မပြောနဲ့ကွာ . . . လို့

တောင်၊ တားဖို့ မလိုတဲ့ . . . အချစ်။ ပြောလိုက်တိုင်း

ကြည်နူးအေးချမ်းနေတတ်တဲ့ မေတ္တာ။

အဲဒီ့ အချစ်၊ အဲဒီ့ မေတ္တာနဲ့၊ ချစ်နေလိုက

တော့။ ဘယ်သူက, ဘယ်သူ့ကို ချစ်ချစ်။ ဘယ်

လောက် ဝေးဝေး၊ ဝေးတယ် . . . လို့လည်း၊ မထင်

ဘူး။

စိတ်ဆိုးစရာ ကြုံခဲ့ကြရရင်တောင်၊ အမြဲတမ်း

ခွင့်လွှတ်ကြရတယ်”

“ဘယ်လောက် ဝေးဝေး၊ ဝေးတယ်လို့

တောင်၊ မထင်ဘူး။ ဟုတ်လား အစ်ကို”

ကျွန်တော် လိုလားမက်မောစွာ၊ မေးမိ၏။ အစ်ကိုသက

ခေါင်းညိတ်ပြသည်။ ပြီးမှ . . .

“ငါ . . .။ ရည်းစားတွေ . . . အများကြီး

ထားဖူးတယ်လေ။

ဘယ်လောက်ချစ်ကြတယ် ပြောပြော၊ ကိုယ်





အမှား၊ သူ့အမှားတွေကြောင့်၊ ကွဲကွာသွားခဲ့ကြရတာ

ပဲ။

လမ်းမှာ . . . တွေ့ရင်တောင်၊ မျက်နှာလွှဲကြ၊

မျက်စောင်းထိုးကြ။ ဖြစ်ကုန်ကြတာ။

အခု . . ., ငါ . . .၊ ရည်းစားမပွေတော့တာ၊

မင်းတို့, သတိထားမိကြလား”

ဓားရော, ကျွန်တော်ရော, မင်းမြတ်စံပါ၊ ခေါင်းညိတ်ပြကြ

၏။

“ငါ . . .၊ ကောင်မ,လေးတစ်ယောက်ကို၊

သိပ်ချစ်မိတယ်ကွ။ သူနဲ့ကွေကွင်းမှာ၊ ကြောက်တတ်

လာတယ်။ သူ . . . မုန်းမှာ . . . စိုးရိမ်လာတယ်။

အဲဒါနဲ့ . . .၊ သူ့ကို အမြဲတမ်း . . ., ဘယ်

တော့မှ၊ မမုန်းနိုင်တဲ့ အချစ်နဲ့, ချစ်ဖို့၊ ငါ . . . စဉ်း

စားကြည့်တယ်။

စိတ်ဆိုး, စိတ်နာစရာ ကြုံရင်တောင်၊ တစ်

သက်လုံး၊ ပြန်မခေါ်ရလောက်အောင်၊ မုန်းလို့မရတဲ့,

အချစ်မျိုးပေါ့”

“အဲဒါ . . .၊ ဘယ်လိုအချစ်မျိုးလဲ အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ကိုသက္ကက၊ ကျွန်တော့်ကို သေသေချာချာကြည့်

လျက်၊ ပြုံး၍ ဖြေသည်။

"မောင်ချစ်၊ နှမ,ချစ်"

"ဩော် ...။ ဟုတ်သားပဲ"

"ရတနာလေးက၊ မင်းထက်၊ လ,ပိုင်းတော

ငယ်မှာပဲ။ အဲဒီတော့ ...၊ ရတနာ့ကို၊ နှမ,လေးလို

ချစ်လိုက်ပေါ့။

ဘယ်လောက်ဝေးဝေး၊ အဲဒါ ... ငါ့နှမ,လေ

လို့၊ တွေးလိုက်ရင်၊ ရင်ထဲမှာ အေးသွားမှာပဲ။

ဘယ်သူမေးမေး၊ အဲဒါ ..., ငါ့နှမ,လေ

ပေါ့ ... လို့၊ ဖြေလိုက်ရရင်၊ စိတ်ထဲမှာ ... နီးနီ

လေး ဖြစ်သွားတာပါပဲ။

တစ်ယောက်နဲ့တစ်ယောက်၊ စိတ်ဆိုးမိကြ

တောင်၊ အစ်ကိုက နှမ,ကိုချော့။ နှမ,က၊ အစ်ကို့

တောင်းပန်။ ကွေကွင်းစရာ ...၊ ဘာမှမရှိဘူး။

ချစ်သူရည်းစားတွေကျတော့၊ စိတ်ဆိုးစရာ

စိတ်နာစရာကို ညှိနှိုင်းလို့ မရတော့ဘူး ... ဆိုတာနဲ့

စနက်တံ, ဖြုတ်ပြီးသား၊ လက်ပစ်ဗုံးလေးလို





ပေါက်ကွဲဖို့က၊ အဆင်သင့်။

ပေါက်ကွဲပြီဆိုတာနဲ့၊ ပြန့်ကျဲ,ကွေကွင်းဖို့က၊

သေချာပြီ။

မောင်နဲ့နှမ,ဆိုတာ၊ ဘယ်တော့မှ လမ်းခွဲစရာ

မလိုဘူး။ မင်းတို့, ပြောတဲ့, ထာဝစဉ် ချစ်လို့,ရတဲ့

သူတွေပေါ့။

မင်းတို့, နင်တို့, နှစ်ယောက်က ဘာတော်

တာလဲ ... မေးရင်၊ ဘယ်သူမေးမေး၊ ဘယ်သူက,

မှ၊ သဘောမတူဘူး, မကြည်ဖြူဘူး ... လို့ ပြောလို့

မရနိုင်တဲ့၊ အချစ်မျိုးနဲ့၊ ဖြူဖြူစင်စင် ချစ်ကြသူတွေ

ပေါ့"

ကျွန်တော် ..., ဝမ်းသာကြည်နူး အေးချမ်းစွာဖြင့်၊ အစ်ကို

သက္ကကို၊ လက်အုပ်ချီလျက် ရှိခိုးလိုက်၏။

ရင်ထဲမှာ ...

တကယ် အေးချမ်းသွားခဲ့သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

"သူငယ်ချင်းဆိုပေမယ့်၊ အရမ်းမရောရဘူး
သက်နှင်းရဲ့"

အမေ့စကားကို၊ ကျွန်တော် နားမလည်။

ရတနာတို့မိသားစု ပြောင်းရွှေ့ရမည့်၊ မြန်မာပြည် မြောက်ပိုင်းဒေသ,သို့၊ ကျွန်တော်ပါ လိုက်ပါ ပို့ဆောင်လိုကြောင်း၊ အဖေ့ကို ပြောသည်။ အဖေက ... "မင်းအမေလွှတ်ရင် ... သွား" ... ဟု၊ ပြော၏။ အမေ့ကို ပြောတော့၊ အမေက ... "နင့်ဆွေမျိုးတွေမှ ပျော့တတ်တာ" ... ဟု၊ ပြောသည်။

ရတနာက ကျွန်တော့်ကို လွမ်းစွာခင်ကြောင်း၊ ကျွန်တော်က,



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ ဝေးရတော့မည်ကို၊ တွေးလျက် . . . ဝမ်းနည်းကြောင်း၊ ပြော ပြ ခွင့်တောင်းဖြစ်သည်။ သို့သော် . . . အမေ ခွင့်မပြု။ ခါးခါးသီးသီး ဟန့်တားခြင်းမျိုးတော့၊ မဟုတ်။

"နင်တို့က၊ အရွယ်ရောက်နေကြပြီလေ အရမ်း မရောရတော့ဘူး။

မိန်းကလေး မိဘ,က၊ အားနာလို့, မပြော တာနေမှာ။ ကိုယ်က . . . ဆင်ခြင်ရတယ်။ တော်ရုံ တန်ရုံ ခင်ပေါ့"

"တော်ရုံတန်ရုံခင် . . . ဆိုတာ၊ နည်းနည်းပဲ ခင်ခိုင်းတာလား . . . အမေ"

"ဟုတ်တယ်။ သွေးရင်း . . . သားရင်း မောင်နှမအရင်းတွေ မဟုတ်ကြဘူးလေ"

"ခင်ရာ . . . ဆွေမျိုးဆိုတဲ့ စကား၊ ရှိသားပဲ အမေရဲ့" . . . ဟု၊ ကျွန်တော် မဝံ့မရဲ၊ ပြောမိသည်။

"ဟဲ့။ အဲ့ဒါ . . . နင်တို့အရွယ်တွေ မပါဘူး။ လူကြီးမိဘ,တွေ၊ ခင်ကြမင်ကြ ရိုင်းပင်းကြဖို့ ပေါ် လာတဲ့ ဆိုရိုးစကား"

"ဒါဆို၊ အမေတို့က၊ ရတနာတို့မိသားစုကို၊





ဆွေမျိုးရင်းချာလို မခင်ဘူးလား"

"အမယ်။ မအေကို အမှုစစ်သလို လုပ်နေ ပြန်ပြီ။ အိမ်နီးချင်းပဲ၊ ခင်တာပေါ့။

နှစ်အိမ့်တစ်အိမ် ဝင်ထွက်နေခဲ့ကြတာပဲဟာ"

"သူတို့မိသားစု၊ အဝေးကို ပြောင်းကြရတော့ မှာ၊ အမေတို့၊ ဘာမှ မဖြစ်ဘူးလားဟင်။ ခွဲရတယ် . . . ဆိုပြီး၊ ဝမ်းမနည်းဘူးလား"

အမေက . . . ,

"ဟဲ့ . . . ။ အဲဒီ့ခေါင်းရင်းအိမ်က, နင့် . . . မမွေးခင်ကတည်းက၊ လာ . . . လာငှားနေကြတဲ့၊ အိမ်ငှားမိသားစုတွေ . . . ၊ တစ်စုပြီး တစ်စု၊ နေလိုက် . . . ပြောင်းလိုက်နဲ့ များလှပြီ။ ငါတို့က . . . , သူတို့ လာလိုက်၊ ခင်လိုက်။ ပြောင်းသွားလိုက်၊ ဝမ်းနည်း လိုက် လုပ်နေရမှာလား"

ကျွန်တော် စကားမတုံ့ပြန်နိုင်။

"ငယ်သေးလို့၊ မကြုံဘူးလို့၊ နင် . . . ဝမ်း နည်းသလိုလို၊ ဖြစ်တာပါ သားရယ်။

လူ့ဘဝ . . . ဆိုတာ၊ ဒီလိုပဲ . . . အချိန်တန်



www.burmeseclassic.com

www.burmeseclassic.com



ရင်၊ ခွဲကြရတာပဲ။ စွန့်ကြရတာပဲ။

နောက်ဆုံးမှာတောင်၊ ကိုယ့်ခန္ဓာကို၊ ကိုယ့်နှလုံးသွင်းမှုနဲ့ . . . ကိုယ်၊ မတွယ်မတာ စွန့်တတ်ကြရမှာ''

''လိုအပ်ရင်၊ ကိုယ့်ကိုယ်ကိုယ်တောင်၊ မတွယ်တာရဘူးကွ'' . . . ဟု၊ အဖေက . . . ကုလားထိုင်ပေါ်မှ၊ လှမ်းပြော၏။ ကျွန်တော် နားမလည်။ အမေက . . .

''နင် . . . တက္ကသိုလ်ကျောင်းသား ဖြစ်တော့မှာနော်။ ကလေးလို၊ တွေးမနေနဲ့တော့။

နင်တို့ သိပ္ပံပညာတွေမှာ၊ အာကာသ,ယာဉ်ဆိုတာကြီးတွေ၊ လွှတ်နေကြတယ် မဟုတ်လား''

ကျွန်တော် ခေါင်းညိတ်၏။

''အဲဒီ့ အာကာသ,ယာဉ် ထိပ်ဖူးကြီး၊ ဟိုး . . . အာကာသ,ထဲရောက်ဖို့ အောက်က,နေ မီးရှို့ပြီး လွှတ်ကြရတာ မဟုတ်လား''

အမေက၊ သူ နားလည်သလို မေး၏။ ကျွန်တော် ခေါင်းညိတ်ပြရသည်။

''ကောင်းကင်ရဲ့ အပေါ်ယံကိုလည်း ကျော်





ရော . . .။ တခြား . . . ယာဉ်အပိုင်းအစ,တွေ၊ ဖြုတ်ချခဲ့ရတာ . . . တဲ့။

အဲဒီလို ယာဉ်ကိုယ်ပိုင်းတွေ၊ စွန့်ခဲ့တော့မှ၊ အာကာသ,ထဲ၊ သွားမယ့် ထိပ်ဖူးပိုင်းက၊ လိုရာရောက်တာဆို''

''ဟုတ်ပါတယ်''

''အဲဒီလိုပဲ၊ နှလုံးသွင်းပေါ့။ နင်တို့ . . . သိပ္ပံခေတ်မှာ မွေးတဲ့သူတွေပဲ''

''ဘယ်လို နှလုံးသွင်းရမှာလဲ အမေရဲ့''

''ကိုယ့်ဘဝ . . . ကိုယ်၊ ရှေ့ဆက်ရမှာပဲလေ။ အမြင့်ရောက်ချင်ရင်၊ မလိုအပ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေ၊ စွန့်ပစ်ရတာပေါ့''

''ကျွန်တော်က၊ ရတနာ့ကို၊ စွန့်ရမှာလား''

အမေက . . . ,

''နင် . . . ရတနာ့ကို ကြိုက်နေလို့လား''

''ဟုတ်ပါဘူး''

''သူ့လမ်း သူသွား။ ကိုယ့်လမ်း ကိုယ်သွား . . . လို့၊ နှလုံးသွင်းပေါ့ဟဲ့။ ခင်စရာရှိတာ ခင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တာဝအတွက်၊ ကိုယ့် ... လုပ်စရာရှိတာ
... လုပ်ပေါ့။
ငါ ... ငယ်ပါသေးတယ် ... လို့၊ ကိုယ့်
ကိုယ်ကိုယ် ... တွေး။ အမေ ပြောတတ်တာတော့၊
နှင့် ... ငယ်သေးလို့, ခံစားနေတာပါ"

အမေပေးသော အကြံဉာဏ်စကားများကို၊ ကျွန်တော် မည်သို့မျှ၊ အသုံးမပြုတတ်။

ဝေးရမှာစိုးသော စိတ်သည်၊ ငယ်ရွယ်သူတို့ထံတွင်သာ၊ ဖြစ်လေ့ရှိသည်ဆိုသော၊ အမေ့ထင်မြင်ချက်ကို၊ ကျွန်တော် လက်မခံချင်။

နှလုံးသား ရှိသူတိုင်း၊ ခင်မင်တွယ်တာသူနှင့် ဝေးရ, ခွဲရမည်ကို၊ စိုးရိမ်တတ်ကြလေမည် ... ဟု၊ ကျွန်တော် တွေးမိသည်။ အသက်, အပိုင်းအခြားနှင့် မဆိုင် ... ဟု၊ ကျွန်တော် တွေးမှတ်သည်။

ဘာဖြစ်လို့လဲဆိုတော့ ... ကျွန်တော်က၊ နောင်, လူကြီးဖြစ်လာမည့်၊ အသက်အရွယ်အထိ၊ ရတနာနှင့် ခွဲရ,ဝေးရမည်ကို၊ စိုးရိမ်နေတတ်ဦးမည် ... ဟု၊ ကိုယ့်ကိုယ်ကိုယ် သိနေခြင်းကြောင့်၊ ဖြစ်၏။





ရတနာသည်လည်း၊ ကျွန်တော်ကဲ့သို့၊ ခံစားကြေမြေ့နေမည် ... ဟု၊ စာနာသိဖြင့်၊ သိသည်။

အသက်အရွယ် အပိုင်းအခြားမရှိ လွမ်းတတ်သူတိုင်း၊ လွမ်းနေမိကြပေလိမ့်မည်။

အလွမ်း ... ဆိုတာ၊ ဘယ်ကမ်းကိုဖြစ်ဖြစ်၊ စီးဆင်းတတ်သော မြစ်ရေကဲ့သို့၊ ဘယ်ပြတင်းပေါက်ကို ဖြစ်ဖြစ်၊ စိမ့်ဝင်တတ်သော လေပြည်ကဲ့သို့၊ အတိုင်းအဆ, အရွယ်, အသက်တို့ဖြင့်၊ ပိုင်းဖြတ်ခံစား၍ရသော အရာမဟုတ်။ (ငယ်သူ, ကြီးသူ မရွေး။ အလွမ်းဘေးတော့၊ သင့်ဖူးကြပေမည်)။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

"ဒါဆို ငါက ... နင့်ကို၊ အစ်ကို ... လို့၊ ခေါ်ရမှာပေ့ါ"

"အင်းပေ့ါ"

"ခေါ်ချင်ဘူး"

"မောင်နှမ,လို၊ ချစ်ကြမယ်ဆို၊ ခေါ်ရမှာပေ့ါ"

"သက်နှင်း ... လို့ပဲ၊ ခေါ်ချင်တာ"

"အဲဒါ ... သူငယ်ချင်းမို့ ခေါ်တာလေ။ မောင်နှမ,ဆိုတာ၊ သူငယ်ချင်းထက်၊ ပိုပြီး ... ရင်းနှီးတယ်။ ပိုပြီး နီးတယ်။ ဘယ်သူမှလည်း၊ မခွဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရတနာက၊ စဉ်းစားပြီး၊ ရယ်လျက် ...,

"နင်က ... ငါ့ကို၊ အစ်မ,လို့၊ ခေါ်ပါလာ

"ငါက ... နင့်ထက်၊ အသက်နှစ်လ,

တယ်လေ။

ညီမ,လေး ... လို့ပဲ၊ ခေါ်ရမှာ"

ရတနာ ... နှုတ်လေးနေ၏။

"နင်က ...၊ ငါ့ကို အစ်ကိုလို့၊ မချစ်

ဘူးလား"

"သူငယ်ချင်းလို့ပဲ ချစ်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"သူငယ်ချင်းဆိုတော့၊ အမြဲတမ်း ... ဆိုး

ရတာပေါ့။ ရိုသေစရာ မလိုဘူးလေ။ အစ်ကိုလို့

ရင်၊ ငါ ... ဆိုးလို့မရတော့ဘူး။ ရိုရိုသေသေ နေ

တော့မှာ"

"ရိုသေစရာ မလိုပါဘူး။ အစ်ကိုကို၊ နှမ,

ချွဲကြ၊ နွဲ့ကြတာ တစ်ပုံကြီး"

"ဟုတ်လား"

"ဟုတ်တယ်"





"ပြီးတော့ ...၊ ဘယ်တော့မှ မဝေးရတော့

ဘူးနော်"

"အင်းပေါ့။ ဝေးရင်တောင် ... ခဏပဲ ဝေး

မှာ။ ပြီးတော့ ... ဘယ်တော့ဖြစ်ဖြစ်၊ မောင်နှမ,ဆို

ရင်၊ ဘယ်သူမှ ... ခွဲကြမှာ မဟုတ်ဘူးလေ"

"အင်း ...။ ဟုတ်တယ်။ မေမေလည်း

ပြောဖူးတယ်"

"ဘာလဲ"

"သမီး ကလေးမဟုတ်တော့ဘူး ... တဲ့။

မောင်သက်နှင်းကို၊ အရမ်း ... မရင်းနှီးရဘူး ... တဲ့။

ပတ်ဝန်းကျင် တစ်မျိုးထင်မယ် ... တဲ့"

"နင်က, ဘယ်လိုပြန်ပြောလိုက်လဲ"

"သက်နှင်းက၊ သမီးဘဝ,ရဲ့ အခင်ဆုံး ...

လို့။ မေမေတို့, တစ်မျိုးမထင်ရင်၊ သမီး ကျေနပ်

တယ် ... လို့၊ ပြောပြလိုက်တယ်။

မောင်သက်နှင်းကို၊ မခင်စေချင်လို့ ပြောတာ

မဟုတ်ဘူး ... တဲ့။ မေမေက, ရှင်းပြတယ်"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ...။ လူကြီးတွေက၊ ဘာကို စိုးရိမ်ပြီး ပြောကြတာလဲဟင်။ နင် ... သိလား၊ သက်နှင်း"

ကျွန်တော် သိပါသည်။ သူလည်း သိပါလိမ့်မည်။ သို့သော် ... မသိဟန်ပြု၍ မေးမြန်းနေသူအပေါ် သိသည့်အတိုင်း၊ ပြောပြလိုက်လျှင်ပင်၊ မသိသည့် အခြေအနေလေး ယိမ်းလူပ်သွားမည်စိုးသဖြင့်၊ မသိသလိုသာ၊ ကျွန်တော် နေလိုက်လေ၏။

"နင် ..., အစ်ကို ... လို့၊ မခေါ်ချင်လို့ စကားတွေ လွှဲနေတာလား"

"မဟုတ်ပါဘူး"

"မကြာခင်မှာ၊ ခွဲကြရတော့မှာ ညီမ,လေးရဲ့ မောင်နှမ,လို့ သတိရကြဖို့ မောင်နှမ,လို ဆက်သွယ်နေကြဖို့ အခု ..., အရေးတကြီး အချိန်ကို ရောက်နေတာလေ။

နင်က ...၊ အစ်ကို ... လို့၊ ခေါ်ဖို့၊ နှုတ်လေးနေရင်။ ငါက ... နင့်ကို၊ ညီမလေး ... လို့ အရင်ခေါ်ပါ့မယ်။ နော် ..."

ရတနာ ခေါင်းညိတ်၏။

"ငါက ... ညီမ,လေး ... လို့၊ ခေါ်ရင်





နင်က ... ငါ့ကို၊ အစ်ကို ... လို့၊ ပြန်ခေါ်နော်။

တစ်သက်လုံး ... အဲဒီလိုပဲ၊ ခေါ်ကြမယ် ... နော်"

မျက်နှာလေး ညှိုးလျက်၊ ရတနာ ခေါင်းညိတ်၏။

"ညီမလေး"

ရတနာ၊ ကျွန်တော့်ကို၊ ငေးကြည့်သည်။ မျက်ရည်လဲ့လဲ့ကို၊ မြင်ရသည်။ မျက်ရည်လဲ့ မျက်ဝန်းကို၊ မျက်တောင်ကော့လေးများဖြင့်၊ ပုတ်ခတ်ပြီး ..

"အစ်ကို"

"ညီမ,လေး"

"အစ်ကို"

"ညီမလေး"

မေတ္တာဒီရေသည် နှလုံးအသည်း ... သို့၊ တဝုန်းဝုန်း ရိုက်ခတ်ဖို့မလို၊ တစ်စက်တစ်ပေါက်မျှပင်၊ ဖြစ်လင့်ကစား။ အကြိမ်အကြိမ် အခါခါ၊ အဆက်မပြတ်၊ စီးဆင်းလေသည့်အခါ၊ နှလုံးသားတွင်မက၊ သဝတစ်ခွင်လုံးကိုပါ၊ ဖုံးလွှမ်းတိုက်စားနိုင်ပေသည်။

ပြင်းထန်ဖို့မလို။ ငြိမ့်ညောင်းစွာ အခါခါ၊ သာယာစွာ၊ စီးဆင်းနေဖို့လိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာသည်၊ အချစ်လောက် မပြင်းထန်။

သို့သော် ... အစဉ် စီးဆင်းနိုင်စွမ်း၏။

အချစ်သည် မေတ္တာထက်၊ ပြင်းပျနိုင်လွန်းသည်။

သို့သော် ...

သစ္စာတရားသည်ကား၊ ချစ်ခြင်း, မေတ္တာများစွာတို့ထက်၊ ပို၍ ခိုင်မြဲနိုင်ပြန်၏။

"အစ်ကို"

"ပြောလေ ... ညီမ,လေး"

"ဟိုကဗျာလေးကို၊ အစ်ကို ... ရွတ်ပြ"

"သစ္စာတိုင် ရတု ... ဆိုတဲ့, ကဗျာလား"

ရတနာ ခေါင်းညိတ်၏။

"ညီမ,လေး အလွတ်ရပြီလား"

"ရပြီ"

"ဒါဆို ... အတူ သံပြိုင်ရွတ်ကြမယ်လေ"

မျက်တောင်လေး စင်းလျက်၊ မျက်လုံးမှိတ်ကာ၊ ခေါင်းညိတ်၏။

"......

......





..... ။

..... ။

သည်းဦးစကား

တူပြိုင်နားဆင်၊

နိုင်ကြင် ... ဘဝ,

တိုင်ပင်ကြရင်း ...၊

ထာဝရ, အပါး

ဘာမှ ...,

မခြားဘဲ ...

ကာလ, များစွာ ရှိချင်တယ်"

"သစ္စာတိုင် ရတု" ကို၊ သံပြိုင်သီဆိုခဲ့ကြ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

အစ်ကို . . .

သတိရ,လို့၊ ငိုမိတယ်။

မေမေတို့, ဖေဖေတို့, မမြင်အောင် ငိုရတာပေါ့။ ဆေးရုံမှာပဲ၊ ဖုန်းရှိတာ။ အိမ်မှာ ဖုန်းမရှိဘူး။

အဲဒါကြောင့်, ရတနာ ဒီစာကိုရေးတာ။ သတိရလိုက်တာ အစ်ကိုရယ်။

ဖေဖေက ဝန်ထမ်းဆိုတော့၊ ဒီလိုပဲ၊ အမြဲတမ်း ပြောင်းရွှေ့ နေရမယ်ဆိုတာ၊ သိလို့၊



www.burmeseclassic.com

www.burmeseclassic.com



ရတနာ ဘယ်သူ့ကိုမှ၊ ခင်ခင်မင်မင် မနေခဲ့ဖူးဘူး။

သံယောဇဉ်ဆိုတာ၊ ကြားပဲ ကြားဖူးခဲ့တာပါ။ အခု . . . ဒီ သံယောဇဉ်ဆိုတာကို၊ ရတနာ ကြုံဖူးခဲ့ရပြီ။

သတိရ,လို့၊ ငိုနေမိတာ၊ သံယောဇဉ်ကြောင့်လား အစ်ကို။ သတိရတာက, လွဲပြီး၊ အကြောင်း ထွေထွေထူးထူး မရှိပါဘူး။

ရတနာ့ဆီကို၊ မြန်မြန်စာပြန်နော် . . . အစ်ကို။

ဘာမေဂျာရလဲ . . . ပြောဦးနော်။

ညီမလေး . . .

ရတနာ

❀

အစ်ကိုလည်း၊ သတိရပါတယ် ညီမလေး။ ကျောင်းပိတ်ရက်၊ ညီမ,လေးဆီကို၊





အစ်ကို . . . လာလည်မယ်နော်။

ဦးလေးနဲ့ ဒေါ်ဒေါ့်ကို၊ ပြောထားပေး။ တားနဲ့မင်းမြတ်စံတို့လည်း၊ လိုက်မယ် ပြောတယ်။

အစ်ကို မြန်မာစာ မေဂျာပဲ ယူတယ်။ ဝါသနာပါလို့ပါ။ (စာပေသမားလုပ်ဖို့တော့၊ ရည်ရွယ်ချက် မရှိပါဘူး)။ အစ်ကိုက၊ မြန်မာလူမျိုးဆိုတော့၊ မြန်မာစာကို၊ ပိုချစ်ကြည့်တဲ့ သဘောပါ။

တားနဲ့မင်းမြတ်စံက,တော့၊ ပထဝီမေဂျာ၊ ယူကြတယ်။

ညီမ,လေးက . . . E မေဂျာဆိုတော့၊ တော်တာပေါ့။ အဲဒီ့မှာ၊ ရာသီဥတုအေးတယ်ဆို။ ကျန်းမာရေး ဂရုစိုက်နော်။

ဘာသာတရားကို၊ ပိုပြီး သက်ဝင်နော်။ အစ်ကို စိတ်မချဘူး ညီမ,လေး။ ရတနာ . . . ဆိုတဲ့ကောင်မ,လေး၊ အဲဒီမှာ . . . မေဂျာ Queen ဖြစ်နေပြီလား။ အလှဂုဏ် မမောက်နဲ့နော်။

အလှဂုဏ်မမောက်နဲ့ဆိုတာ၊ ကျောင်းမှာ ငါ,အလှဆုံးပဲ . . . ဆိုပြီး၊ သူတစ်ပါးကို၊ မတူ



www.burmeseclassic.com

www.burmeseclassic.com



မတန်သလို မလုပ်ဖို့၊ ချဥ်းကပ်သူတွေ များတဲ့ အပေါ်မှာ၊ မပျော်မွေ့ဖို့ မှာချင်တာပါ။

ရုပ်ရှင်မင်းသမီး လုပ်ချင်စိတ်တွေ ဘာတွေလည်း၊ မဝင်စေနဲ့ဦး။ သဘင်သည်ဆိုတာ၊ အပြုအမူမှားရင်၊ အ,ကုသိုလ်ကြီးတတ်တယ် ... တဲ့။ နော် ... ညီမ,လေး။

ညီမ,လေး ပို့လိုက်တဲ့ ဓာတ်ပုံတွေကို၊ ကြည့်ပြီး ...၊ အမေက ... ရတနာ တော်တော် လှလာတာပဲ ... တဲ့။ ဓားနဲ့မင်း မြတ်စံက၊ ရုပ်ရှင်မင်းသမီး လုပ်လို့ရတယ် ... တဲ့။ အစ်ကို က,တော့၊ မလုပ်စေချင်ပါဘူး။

အစ်ကို့ညီမ၊ လှလှလေးကို၊ အစ်ကိုက၊ ဒီအတိုင်းပဲ ...၊ ကျန်းကျန်းမာမာ, တော်တော် တတ်တတ်, မြင့်မြင့်မြတ်မြတ်လေး ရှိစေချင်တာ။ ညီမ, ချောချောလေးကို၊ အစ်ကို၊ စိတ်မချဘူး နော်။ ကျန်းမာရေးက, ... အစ၊ ပညာရေး ... အလယ်၊ လူမှုရေး ... အဆုံး။ အကုန်လုံး စိတ်မချဘူး။



သန္တာတိုင်ရတုကို သံပြိုင်သီဆိုနေပါလျက် ...

ညီမ,လေးကို၊ သတိရရင်၊ အစ်ကိုက၊ ကဗျာတွေ ... ရေး ရေးထားတယ်။

ဓားနဲ့မင်းမြတ်စံက၊ အစ်ကို့ကို၊ ကျောက် တွင်း ... တဲ့။ စိတ်ထဲ, ရင်ထဲမှာ ရတနာတွေ ထွက်ထွက်နေလို့ .. တဲ့။ (ကဗျာတိုင်းက ..၊ညီမ ,လေး ရတနာ့ကို၊ ရည်ရွယ်ပြီး၊ ရေးထားတာကိုး)။

နောက်မှ ...

ကဗျာလေးတွေ ...၊ ပို့ပေးမယ်နော်။ အစ်ကို့ညီမ,လေး ရတနာက၊ အစ်ကို့ ကဗျာလေး ပါ။

အစ်ကို့ကဗျာလေးတွေက၊ ရတနာလေး တွေပါ။

သတိရတဲ့ အချိန်တိုင်းကို၊ အဲဒီ ... ရတနာလေးတွေနဲ့ပဲ၊ စီခြယ်ထားရတာပေါ့။ ညီမ လေး ရတနာ၊ အစဉ် တောက်ပ,ပါစေ။

ညီမလေးရဲ့,

သက်နှင်း

❀



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ...

စာမေးပွဲ ပြီးတာနဲ့ ညီမ,လေးတို့ အိမ်ကို အစ်ကို လာလည် နော်။

ညီမ,လေးဖို့ ဂိမ်းခွေတွေလည်း ဝယ်လာခဲ့။ ဖေဖေ့,ဆေးရုံ ဖုန်းနံပါတ်ကို ထည့်ရေးပေးလိုက်တယ်နော်။ အခုထိ ... အိမ်မှာ ဖုန်းမတပ်ရသေးဘူး။ ဖုန်းတပ်ပြီးတာနဲ့ ဖုန်းဆက်မယ် သိလား။

မေမေလည်း ... အစ်ကို့ကို မျှော်နေတယ်။

ကျောင်းမပြီးမချင်း ရည်းစား မထားနဲ့နော်။ ထားတယ်ဆိုတာနဲ့ ညီမ,လေး ငိုမှာပဲ။ ပြီးတော့ မခေါ်တော့ဘူး။ ဒါပဲ။

ဦးဦး, ဒေါ်ဒေါ်နဲ့ အစ်ကို ကိုသက္ကတို့ကိုလည်း ညီမ,လေး သတိရတယ် ... လို့ ပြောပေးပါနော်။ (စားစုတ်နဲ့မင်းမြတ်စံကိုလည်း သတိရ





ပါတယ် ... လို့)။

အစ်ကို ...၊ ညီမ,လေးကို ဘာဖြစ်လို့ စိတ်မချတာလဲဟင်။ ညီမလေး လိမ္မာပါ့မယ် နော်။ အစ်ကို စိတ်ချနော်။ (လှတာ, ချောတာ ချက်စားလို့ မရပါဘူး အစ်ကိုရဲ့)။

သတိရတဲ့ ညီမလေး ...

ရတနာ

❋

... အလိုလိုနေရင်း စိတ်မချတာပါ ညီမ,လေးရယ်။ ညီမလေး လိမ္မာမှန်း သိပါတယ်။

အစ်ကို ဘယ်တော့မှ ရည်းစားမထားဘူး။ အစ်ကို လူကြီးဖြစ်လာရင် ညီမ,လေးကို စောင့်ရှောက်ရဦးမယ်လေ။

ရည်းစားထားလိုက်လို့ အဲဒီ့, ရည်းစားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညီမ,လေးနဲ့ မတည့်ရင် ဘယ်လိုလုပ်မလဲ။

အလကား နောက်တာပါ ညီမ,လေး ရယ်။ ညီမ,လေး ဖတ်ဖို့ ကဗျာတွေ၊ အများကြီးပဲ၊ ရေးထားတယ်။ "ကြမ္မာ . . . စိမ်း" ဆိုတဲ့၊ ကဗျာ ရဲ့၊ နောက်ဆုံးပိုဒ်လေးကို၊ အစ်ကို ရေးပေးလိုက် တယ်နော်။

. . . . . . . . .

စိမ်းကားတဲ့ . . ကံကြမ္မာရေ<br>
ပြေစမ်းပါ . . . မင်း။<br>
သိမ်းထားတဲ့, ရတနာကို<br>
ဘယ်အခါ . . ဘယ်မှာ ပျော်စေမလဲ၊<br>
နွေထဲမှာ အရောင်တောက်<br>
နွေအောက်မှာ လှဲ့လှဲ့ဝင်း<br>
(ရတနာရယ်)<br>
ထွန်းတင့်စွာ . . . လင်း။ ။

(သက်နှင်း)

❀





အစ်ကို့ ရည်းစားနဲ့လည်း၊ တည့်အောင် မနေနိုင်ဘူး။ ရည်းစား . . . ဆိုတဲ့ စကား၊ နောက် တစ်ခါ၊ စာထဲမှာ ပါလာရင်၊ ရတနာ . . . ကိုယ့် ကိုယ်ကိုယ် သတ်သေလိုက်မယ်။ ဒါပဲ။

ကဗျာတွေ၊ အများကြီး ရေးထားတယ် ဆိုပြီးတော့၊ တိုတိုလေးပဲ ရေးပေးတယ်။ ရေး သမျှတွေ . . . ရတနာ့ကို၊ ပေးဖတ်ရမယ်နော်။

ဖတ်ပြီး . . . ၊ နားမလည်ရင် . . . အစ်ကို က၊ ပြန်ရှင်းပြနော်။ အစ်ကိုနဲ့, ညီမလေးနဲ့ တွေ့ ရင်လည်း၊ ကဗျာတွေ . . . ယူလာနော်။

အစ်ကို . . . ။ ရတနာ့အနားမှာ၊ အစ်ကို၊ အမြဲတမ်း နေပေးရမယ်နော်။ ညီမ,လေး အားငယ် တယ် အစ်ကိုရယ်။

ဘယ်သူ့ကိုမှ၊ မချစ်ရဘူးနော်။ ဘယ် ရည်းစားကိုမှ၊ ချစ်ဖို့, စိတ်မကူးနဲ့နော်။ ရတနာ သေလိုက်မှာနော်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ ...။

ညီမလေး ...

ရတနာ

❋

ကဗျာတွေက၊ အများကြီးပဲ ညီမ,လေး ရဲ့။ ပြီးတော့ ... ညီမ,လေး နားမလည်ရင်၊ ရှင်း ပြရဦးမှာလေ။

အစ်ကိုလာမှပဲ၊ ကဗျာစာအုပ် ယူလာခဲ့ မယ်။ မှတ်တမ်းစာအုပ်လိုမျိုး၊ ရေးထားတာဆို တော့၊ အများကြီးပေါ့။

သတိရတိုင်း ... ရေးတယ်၊ ပျော်တိုင်း, စိတ်ညစ်တိုင်း တစ်ခုခုခံစားရ,တိုင်း၊ ရေးတယ်။

ဘယ်သူဖတ်ဖို့မှ၊ မဟုတ်ဘူး။ ညီမ, လေး ဖတ်ဖို့။

အဲ ...။ စာထဲမှာ ... ညီမ,လေး





မကြိုက်တာ၊ ထည့်မရေးတော့ဘူးနော်။ အစ်ကို လေ ... သံယောဇဉ်ဆိုတာကို၊ သိထားဖြစ်တဲ့ အချိန်က စ,ပြီး၊ ဒီ ... ကမ္ဘာလောက,မှာ၊ သံယောဇဉ်ဆိုတာ၊ အစ်ကို့ညီမ,လေး ရတနာပဲ ... လို့၊ သတ်မှတ်ထားပြီးသားပါ။

သတိရလွန်းလို့၊ ကဗျာတွေ၊ ရေးထား တာပါ ညီမလေး။

သတိတရ

သက်နှင်း

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

"ဒါဆို . . . ။ အဆက်အသွယ် ပြတ်သွားတာကြာပြီပေါ့"

မင်းမြတ်စံ၏အမေး။

ကျွန်တော် ခေါင်းညိတ်သည်။ ထားက . . .

"ဟို . . . ။ သူ့အဖေရဲ့ . . . ဆေးရုံ၊ အဲ့ဒီကိုဖုန်းဆက်ကြည့်တယ် မဟုတ်လား"

"ဆက်တယ်လေ။

ပြောင်းသွားပြီ . . . တဲ့။ ဘယ်ပြောင်းသွားတာလဲ . . . မေးတာ။ မသိဘူး . . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို၊ မင်း . . . ,ဘယ်လို၊ လုပ်မလဲ"

"ငါ . . . လိုက်သွားချင်တယ်"

မင်းမြတ်စံက . . .

"လိုက်သွားလည်း၊ တွေ့မှာ မဟုတ်ဘူးလို့ ငါ . . . ထင်တယ်။ ပြောင်းသွားပြီဆိုကတည်းက၊ မရှိနိုင်တော့ဘူးလေ"

တားက . . .

"အဲဒီ့ . . . ဆေးရုံကိုပဲ၊ ထပ်မေးကြည့်ပါလား"

"ငါ . . . သုံးလေးခါဆက်တယ်၊ ပြောင်းသွားတယ်။ ဘယ်ကိုပြောင်းတယ်ဆိုတာ၊ မသိဘူး။ ဒါပဲဖြေကြတယ်။

ဖုန်းကိုင်တဲ့သူတွေက၊ လိမ်ပြောစရာမှ၊ မရှိတာ။ တကယ် မသိကြတာ နေမှာပါ"

"အဲဒီလောက်၊ မြန်မြန်ဆန်ဆန်၊ ပြောင်းကြရလို့လား"

မင်းမြတ်စံက . . .

"ဩော် . . .။ ဝန်ထမ်းဆိုတာ၊ လိုတဲ့နေရာ



BURMESE CLASSIC .com



ကို၊ လိုတဲ့အချိန်သွားရတာပဲ"

တားက . . .

"ဟုတ်ပါပြီ၊ အမြန်ပြောင်းရတာပဲ . . . ထား။ အခု . . . တစ်နှစ်ပြည့်ပြီးပြီ။

ရတနာ . . . ဘာဖြစ်လို့ မဆက်သွယ်တာလဲ၊ ဒါမှမဟုတ်၊ ရတနာများ . . . တစ်ခုခု"

ကျွန်တော် တားရဲ့ပါးစပ်ကို လက်ဝါးဖြင့်၊ ဖိပိတ်လိုက်မိသည်။

"မပြောပါနဲ့တော့ တား။ ငါ . . . , မကြားချင်ဘူး။

ငါ . . . အရမ်းစိုးရိမ်နေတာကွ၊ ရတနာ . . . တစ်ခုခုဖြစ်မှာကို၊ ငါ . . . အရမ်းစိုးရိမ်နေတာ။

စာအိတ်မှာပါတဲ့ လိပ်စာအတိုင်း၊ ငါ . . . သွားချင်တယ်။ အမေတို့ ခွင့်မပြုဘူး။

ငါ . . . ခိုးသွားရင်လည်း၊ ငါ့ကို၊ စိတ်ဆိုးကြဦးမယ်။ အဲဒါ . . . ဟိုလိုလို ဒီလိုလိုနဲ့၊ ငါ . . . လိမ်ပြီးသွားဖို့၊ စဉ်းစားထားတယ်"

"ကျိုက်ထီးရိုး ဘုရားဖူးသွားမယ်ဆိုပြီး၊ လစ်ကြမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



... ဟု ဓား ပြော၏။ ကျွန်တော်က ...

"ဘုရားကို၊ အကြောင်းပြပြီး၊ မိဘ,ကိုလိမ်

တာ၊ အပြစ်ကြီးလွန်းမယ်"

"ဘုရားကို ပစ်မှားတာမှ မဟုတ်တာ။ မင်း

... လိမ်ပြောလိုက်လို့၊ တခြားသူ တစ်ယောက်

ယောက် ဒုက္ခရောက်မှာမှ၊ မဟုတ်တာ။

အကြောင်းပြရုံပဲလေ။ ငရဲ မကြီးလောက်ပ

ဘူး။ အ,ကုသိုလ်ကံတော့၊ ဖြစ်ချင်ဖြစ်မှာပေါ့"

ဓား၏စကားအဆုံးတွင်၊ မင်းမြတ်စံက ...

"သွားလာပြီးမှ၊ စိတ်မလုံတော့လည်း

မိဘ,ကို၊ ဝန်ခံတောင်းပန်လိုက်ပေါ့။

မင်း ... မပြောနဲ့။ ငါတို့တောင်၊ စိတ်ပူနေ

တယ်။ ရတနာ့ကို"

"ငါ ... စာ, ငါးစောင်တိတိ၊ ရေးသေးတယ်

စာတွေအကုန်၊ ပြန်ရောက်လာတယ်။

ရတနာ ဆက်သွယ်နိုး ... ဆက်သွယ်နိုးနဲ့

ငါ ... စောင့်နေခဲ့မိတာ။

အမှန်က, ငါ ... ချက်ချင်း သွားရှာသင့်တာ





"သြော် ...။ ဒီလိုဖြစ်မယ်မှန်း၊ ကြိုသိရင်၊

ချက်ချင်းသွားဖို့၊ ငါတို့ လုပ်ကြမှာပေါ့။

ကဲပါ ...။ ကျောင်းတစ်ပတ်လောက်

အပျက်ခံပြီး၊ သွားလိုက်ကြမယ်"

သက်ပြင်းချမိသည်။ မိဘ,ကို၊ လိမ်လည်ရတော့မည်။

❀

"ပြောင်းသွားကြတာ၊ ကြာပြီ။ ဘယ်ကို၊

ပြောင်းသွားတယ်တော့ မသိဘူးကွယ်။

သားအမိနှစ်ယောက်တည်း၊ ပြောင်းသွားကြ

တာပါ။ မိသားစု ... သုံးယောက်မဟုတ်ဘူး။

သမီးလေးက ... ချောချောလေး။ ကျောင်း

လည်း ...၊ ပြောင်းရမယ်ဆိုလား။ အဲဒါတော့ ...,

နားစွန်နားဖျား၊ ကြားမိတယ်"

ထိုသတင်းစကားမှအပ၊ ကျွန်တော်တို့ မည်သည့်သတင်း

စကားမျှ၊ မကြားသိခဲ့ကြရ။

"သားအမိနှစ်ယောက်တည်းဆိုတဲ့၊ သတင်း



www.burmeseclassic.com

www.burmeseclassic.com



စကားက၊ တစ်မျိုးပဲနော်။

သူ့အဖေများ၊ ဆုံးသွားလို့လား။ သေချာတာက,တော့၊ ရတနာ ... ဘာမှ မဖြစ်ဘူးဆိုတာပဲ။ နော် ... သက်နှင်း''

မားက၊ တွက်တွက်ဆဆ, ပြောပြနေ၏။

ကျွန်တော်က ...

''လောက,ကြီးထဲမှာ၊ သူ ... ရှိသေးတယ် ... လို့,တော့၊ ယူဆ,ရတာပေါ့ကွာ။

ဘာကြောင့်၊ မဆက်သွယ်တာလဲ ... ဆိုတာက,တော့၊ တွေးရခက်တယ်။ တွေးမိတိုင်း, ခံစားရတယ်''

မားက၊ ကျွန်တော့် ပခုံးပေါ် လက်တင်လျက်၊ အားပေးနွေးထွေးသည်။

''ဘယ်မှာ ဘယ်လို ရှာရမှန်း မသိဘူး။ ငါ ..., အရမ်းတွေ့ချင်နေတာ။

သူက,ရော ...။ မတွေ့ချင်တော့တာလား။ တွေ့ချင်ပါလျက်၊ အတွေ့ခက်နေတာလား။

ဒုက္ခ သုက္ခများ၊ ရောက်နေတာလား''





''တစ်ချိန်ချိန် ဆက်သွယ်မှာပါကွာ။ ရတနာက၊ မင်းကို ... အရမ်းခင်တာပါ။

မောင်လိုနှမ,လို၊ တွယ်တာတယ်ဆိုရင် တောင်။ မင်းကို ... အရမ်းချစ်တဲ့ သူပါ။ ငါတို့ ..., သိပါတယ်။

တစ်ခုခု ... ဖြစ်နေရှာလို့ မဆက်သွယ်တာ၊ နေမှာပါ။

မင်းနဲ့ရတနာနဲ့၊ အမြန်ပြန်ဆုံဖို့။ ပြီးတော့ ...၊ ရတနာ ... ဆင်းရဲဒုက္ခတစ်ခုခုမကြုံဖို့၊ ငါတို့ ဆုတောင်းပါမယ်ကွာ။ မင်းလည်း ...,ဆုတောင်းပါ။ ပြီးတော့ မေတ္တာပို့ပါ''

ဦးခေါင်းကို လှုပ်ရှုံမျှ ညိတ်မိသည်။

''ရတနာ၊ အမြန်ဆက်သွယ်ပါ ... ဆိုပြီး၊ သတင်းစာက၊ ကြေညာရင်ရော''

မား၏အကြံပေးစကား။

''သွေးသားရင်း၊ မိသားစုဝင် မဟုတ်ရင်၊ ကြေညာလို့, ရမယ် မထင်ပါဘူး''

''ငါ ...၊ ကျောင်း ... ဆက်မတက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးကွာ။ တစ်မြို့ဝင် တစ်မြို့ထွက်, ရတနာ့ကို ပဲ၊ လိုက်ရှာနေချင်တော့တယ်''

''ကျောင်းကိစ္စ အပျက်ခံပြီးတော့၊ လုပ်တာ မျိုးတော့၊ မဖြစ်စေချင်ဘူး သက်နှင်း။

ကျောင်းပြီးတော့မှ၊ ရှာကြ ... ဖွေကြတာ ပေါ့။ ဒီကြားထဲမှာတော့၊ ကံကိုပဲ၊ အားကိုးနေလိုက် ပါကွာ''

''မင်းမြတ်စံက၊ လူကြီးသူမ,တစ်ဦးကဲ့သို့ အကြံပေးသည်။ ကျွန်တော် ..., ပြင်းထန်စွာ မငြင်းဆန်။

''ကွေကွင်းတဲ့ဒဏ်ကို၊ ခံရတာလည်း၊ ပြင်း ထန်တယ်။

ဘာများဖြစ်နေသလဲ ... ဆိုတဲ့ စိုးရိမ်စိတ်ရဲ့ ဒဏ်ကို၊ ခံရတာလည်း၊ ပြင်းထန်တယ်။

ညီမ,လေးနဲ့ မတွေ့မချင်း၊ ဘယ်လောက် အထိ၊ ငါ ..., ခံစားနေရမှာလဲကွာ''

ပြောလျက်၊ မျက်ရည်ဝဲလာသည်။

''ငါ ...၊ ကျောက်ရုပ်ကြီး တစ်ရုပ်လို နေနေရတော့မယ်။





အသက်ရှူလိုက်တိုင်း၊ ပူလောင်တဲ့ ဝင်လေ၊ အသက်ရှူထုတ်လိုက်တိုင်း၊ ပူပင်တဲ့ ထွက်လေနဲ့။

ငါ ... အကြာကြီး၊ နေရတော့မှာ။ ကံ ... သိပ်ဆိုးရင်၊ ဒီအတိုင်း ... သေတဲ့အထိ၊ နေသွား ရတော့မယ်''

ခားက ...,

''တစ်စက္ကန့် ကုန်သွားတိုင်း ကုန်သွားတိုင်း၊ ပြန်တွေ့ရမယ့်ကာလ, နီးလာပြီ ... နီးလုပြီ ... လို့ တွေးပါကွာ။

ရှူလိုက် ထုတ်လိုက်တဲ့၊ ဝင်လေ, ထွက်လေ တိုင်း၊ ရတနာနဲ့ ဆုံစည်းဖို့,အတွက် မျှော်လင့်ချက် အင်အားတွေကို၊ ရှူနေသွင်းနေတယ် ... လို့၊ သဘောထားစမ်းပါ။

မျှော်လင့်ချက် ... ဆိုတာ၊ လူတိုင်းရဲ့, အသက်ရှည်ဆေးပါ''

မင်းမြတ်စံက ...

''ခံစားမှု ... ပြင်းထန်လာတိုင်း၊ မင်းရဲ့ ... မှတ်တမ်းစာအုပ်ထဲမှာ၊ ကဗျာတွေ ရေးပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



သက်သာမှာပါ။ ပြီးတော့ . . . ရတနာ၊ အဲ

ကဗျာတွေကို၊ ဖတ်ရမှာပါ။ နော် . . . သူငယ်ချင်း

ခေါင်းတညိတ်၌၊ မျက်ရည်တစ်ပေါက်၊ တောက်ခနဲက

သည်။

ထိုမျက်ရည်၊ ထိုရည်ရှည်၊ ထိုကာလ,များစွာ၏ သောက

အတိုင်းအဆ,ကို၊ မည်သူသိသည်ဖြစ်စေ . . . မသိသည်ဖြစ်စေ

ရတနာ သိစေ, ကြားစေ, မြင်တတ်စေချင်သည်။

နေစိမ့်နိုင်သူဟုလည်း၊ မရိုးစွပ်ရက်။

သူကိုယ်တိုင်၊ ဘယ်မှာ ဘာတွေဖြစ်၍၊ ဘယ်လို ဆင်း

မျိုး၌၊ နစ်မွန်းနေရှာမလဲ . . . ဟု၊ စိုးရိမ်စွာ တွေးထိတ်မိပြန်သည်

ပြန်ဆုံချိန်၌၊ ကြွေမြွေမဲ့စွာ၊ ဖက်၍ငိုမိနိုင်ပါသည်။

❀ ❀ ❀



(၁၉)

**"အချစ်၏**
**လက်အောက်ခံ ဒေသ"**

သတိရလို့ . . . ဖုန်းဆက်တာပဲဖြစ်ဖြစ်
သတိရလို့ . . . စာရေးတာပဲဖြစ်ဖြစ်
အထီးကျန်
ငါ့,ဘဝအတွက်တော့ . . . ၊
မင်း . . . , ပေးသမျှ၊ အရာ . . . အားလုံးဟာ
ငါ . . . , မျှော်ကိုးရာ၊ လက်ဆောင်ပါ
ငါ . . . , မြတ်နိုးရာ . . . ရတနာ။



www.burmeseclassic.com

www.burmeseclassic.com



တဒင် ... တစ်မတြာ

တစ်ခဏတာပဲ ဖြစ်ဖြစ်၊

ပြုံးပြနေခဲ့ရင်တောင် ...

အဲဒီ့ အပြုံး၊ ငွေပန်းကုံးလေးသာ ...၊

ငါ့ တစ်သက်လုံး ...

သိမ်းထားရမယ့်အရာ

ရတနာ။

တန်ဖိုးကြီးမှ

မဟုတ်ပါဘူး။

တန်ဖိုးထားတတ်ရင် ...

မင်းနဲ့ ...,

သက်ဆိုင်သမျှ မျှားစွာ ...

အရာရာဟာ ...

ရတနာ။





ညမှာ ..

လ,မင်း ...

ဝင်းပ,ခြင်းဟာ

ရတနာ။

နေ့မှာ ...

နေမင်း ...

ထွန်းလင်းခြင်းဟာ

ရတနာ။

ငါ့,

ဘဝ၊

ငါ့,

ကမ္ဘာ။

တစ်ခဏတာ

သာသာ ... လင်း။



www.burmeseclassic.com

www.burmeseclassic.com



နီးနီး
ဝေးဝေး ...၊
ဆွေးဆွေး
တ,တ ...၊
သတိရခြင်း
ငါ့,ရင်တွင်းမှာ ...
မင်း ... ရှိနေတာ
ရတနာ ...။ ။





"ကျွန်ုရစ်မင်းသား"

မပိုင်ဆိုင်မှန်း သိပါတယ်
အချိန်တန် အိမ်ပြန်မယ့် သူလေးရဲ့,
ချစ်စနိုး အမူအရာ
တစ်ပိုင်း တစ်စ,နဲ့တွင် ...,
ငါ့ဥယျာဉ်
စိမ်းလန်းရကျိုး နပ်ပါပြီ။
အငုံ ... အဖူး ..., အဆင်း ... ရနံ့,
သင်းပျံ့မှု အလုံးစုံ
ငါ့,ဝတ်ရှုံ မဟုတ်ပါ။
ချစ်နေရရုံသာ
ချစ်ရစတမ်းဆိုရင် ...၊
လောက,ပန်းခင်း ... တစ်ခွင်လုံးမှာ ...
ငါ့ ..., ပန်းပွင့်လေး
သူ ... အလှဆုံးပါ။
တစ်သက်လုံး ...၊ မခွဲချင်မယ့် အတူတူ
သူ ... တော်ရာ၊ ပျော်ပါစေတော့ ...။



www.burmeseclassic.com

www.burmeseclassic.com

## မောင်လှမျိုး(ချင်းရောင်းမြို့)

သူ ●●●, ပြုံးနေတာကိုက
ငါ့ရဲ့,
အဆုံးသတ် ဘဝ,နိဂုံးအတွက် ●●●,
ဆောင်းနှင်းခဲပွင့်, ပုလဲ ရတနာ။
          တွယ်တွယ်တာတာ
          လည်မှာဆွဲဖို့,
          မထိုက်တန်သော်ငြား ●●●၊
သူ့ပိုက်ကွန် ဇာပဝါ
ပါးပါးလေး အနားမှာ
ခ,စား၊ မေးတင် ●●●
(တွေးတွေးဆ,ဆ,၊ ပြောပြရရင်)
မဝေးချင်တာ
တစ်ခုတည်းပါ
ချစ်နှမ ●●●။ ။

❀





## ရတနာမှဲ့ နေ့, ညများ

မင်း, မလာလို့
မှေ်ာ်တ, နေ့ ●●● များ
လောင်ကျွမ်းသွားပြီ။
မင်း, မလာလို့
လွမ်းရ, နေ့ ●●● များ
ပြာဖြစ်သွားပြီ။
မင်း, မလာလို့
နာတဲ့ ●●● အသည်း၊ အမှောင်ထဲမှာ
အရောင်မဲ့ ညစ်ညမ်း,
နှစ်ခြမ်းကွဲပြီ။
မင်း ●●●, ရောက်မလာ
ငါ့ကမ္ဘာလေး
လ,ရောင် ဝေးပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြာမှုန်လို … လွင့်

ပေဒါလို … မျော

ခဲလုံးလို … နစ်

သစ်ငုတ်လို … ခြောက်၊

မျက်တွင်း ဟောက်ပက်

လွမ်းဒဏ်ချက်ကြောင့်,

(မုန်တိုင်းမိ

အိမ်ခေါင်းမိုး သွပ်ပြားတွေလို)

ငါ့,ဘဝ တစ်ခွင်လုံး

လန်ထွက်နေတော့တာပါပဲ။ ။





## ရတနာဆောင်း

သူ … မလာလည်း

ကဗျာထဲမှာ၊ သူ … ရှိပါကယ်။

သူ … မရောက်လည်း

အိပ်မက်ထဲမှာ၊ သူ … ရှိပါတယ်။

သူ … မကြွင်လည်း

ရင်ခွင်ထဲမှာ၊ သူ … ရှိပါတယ်။

သူ … မဝေလည်း

မျက်ရည် ငွေနှင်း

ဆောင်းအတွင်းမှာ၊ သူ … ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ . . . , ပစ် . . . ခွာ . . . ထား
နွေရက်များစွာ၊ ရင်မှာ နာလည်း . . .
ကြင်နာခဲ့စဉ်၊ သူ့ကို မြင်ရ,
ခဏငယ် . . . ပြုံး၊ ပုလဲကုံးကို

အသည်းနှလုံးမှာ သိမ်းထားတယ် . . .॥ ॥

❀





**"အချစ် . . . ဟု**
**အမည်ပေးမထား"**

သတိရတယ် . . . ညီမလေး
ဘယ်ရင်ခွင်မှာ . . . နွေးထွေးနေသလဲ။

အေးခဲမာကျောတဲ့,
နှလုံးသားထဲ . . .
အချစ်ကို သိုမှီသိမ်းထားပါ၊
စိမ်းကားချင်ရင်တောင်
သစ္စာတရားကို အမြဲဆောင် . . .
အလွမ်းကြောင့် မမှောင်ပါစေနဲ့။

ရောက်ရာအရပ်မှာ၊ ထား . . . သစ္စာ
မေတ္တာတရား . . . အားဖြစ်စေ . . .။



www.burmeseclassic.com

www.burmeseclassic.com



လွမ်းမိပါတယ် ... ညီမလေး
လမ်းသိသူ နှစ်ယောက်
(တစ်ယောက် တစ်လမ်း)
လျှောက်မြဲ ... လှမ်းမြဲ ... သတိရဆဲမှာ ...၊

အသိဉာဏ် ကိုယ်စီ ... မွေး
သတိတမံ ကိုယ်စီ ... ထွေးလျက်,
ဝေးစေ ... ဝေးစေ ...
(ဘယ်လောက်ပဲ) ဝေးစေကွယ် ...

ပို့သ,တဲ့ မေတ္တာကြောင့်,
မွေးစေ ... အေးစေ ... ငြိမ်းပါစေ ...။ ။

❀





## ၁၂၉

အဝေးက
နှောင်ဖွဲ့နေတယ်။
အတောင်ပံမရှိဘဲ
လွမ်းလျက်ပျံသန်း။

ကောင်းကင်နဲ့
ဆုံစည်းရန်နီး,
တိမ်တွေဆီ
နိုတွယ် ... ပြေးတက်။

အိပ်မက်မှာ
အတူဆုံစည်း ...။
နိုးထ,
တမ်းတ၊
လွမ်းသမျှ
ရှိုက်ငို ...။



www.burmeseclassic.com

www.burmeseclassic.com



တရှိုက်မက်မက်
သွက်သွက်ခါ . . . ၊
ရက်စက်ပါတယ် . . . လို့လည်း
မစွပ်စွဲချင်ပါ . . . (ကံကြမ္မာ)။

လှလှလေး
အမည်ပေးလိုက်
မိ။
သတိ!
သံယောဇဉ် . . . ဟုသာ
ခေါ်ပါ . . . (ရတနာ) . . . ။ ။

❁





## မပိုင်ပန်း

တစ်နေ့မမြင်၊ နေ့မထင်ဘူး
တစ်ည,မတွေ့၊ လ,မပြည့်ဘူး။
ခဏကွေကွင်း
နေ့ခင်းကြောင်တောင်၊ ည,လိုမှောင်မိုက်၊
ခဏဝေးနေ
ည,တစ်မြေခြား၊ နေ့အလားကွယ်။
ကြွေသွားတဲ့ . . . ပန်း၊ နွမ်းနွမ်းခြောက်ခြောက်
ကောက်သူ . . . မရှိ၊ ပကတိ . . . အသေ။
သူ . . . သိစေနော် . . .
မပျော် . . . နေ,ည၊ တွေ့,စ,မှ . . . သည်
နာရီ ရွေ့လျား၊ ကြေကွဲအားကြောင့်,
မျက်ရည် ငွေနှင်း
နှစ်သွယ် ဆင်းသက်၊ ရင်တွင်း ထက်,ရှ
အဝ, မွ . . . ကြေ၊ တစမြေကို၊
ကြင်ငွေ့, သီ . . . မြ၊ သတိရလျှင် . . .
ခဏလောက်ပင်၊ လာစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

မောင်လှမျိုး(ချင်းရောင်းဖြူ)

ရတနာလွင်
သူ့ကိုမြင်ရ၊ တဒင်္ဂမှာ . . .

ပုလဲငွေစ၊ မျက်ရည်ကျလည်း . . .
ကြည်သာရွှင်ပျ၊ ပြုံးနေပါ့မယ်။

အနမ်းမခြွေ
နွမ်းကြေသမျှ၊ နွေမကလို့,

ဖြေရခက်ခဲ၊ ရင်ခွင်မွဲက,
အားအင်နည်းစွာ၊ တောင်းပန်,မှာခြွေ
ဆုတောင်းနေတယ် . . .
အလွမ်းပြေမှ ပြန်ပါလေ။ ။



လောကစံ အားလုံးထဲမှာ
ချစ်သူနဲ့ ကွေကွင်းရတဲ့ ဆင်းရဲက၊
ပိုပြီး ...ပြင်းထန်လွန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

နှစ်ပေါင်းများစွာ . . . ဟု၊ သာမန် သတ်မှတ်ရုံဖြင့်၊ ကျွန်တော့် လွမ်းမောမှုကို၊ တိုင်းတာ၍ မပြည့်စုံနိုင်ပေ။ ကမ္ဘာပေါင်း များစွာမက၊ ခံစားတမ်းတ, ခဲ့ရ၏။

လွမ်းသူကို သိပါလျက်၊ လွမ်းရပ်ဌာနေ မသိလေသောအခါ၊ ကျွန်တော့် အလွမ်းသည်၊ အရပ်ရှစ်မျက်နှာသို့၊ အစိပ်စိပ်အမြွာမြွာ၊ ငြိမ့်လျက်၊ ကျဲပြန့်ပြင်းထန်စွာ၊ မောဟိုက်ခဲ့ရ၏။

နေ့, လ, နှစ်များစွာအတွင်း၊ လူပေါင်းများစွာအလယ်၌၊ အသွားလှည့်ပတ်မှုသာရှိခဲ့ရသော၊ အရပ်တစ်ချပ်သာသာ၊ လှုပ်ရှားမှုဖြင့်၊ နေထိုင်ရှင်သန်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအောင့်သည့် ရောဂါဘယတစ်ခု၊ အလွမ်းသောကကို၊ အခြေပြုကာ၊ ကျွန်တော့်ခန္ဓာတွင်၊ စွဲမှီခဲ့ရ၏။ အိပ်ရာထက်တွင် လဲလျောင်းနားနေစဉ်၌ပင်၊ ရတနာ နေကောင်းပါစေ ... ဟု၊ ကိုယ့်ကိုယ်ကိုယ်ထက်၊ ပိုလျက် ဆုတောင်းမိပြန်သည်။

အသက်ကိုပင်၊ မခင်တွယ်လိုတော့သည့်တိုင်၊ တွေ့နိုးမျှော်ကိုးနေသည့်စိတ်က၊ အသက်ကို မွေးမြူသကဲ့သို့ ဖြစ်ရ၏။

သံယောဇဉ်တည်မှီရာနှင့် ဝေးကွာခဲ့ရသဖြင့်၊ လူငယ်ဘဝ သေဆုံးခဲ့ပြီးသည့်တိုင်၊ ပြန်လည်ဆုံစည်းလိုသည့် စိတ်နှလုံးဖြင့် ဘဝကို၊ ဒုတိယအသက် ဆက်ရသည်။

''သူလည်း ...၊ ကျောင်းပြီးလောက်ရောပေါ့'' ... ဟု ကဗျာစာအုပ်ကို၊ ပိတ်လျက်၊ ကျွန်တော် ပြောမိသည်။ ကိုယ်ပိုင် ကဗျာစာအုပ်ပင် ဖြစ်လင့်ကစား၊ ၅၂၉ (နှင့်) [ရင်တွင်းဖွဲ့ကဗျာများ] ... ဟု၊ စာအုပ်ကို၊ အမည်ပေးထားခြင်းဖြစ်သည်။

''ငါးရာနှစ်ဆယ့်ရှစ်ကို၊ ကျော်နေတာ ကြာပြီပေါ့၊ ဟုတ်လား သက်နှင်း''

''ဟုတ်တယ် မင်းမြတ်စံ။ ကွေကွင်းခဲ့ရတဲ့ ကာလ,ရှည်အတွင်းမှာ၊ သတိရတာထက်၊ ပိုပြီး ပြင်းထန်နေမှတော့၊ သတိရရုံသက်သက် ... လို့





သတ်မှတ်ပြီး ဟန်ဆောင်နေဖို့ ခက်တယ်။

ဝန်မခံချင်လို့ သိုသိပ်ချင်တယ် ဆိုရင်တောင်၊ ငါးရာနှစ်ဆယ့်ရှစ်ကို၊ လက်တစ်လုံးခြား၊ ကျော်လွန်နေတာမို့၊ ငါးရာနှစ်ဆယ့်ကိုး ... လို့၊ သတ်မှတ်ရတော့မှာပါပဲ''

ဓားက ...

''မင်း ...။ ရတနာနဲ့တွေ့ရင်၊ အခု ...၊ ငါတို့ကို၊ ပြောပြသလိုမျိုး၊ မင်း ...၊ ပြောထွက်မှာလား''

''ကျေးဖူးတင်လိုက်တာ သူငယ်ချင်းရယ်''

''ဘာကိုလဲ သက်နှင်း''

''ရတနာနဲ့ တွေ့ရင် ... ဆိုတဲ့၊ မင်းရဲ့စကား နိမိတ်လေးကို၊ ကျေးဖူးတင်တာပါ''

''တွေ့မှာပါကွာ''

မင်းမြတ်စံက ...

''သူလည်း ...၊ မင်းထက်တော့၊ သံယောဇဉ် မလျော့လောက်ပါဘူး။

မင်းချစ်သလို၊ သူလည်း ချစ်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... မေးတာ၊ ဖြေဦးလေ" ... ဟု၊ ဓား ပြော၏။

ကျွန်တော်က ...

"ရတနာ့ကို၊ ချစ်နေမိခဲ့တယ် ... ဆိုတာ

လား"

"အင်း"

"ခေါ်တာတော့၊ ညီမလေး ... လို့ ခေါ်နေ

မိဦးမှာပေါ့ကွာ။

သံယောဇဉ် ကျွံသွားတာကိုတော့၊ ချင့်ချင့်

ချိန်ချိန်၊ ပြောပြရမှာပေါ့"

"ဘာဖြစ်လို့၊ ချင့်ချိန်မှာလဲ"

"သူက ... မောင်လိုနှမ,လို၊ ချစ်ခင်နေတာ

ဆိုရင်၊ ဖြူစင်တဲ့၊ သံယောဇဉ်ကို၊ ညစ်နွမ်းအောင်

လုပ်သလို ဖြစ်သွားနိုင်တာပေါ့။

မောင်နှမ,ချစ်ခြင်းကို၊ မရှိသေသလို၊ မဖြစ်

အောင်၊ ချင့်ချင့်ချိန်ချိန်၊ ရှင်းပြရမှာပေါ့"

မင်းမြတ်စံက ...၊ ပြုံးလျက် ...,

"ရေးထားတဲ့ ကဗျာတွေ ..၊ ပေးဖတ်လိုက်

ရုံနဲ့တွင်၊ မင်း ... ပြောပြစရာ၊ လိုတော့မှာ မဟုတ်





ပါဘူး။

မပူပါနဲ့ သက်နှင်းရယ် ..၊ ရတနာ မင်းကို၊

ဘယ်လောက် ချစ်တယ် ... ဆိုတာ၊ မင်း ...

အသိဆုံးပါ။

ငါတို့လည်း ... အသိဆုံးပါကွာ"

"ရတနာလည်း၊ မင်းလိုပဲ၊ တွယ်တာနေမှာပါ" ... ဟု၊

ဓားက၊ အားပေးစကား ဝင်ပြောသည်။

"ကျောင်းပြီးသွားပြီ၊ ငါ ..., သူ့ကို၊ ရှာတဲ့

အလုပ်၊ လုပ်တော့မယ်"

"ဘာလုပ်မှာလဲ ... သက်နှင်း"

"တစ်မြို့ဝင် တစ်မြို့ထွက်၊ လိုက်ရှာမှာပေါ့။

သက်ဆိုင်ရာ၊ အာဏာပိုင်တွေဆီမှာ၊ အကူ

အညီတောင်းသင့်ရင်လည်း၊ ဝင်တောင်းရမှာပေါ့။

ငယ်တုန်းက၊ ကွမ်းယာဆိုင်လောက်၊ဆိုက်

ကားဂိတ်လောက်၊ ဝင်မေး ...,စုံစမ်းခဲ့ရုံပဲ လုပ်နိုင်

ခဲ့တယ်လေ။

အခု ..., ငါ အရွယ်ရောက်ပြီပဲ။ ထိထိ

ရောက်ရောက်၊ ဝင်ဝင်ဆံ့ဆံ့ ရှာရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရတနာ့ရုပ်ရည်က၊ လှလှချောချောလေးဆို တော့၊ မေးမြန်းစုံစမ်းရတာလွယ်လောက်တယ် . . . လို့တောင်၊ တွေးမိတယ်''

မင်းမြတ်စံက . . .

''ဘယ်မှာ . . . ၊ ဘယ်လိုရှာမှာလဲ''

''မြန်မာပြည် အောက်ပိုင်းက,နေ စ,ရှာမယ်၊ တက္ကသိုလ်အသိုင်းအဝိုင်းတွေထဲကို၊ အရင်,ဝင်မယ်၊ ဘာပဲဖြစ်ဖြစ်၊ သူ . . . တက္ကသိုလ်တော့၊ ငါတို့လိုပဲ ဆက်တက်မှာပါ''

ဓားက . . . ,

''ငွေကြေးကိစ္စက,ရော . . . ။ မင်း . . . လုံ လောက်ပါ့မလား''

''အစ်ကို့ဆီက ချေးမယ်။ မိဘ,ဆီက၊ အ[illegible] အညီတောင်းမယ်။ ပြီးရင် . . . ပြန်ဆပ်မှာပေါ့''

မင်းမြတ်စံက . . .

''စိတ်ကူးယဉ်ဆန်ပြီး၊ ပင်ပန်းလွန်းမယ် သက်နှင်း''

''တစ်နှစ်မှ၊ တစ်ခေါက်နှစ်ခေါက် ထွက်ရှာ





တာထက်စာရင်၊ အခု . . . ပိုက်စိပ်တိုက်ရှာမှာဆို တော့၊ ပို . . . ပင်ပန်းပေမယ့်၊ ပို . . . ထိရောက် မယ် . . . လို့၊ ငါ . . . ယုံကြည်တယ်''

''အိမ်ကို၊ ဆွေးနွေးပြီးပြီလား''

''သိပ်တော့ သဘောမကျကြဘူးပေါ့။ ဒုတိယ နှစ်တုန်းက,လို၊ မသွားချင်လို့ မလိမ်မညာ အသိပေး တာကိုတော့၊ အစ်ကိုက . . . ချီးကျူးတယ်။

အစ်ကိုထောက်ခံရင် . . . အဆင်ပြေမှာပါ''

''ပညာစုံလို့၊ ကြင်ယာရှာတယ် . . . မပြောဘူးလား။ မင်း . . အမေက . . .'' . . . ဟု၊ ဓား မေး၏။

''အဲဒီလိုတော့ မပြောဘူး။ ကောက်ရိုးပုံထဲ၊ အပ်ရှာတာမှ၊ လွယ်မယ်ထင်တယ် . . . တဲ့။

ငါက . . . ရိုရိုသေသေ၊ နားဝင်အောင် ပြော ရတာပေါ့။

ကျောင်းပြီးတာနဲ့၊ အလုပ်ဝင်ရမယ်ဆိုတာ သိပါတယ် . . . လို့။ ဒါပေမဲ့ . . . , ဘဝ . . . ကို၊ ကိုယ့်အားကိုယ်ကိုး၊ ဖြတ်သန်းတော့မယ်၊ လူတစ် ယောက်အနေနဲ့၊ လူငယ်ဘဝ လူငယ်တစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အခွင့်အရေးကို၊ နောက်ဆုံးအနေနဲ့ တောင်းခံတာပါလို့၊ အသနားခံလိုက်တယ်။

သဘောမပေါက်လောက်ပေမယ့်, အမေ မကန့်ကွက်ပါဘူး။ အဖေက,တော့၊ ယောက်ျားချင်းမို့ ထင်ပါရဲ့။

ရတနာ့ကို၊ တွေ့အောင်ရှာနိုင်ရင်၊ မင်း ... တော်လို့ပေါ့ကွာ ... တဲ့''

''ငါတို့ပါ၊ လိုက်ခဲ့ရမလား''

ကျွန်တော် ခေါင်းခါလျက် ...

''မလိုက်ပါနဲ့။ မင်းတို့, ကိုယ့်အလုပ် ကိုယ် လုပ်ရစ်ကြပါ။

လိုအပ်ရင် ...၊ ရောက်တဲ့နေရာက, နေ ငါ ..., လှမ်းပြီး အကူအညီ တောင်းပါ့မယ်။

လိုအပ်တဲ့ သတင်းအချက်အလက်၊ သိချင်တဲ့ အခါမျိုးပေါ့''

မင်းမြတ်စံနှင့်ဓားတို့က၊ ခေါင်းညိတ်ကြ၏။

''ဒါပေမဲ့ ... မနက်ဖြန် မနက်တော့၊ မင်းတို့ ရွှေတိဂုံဘုရားကို၊ လိုက်ခဲ့ကြဦး''





''ဘုရားမှာ၊ အရင် ... ဆုတောင်းမယ်ပေါ့''

''ဆိုပါတော့။ ငါတို့ ... တက္ကသိုလ်ဝင်တန်း စာမေးပွဲ မဖြေခင်၊ ရွှေတိဂုံစေတီကြီးကို ဖူးပြီး၊ စဥ္စကူးခေါင်းလောင်းကြီးဘေးမှာ၊ ရတနာနဲ့ အတူတူ ထိုင်ခဲ့ကြတာ၊ မှတ်မိတယ် မဟုတ်လား''

''မှတ်မိတာပေါ့''

''ဘုရားဖူးပြီး၊ အဲဒီ့ စဥ္စကူးခေါင်းလောင်းကြီး နားမှာ၊ ခဏသွားထိုင်မယ်လေ။

ရတနာက ... ရာဟု သမီး။ ရတနာ့ရဲ့မွေးနံ ရာဟုထောင့်ကို၊ အဲဒီ့ စဥ္စကူးခေါင်းလောင်းကြီးနား က၊ မြင်ရတယ်။

ပြီးတော့ ...၊ ငါက ... သောကြာသား။ ငါ့မွေးနံ သောကြာထောင့်ကိုလည်း၊ အဲ ... ဂြိုလ် တိုင်ခေါ်မှာပေါ့။ စဥ္စကူးခေါင်းလောင်းကြီးနားက,နေ မြင်ရတယ်''

''ဟုတ်လား''

ဓားက တအံ့တဩမေး၏။ ကျွန်တော် ခေါင်းညိတ်သည်။ မင်းမြတ်စံက ...



www.burmeseclassic.com

www.burmeseclassic.com



"သောကြာဂြိုဟ်တိုင်ကိုရော ... ရာဟုဂြိုဟ်တိုင်ကိုရော၊ စဉ့်ကူးခေါင်းလောင်းကြီးရှိတဲ့နေရာက နေ မြင်ရတယ် ... ဟုတ်လား"

"အင်း"

"ဒါဆို ...။ သောကြာဂြိုဟ်တိုင်နဲ့ ရာဟုဂြိုဟ်တိုင်က၊ ကပ်နေတာပေါ့"

"ဟုတ်တယ်။ သောကြာပြီးရင် ရာဟု ... ပဲ"

"မင်းနဲ့ရတနာနဲ့ ... ပြန်တွေ့ကြမယ် ထင်တယ်"

ကျွန်တော်က၊ ပြုံးလျက် ...

"ဘာလဲ ... ဗေဒင်ဟောတာလား"

"ဗေဒင် ဟောတာတော့ မဟုတ်ဘူး။ သောကြာဂြိုဟ်တိုင်နဲ့ ရာဟုဂြိုဟ်တိုင်က၊ ကပ်နေတယ်ဆိုတာ၊ မင်း ပြောမှ၊ ငါတို့, သိတာပါ။

ဘာရယ်လို့ မဟုတ်ဘူး။ အဲဒီ ... ကပ်နေတယ် ဆိုတာလေးကို၊ တွေးပြီး ...,ရာဟုသမီး ရတနာနဲ့ သောကြာသား ... သက်နှင်းလည်း၊ ကပ်





ကြ ဆုံကြမယ် ... လို့၊ ထင်ပြီး ပြောတာပါ"

"အဲဒီလိုဆိုရင် အကောင်းဆုံးပေါ့ကွာ"

ဓားက ...

"မနက်ဖြန်၊ အဲဒီ့ စဉ့်ကူးခေါင်းလောင်းကြီးက,နေ၊ သောကြာထောင့်နဲ့ ရာဟုထောင့်ကို၊ သေသေချာချာ ကြည့်ဦးမယ်"

"ငါက ...၊ ရတနာနဲ့အတူ ထိုင်နေခဲ့တုန်းကတည်းက၊ အဲဒါကို၊ သတိထားပြီး၊ မှတ်မိနေခဲ့တာ" ... ဟု၊ လွမ်းမောသတိရစွာ၊ ပြောပြလိုက်သည်။

ရင်ထဲရှိ စိတ်အာရုံတွင်၊ ကာလ,လွန် အတိတ်ဆီမှ၊ ခေါင်းလောင်းထိုးသံ ကြားရ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

"ရေ . . . ဆိုတာက၊ ရာဟု နံ။ သန့်ဆိုတာက, သောကြာနံ။ ရာဟုနံထောင့်မှာရော၊ သောကြာနံထောင့်မှာရော။ ရေသန့်နဲ့ ဘုရားကို ရေသပ္ပာယ်။

မင်းရော၊ ရတနာရော နှစ်ဆယ့်သုံးနှစ်ဆိုတော့၊ နှစ်ဆယ့်သုံးဘူး . . . လှူ။ ပြီးတော့ . . . နေနဲ့လ၊ ရွှေနဲ့မြ ဖြစ်အောင်၊ နေ . . . လ, ဘုရားမှာသောကြာနံ, ရာဟုနံတွဲနေတဲ့ အသီး၊ သရက်သီး လှူ။"

ဒါ . . . ယတြာလည်း မဟုတ်ဘူး။ ဓာတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မဟုတ်ဘူး။ စိတ်နှလုံးထဲက ချစ်သူ
ရည်ရွယ်ပြီး၊ ချစ်သူ့ကိုယ်စား၊ ဘုရားကို ပူဇော်တာ
အားကိုးတာ။

ကံ . . . ကံ ဤအကျိုးကို၊ အားကိုးယုံကြည်
သူအနေနဲ့၊ နားလည်သလောက် ကောင်းမှုကံ လု
တယ် . . . လို့၊ နှလုံးသွင်း''

ခါးခိုင်းသမျှ၊ ကျွန်တော် လိုက်လုပ်သည်။ သင့်၊မသင့်
မှန်၊မမှန်ကို၊ မဝေခွဲတတ်သော်လည်း၊ ကျွန်တော့်သောက၊ ငြိမ်း
ငြိမ်းကြောင်းကို၊ သူ့ ကြားဖူးနား၀၊များဖြင့်၊ ကူညီငြိမ်းသတ်ပေးခြင်း
. . . ဟု၊ ကျွန်တော် ခံယူသည်။

စိတ်ပါ, လက်ပါ လိုက်လုပ်သည်။

''ဘုရားရှင်ပြင်တော်ပေါ်မှာရှိတဲ့၊ သာသနာ
စောင့်နတ်တွေ၊ သာသနာစောင့်ပုဂ္ဂိုလ်တွေ၊ မြင်အပ်
မမြင်အပ် သတ္တဝါအားလုံးကို၊ မေတ္တာပို့၊ အမျှဝေ
ပြီးရင် . . . ၊ သစ္စာဆို၊ ဆုတောင်း။ တောင်း
တဲ့ . . . ဆု၊ ပြည့်စေ . . . မောင်သက်နှင်းရယ်''

ခါးက . . . ၊ တကယ့် သူတော်စင်ပုဂ္ဂိုလ်ကြီးလေသံဟန်
ပန်ဖြင့်၊ ပြောဆိုနေလေသည်။ ကျွန်တော် ငြိမ်းအေးစွာ ပြုံးလျက်





ဆောင်ရွက်နေမိ၏။ မင်းမြတ်စံက . . .

''ဘုရားရင်ပြင်တော်ပေါ်မှာ သာသနာစောင့်
နတ်တွေ . . . ပုဂ္ဂိုလ်တွေဆိုတာ၊ ရှိလို့လား''

''မြင်အပ်, မမြင်အပ် . . . လို့ ငါ ပြောတယ်
မဟုတ်လား''

''အင်း . . . ၊ ပြောတယ်လေ''

''အေး . . . ။ မြင်ချင်ရင် မြင်အောင်ကျင့်''

''မင်းရော . . . မြင်လို့လား''

''မမြင်ဘူး''

''မမြင်ဘဲနဲ့များ''

''မမြင်ပေမယ့်၊ ဉာဏ်နဲ့သိရတယ်ကွ။ သဒ္ဓါ
စိတ်လေးနဲ့ ဆင်ခြင်တွေး သိရတယ်''

''ဘာလဲ''

''သုံးဆယ့်တစ်ဘုံ . . . လို့၊ ဟောထားတာ၊
အရပ်သား ဟောထားတာ မဟုတ်ဘူး။ သာမန်လူ
ပြောထားတာ မဟုတ်ဘူး။

ဘုရား ဟောထားတာ၊ ဘုရားဟောထားတာ
ကို၊ မျက်စိစုံမှိတ်ပြီး၊ မယုံချင်ရင်တောင်၊ သချာ



www.burmeseclassic.com

www.burmeseclassic.com



နည်းလေးနဲ့ဖြစ်ဖြစ်၊ တွက်ဆ,ကြည့်ရတယ် . . .

သုံးဆယ့်တစ်ဘုံ . . . ရှိပါတယ် . . လို့ ကြ

ဖူးထားပါလျက်နဲ့၊ ငါတို့ မင်းတို့ရဲ့, ဒီ . . . , ကြော

တောင်တောင်၊ မျက်လုံးသူငယ်အိမ်လေးတွေက

လူ့ဘုံရယ်, တိရစ္ဆာန်ဘုံရယ်ပဲ၊ မြင်နိုင်ရှာတယ်လေ

သုံးဆယ့်တစ်ဘုံထဲက၊ တိရစ္ဆာန်ဘုံနဲ့ လူ့ဘုံ

. . . နှုတ်ကြည့်။ ငါတို့ မမြင်တတ်တဲ့၊ ကျန်တဲ့ နှစ်

ဆယ့်ကိုးဘုံ၊ ဘယ်ရောက်နေသလဲ။

မမြင်ရင် ကန်းတာပဲ . . . တဲ့၊ ဒီ . . . မျက်လုံး

ကန်းချင်ကန်းပါစေကွာ။ ဉာဏ်မျက်လုံး မကန်းစေနဲ့

သဒ္ဓါမျက်လုံး မကန်းစေနဲ့"

"သဒ္ဓါဆိုတာ၊ ဘာကိုပြောတာလဲ"

"သိတဲ့ မြင်တဲ့ မြင့်မြတ်တဲ့၊ ပုဂ္ဂိုလ်တွေ

ပြောတာကို၊ ရိုရိုသေသေ လက်ခံယုံကြည်တာကို

သဒ္ဓါလို့ ခေါ်တယ်၊ မောင်မင်းမြတ်စံ"

"ထိုင်ပဲ ကန်တော့ရတော့မလိုလို" . . . ဟု၊ ခါးကိုကြည့်

ပြီး၊ မင်းမြတ်စံ ပြော၏။

"သံသရာအစ . . . မှ၊ ယနေ့ ယခုတိုင်





ကျွန်တော် ပြုခဲ့သော၊ ဒါန, သီလ, ဘာဝနာ

ကုသိုလ်အဖို့ကို၊ သုံးဆယ့်တစ်ဘုံ, ကျင်လည်ကုန်

သော၊ သုခိတာ, ဒုက္ခိတာ, ဝေနေယျ သတ္တဝါများ

အားလုံး၊ ကြားကြသမျှ သိ,ရှိသမျှ၊ အမျှ . . . အမျှ

. . . အမျှ ယူတော်မူကြပါကုန်သော်"

အမျှ . . . ဝေပြီး၊ စဉ့်ကူးခေါင်းလောင်းတော်ကြီးကို၊ ကျွန်တော်,တီးသည်။ ခါးနှင့် မင်းမြတ်စံတို့က၊ သာဓုခေါ်ကြ၏။

"အစ်ကို"

စိမ်းသော်လည်း နီးစပ်ခဲ့သည့်၊ မနီးသော်လည်း စိမ်းခဲ့လေသည့်၊ ခေါ်သံတစ်ခုကို၊ ကျွန်တော့် နံဘေးမှ ကြားလိုက်ရလေသည်။ ခါးနှင့်မင်းမြတ်စံတို့သည်လည်း၊ တအံ့တသြ။

အံ့သြစွာ ငေးကြည့်နေကြသော၊ ကျွန်တော့်နံဘေးကို၊ ကျွန်တော်, ညင်သာစွာ ငဲ့ကြည့်လိုက်မိစဉ် . . .

ပြုံးနေသော ပုလဲသီတန်း ပန်းနနှုတ်ခမ်းလေးကို၊ မြင်လျှင်မြင်ချင်း၊ ကျွန်တော့်မျက်ဝန်းမှ မျက်ရည်စ,များ၊ အလိုလို ဝေ့တက်လာလေသည်။

"ရတနာ"

သူ့မျက်ဝန်းတွက်လည်း၊ မျက်ရည်တို့ ခိုသီလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ ...။ ညီမ,လေး"

"အစ်ကို"

သူ ..., ကျွန်တော့် လက်ကို ဆုပ်ကိုင်သည်။ ပြီးနောက် ... မျက်ရည်တွေ ပြိုကျလာလေ၏။

"ညီမ,လေးရယ်။ ဘယ်က ..., ဘယ်လို"

"ရတနာ ... အိမ်ကို ရောက်ခဲ့တယ်။ အစ်ကိုတို့ ဘုရားသွားတယ် ... တဲ့။

အဲ့ဒါနဲ့ ... လိုက်လာတာ။ ဘုရားမှာ မတွေ့ရင်၊ အိမ်ကို ပြန်လာခဲ့မယ် ... လို့ အစ်ကို ကိုသက္ကကို မှာခဲ့တယ်"

လက်ကိုင်ပဝါလေးဖြင့်၊ မျက်ရည်သုတ်လျက်၊ ပြော၏။

"အစ်ကို၊ နှလုံးရောဂါ ဖြစ်နေတယ်ဆို"

ငိုသံဖြင့် တုန်ယင်စွာ မေးသည်။ ရင်ထဲတွင် လှပ်ခနဲ၊ နင့်ခနဲ ဖြစ်ရပြန်သေး၏။

"နှလုံး အောင့်တတ်တာပါ။ ရောဂါကြီး မဟုတ်ပါဘူး။ ညီမ,လေးရော ...၊ နေကောင်းရဲ့လား"

"ရန်ကုန်က၊ ပြောင်းသွားပြီးကတည်းက၊ နေ



သန္တာတိုင်ရတုကို သံပြိုင်သီဆိုနေပါလျက် ...

မကောင်းမဖြစ်တော့ဘူး အစ်ကို။

နေမကောင်းဖြစ်ဖို့တောင်၊ အချိန်မရတော့တာပါ"

"ဘာတွေ ဖြစ်ခဲ့လို့လဲ ညီမ,လေးရယ်"

"ဒီအသက် ဒီအရွယ်နဲ့ တစ်ခွန်းတည်း ပြောရရင်၊ လောကဓံပေါ့ အစ်ကိုရယ်"

"ထိုင်ကြလေ" ... ဟု၊ ဓားက လှမ်းပြော၏။ အတူထိုင်ဖြစ်ကြသည်။ ရှင်းသန့်သော အစိမ်းနုရောင် အဝတ်အဆင်ဖြင့်၊ ရတနာသည် ရှေးခေတ်နန်းတွင်းသူတစ်ဦး၏ ကြော့ရှင်းမှုမျိုးဖြင့်၊ တင့်တယ်စွာ လှလွန်းလေ၏။

"ရတနာ့ကို၊ လိုက်ရှာတော့မလို့ဆို။ နိုင်ငံအနှံ့ လိုက်ရှာကြမလို့ဆို။ ဟုတ်လား အစ်ကို"

"မနက်ဖြန်မှ၊ စ,ရှာမှာပါ" ... ဟု၊ ကျွန်တော် သောက,စိတ်ကို၊ မျိုသိပ်စွာ ပြော၏။

"ဓားနဲ့ မင်းမြတ်စံတို့ကိုလည်း ရတနာ သတိရပါတယ်နော်"

ယယ်ယယ်က,လို လေသံမျိုး မဟုတ်တော့။ ရွယ်တူချင်းကို လေးစားစွာ ပြောဆိုဆက်ဆံနေတတ်ပြီ။ ဓားက ...



www.burmeseclassic.com

www.burmeseclassic.com



"အတူတူပဲပေါ့ဟာ။ သက်နှင်း ... တို့

ငါတို့က၊ ပိုပြီးတော့၊ သတိရတာပေါ့။ စိတ်ပူတာ

ပါတယ်လေ။

သက်နှင်းဆိုရင်၊ ဒီ ... လေး,ငါးနှစ်အတွင်

မှာ၊ မရှုးရုံတစ်မည်ပါပဲ။

အပူရော၊ သောက,ရော။ ကျောင်းသားဘ

ဆိုတော့၊ မိဘ,ကို လွှန်ဆန်ပြီး နှင့်ကို ရှာဖို့

အခွင့်မရတာရော ...။ သူ ... စုပြီး ခံနေခဲ့ရတ

နလုံးရောဂါ ရသွားတဲ့အထိပါပဲ"

မားက၊ မျက်ရည်မဝဲအောင် ထိန်းလျက်၊ ပြောနိုင်စွမ်း

မင်းမြတ်စံက ...

"သက်နှင်းက၊ စကားနည်းတယ်။ ဒါပေ

... နင်နဲ့ပတ်သက်ရင်၊ သူ့ခံစားမှုက များတယ်

သူ့မှာ ...၊ ကဗျာတွေ အများကြီးပဲ။ န

... ဖတ်ကြည့်ပေါ့။

အဲဒီကဗျာတွေက၊ သူ့ ... ရင်ထဲက ဝေဒ

တွေပါပဲ"

ကျွန်တော် ရတနာ့ကို တစ်ချက်မျှသာ ငေးကြည့်မိသည်





"ဆိုင်တယ် ထင်လို့၊ ငါ ... မေးမယ်နော်

ရတနာ"

"မေးပါ ... မင်းမြတ်စံ"

"နင် ... ဘယ်သွားနေတာလဲ။ သက်နှင်း

ကိုယ်စား၊ ငါ ... မေးပေးတာပါ။

ငါကိုယ်တိုင်လည်း၊ သိချင်လို့ပါ"

"ရတနာ ... စက်ာပူမှာ၊ စာသွားသင်နေ

တာ။ အကျဉ်းချုပ်ပြောရရင်၊ အဲဒီက ပြန်မလာမချင်း၊

အစ်ကိုသက်နှင်းနဲ့ မဆက်သွယ်ရဘူး ... ဆိုတဲ့၊

မေမေ့တောင်းဆိုမှုနဲ့၊ ရတနာ ... နေခဲ့ရတာ"

"နင့်အမေက၊ ဘာဖြစ်လို့ တားတာလဲ"

"ဒီလိုပဲပေါ့"

"အဖေက,ရော၊ တားတာပဲလား"

"... ... ..."

ရတနာ ချက်ချင်း မဖြေ။ ကျွန်တော့်ကို တစ်ချက်၊ ငဲ့ကြည့်

၏။ ပြီးမှ ...

"ရတနာ ... ပထမ,နှစ်၊ မပြီးခင်။ ဖေဖေနဲ့

မေမေနဲ့၊ ရုတ်တရက် လမ်းခွဲတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ညော်”

ကျွန်တော် ... ရင်ထဲ၊ ထိတ်ခနဲ ဖြစ်သွားရ၏။ နှစ်များ၊ ကာလများ များစွာအတွင်း၊ သိချင်နေခဲ့ရသည့်ကိစ္စ။ အကြောင်းအရင်း။

“သူငယ်ချင်းတွေ ရှေ့မှာပဲ၊ ပြောပြပါတော့မယ်လေ။

ဖေဖေ ... နောက်အိမ်ထောင်ပြုသွားတာ။ အလုပ်ပါ ထွက်သွားတာ။

မေမေနဲ့ရတနာနဲ့ နှစ်ယောက်တည်း၊ ကျန်ရစ်ခဲ့ရတာ”

မားက ...

“မင်းမြတ်စံ၊ အခုမှ ... တွေ့ကြရတာ။ စိတ်မကောင်းစရာတွေ၊ မမေးနဲ့လေကွာ”

ရတနာက ... “ရပါတယ်” ဟု၊ ပြော၏။ မားက ...

“သိပ်ထူးဆန်းတယ် ရတနာ။ ဒီ ... မနက်။ နင်နဲ့ သက်နှင်းနဲ့ နှစ်ယောက်ကိုယ်စား။

သက်နှင်းက ... ကောင်းမှု ကုသိုလ်တွေ၊ လုပ်ပြီး အမျှဝေနေတုန်း၊ နင် ... ရောက်လာတာ”



သစ္စာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက် ...

မား၏စကားအဆုံးတွင်၊ ရတနာ ကျွန်တော့်ကို၊ ငေးကြည့်က ...

“အစ်ကိုက၊ ရတနာ့ကို၊ အရမ်းသတိရနေတာပေါ့နော်”

ကျွန်တော် မဖြေ။ ပြုံးလျက်သာ ကြည့်နေမိ၏။

“ရတနာလည်း ရင်ကွဲမတတ်ပါပဲ အစ်ကို”

တူမျှ ဝေဒနာကို ကြားသိရသည့်အခါ၊ နှစ်ကိုယ်စာကို၊ တစ်ကိုယ်တည်းသာ၊ ခံယူချင်မိ၏။

“ကဲ ...၊ နှစ်ယောက် စကားပြောကြဦး။ ငါနဲ့ မင်းမြတ်စံနဲ့ ဘုရားကို လက်ယာရစ် ပူဇော်လိုက်ဦးမယ်”

ရတနာ ခေါင်းညိတ်၏။

မားနှင့်မင်းမြတ်စံတို့ လှေကားထစ်များအတိုင်း ရင်ပြင်တော်သို့၊ ဆင်းသွားကြ၏။

ရတနာနှင့်ကျွန်တော် ရွှေတိဂုံစေတီတော်ကြီးကို၊ အတူတကွ ရှိခိုး ပူဇော် ဖြစ်ကြသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

"အစ်ကိုတို့မိသားစု အပါအဝင်၊ ဘယ်သူ့ကိုမှ၊ ဖေဖေ့ကိစ္စ အသိမပေးဖို့ မေမေ ကတိတောင်းတယ်။ ရှက်လို့နေမှာပေါ့။

နောက်ဆုံး ...၊ အစ်ကိုနဲ့ပါ၊ မတွေ့ဖို့ တားတယ်။ သားအမိနှစ်ယောက် ဇာတ်မြှုပ်နေတော့မယ် ... တဲ့။ ဖေဖေ့ကိုလည်း၊ မေမေ တော်တော်မုန်းသွားတယ်။

ရန်ကုန်ကို တိတ်တိတ်လေး ပြန်လာကြပြီး၊ ရတနာ့ကို မေမေ့မျက်စိအောက်က အပျောက်မခံ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သိပ်မကြာခင်ပဲ စက်ဘ်ာပူကို ကျောင်းသွားတက် နိုင်းတယ်။

အစ်ကိုနဲ့ ဆက်သွယ်ရင်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမယ် . . . တဲ့''

''အစ်ကို့ကို၊ ဒေါ်ဒေါ်က . . . မုန်းနေတာများ လား''

''အဲဒီလိုမဟုတ်ဘူး အစ်ကို။ သိပေါင်း ကျွမ်းပေါင်းတွေနဲ့၊ မပတ်သက်စေချင်တာပါ။

အခုနေတဲ့ နေရာမှာတောင် မေမေက . . . မုဆိုးမ,လို့၊ သူ့,ကိုယ်သူ၊ ပြောထားတာ''

''ဩော်''

''ကျောင်းတက်ပြီး ပြန်လာတော့၊ ရတနာ့ကို၊ မေမေ . . . ကျောင်းထားတာ၊ သူများဆီက၊ ချေးငှား ပြီး၊ ထားတာမှန်း သိရတယ်။

အခု မေမေ့မှာ၊ အကြွေးတွေနဲ့လေ။ မေမေ က,တော့၊ အသိမပေးပါဘူး။ ရတနာ့ဘာသာ စုံစမ်း ပြီး သိရတာ။

အဲဒါကြောင့်ပဲ၊ ရတနာ ရောက်ရောက်ချင်း





ဟိုတယ်တစ်ခုမှာ အလုပ်ဝင်တယ်။ မေမေ့ကို လုပ် ကျွေးနေတယ် ဆိုပါတော့။ အကြွေးတော့ ကျေ အောင်၊ ဆပ်မပေးနိုင်သေးဘူး''

ဘဝအမောကို၊ ပြုံးလျက် ပြောပြနေရှာသည်။ ကျွန်တော့် အမောကိုပင်၊ ကျွန်တော် မပြောမထွက်တော့။ မပြောရက်တော့။

''အစ်ကို့ဆီကို ရတနာလာတာ မေမေ၊ မသိ ဘူး။ အခုအချိန်သိလည်း . . .၊ မေမေ အပြစ်တော့၊ မတင်လောက်ပါဘူး။

ဒါပေမဲ့ . . ., ရတနာ၊ မသိအောင် လာပါ့ မယ်။ မေမေ စိတ်ညစ်အောင် မလုပ်ချင်ဘူး''

ပြောပြသမျှတွေကို၊ ကျွန်တော် သေသေချာချာ နားစိုက် ထောင်နေစဉ်၊ ရတနာက . . .

''အစ်ကို . . .။

ရတနာ့ကို၊ ဘာဖြစ်လို့ စကားတွေ အများ ကြီး မပြောတာလဲ''

''များလွန်းလို့ ပြောမထွက်တာပါ ညီမ,လေး ရယ်''

''ပြောပေါ့ အစ်ကိုရဲ့။ ရတနာက၊ အစ်ကို့ကို၊



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားခဲ့သလို ဖြစ်နေလို့ အထင်မလွဲအောင် ရှင်းပြနေတာ။

အစ်ကို့ကို တစ်နေ့မှ မမေ့ဘူး။ အစ်ကိုလည်း၊ သတိရတယ် မဟုတ်လားဟင်''

''ရတာပေါ့''

''ရည်းစားတွေ ဘာတွေများ၊ ရှိနေပြီလား''

ကျွန်တော် ခေါင်းခါပြလိုက်သည်။

''သေချာလား''

သူ့မျက်နှာကို ကျွန်တော် သေသေချာချာ ငေးကြည့်လိုက်သည်။ ပြီးမှ ...

''ညီမ လေးနဲ့ ပြန်တွေ့ရဖို့ တစ်ခုတည်းနဲ့ အစ်ကို ... အစ်ကို။ ကိုယ့်အသက်ကို ... ကိုယ် မွေးထားရတာပါ''

ကျွန်တော့်လက်ချောင်းများကို ဖိကိုင်ထားလေသည်။

''ရတနာ့ကိုပဲ အစ်ကို ချစ်ရမယ်နော်။ ရတနာလည်း၊ အစ်ကို့ကိုပဲ ချစ်တယ်။

ဘယ်လိုပုံစံနဲ့ ချစ်ချစ်၊ ရတနာ့ တစ်ယောက်တည်းကိုပဲ ... ချစ်။ ဟခြား ဘယ်သူ့မှ မချစ်ရဘူး။



သန္တာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျှက် ...

နော်''

ငယ်ရွယ်စဉ်က၊ ဂါဝန်လေးဝတ်ထားကာ၊ ချိုနွဲ့ခဲ့သည့် မျက်နှာလေးကိုပင်၊ ပြန်မြင်ယောင်လာရ၏။

''အိမ်ရောက်ရင်၊ အစ်ကို့ကဗျာတွေ၊ ဖတ်မယ်နော်''

''ဖတ်''

''သစ္စာတိုင် ရတုကို၊ ရတနာ အခုထိ၊ အလွတ်ရနေသေးတယ်။

ရွတ်ပြရမလား''

''ဆိုမပြတော့ဘူးလား'' ... ဟု၊ ကျွန်တော် ရယ်စရာ ပြော၏။ ''ကဗျာကို ရွတ်တယ် ... လို့ ပြောရတယ် အစ်ကိုရဲ့။ ဆိုတယ်ဆိုတာ သီချင်း'' ... ဟု၊ ရတနာက၊ အမှတ်ထားစွာ၊ ပြန်လည်နောက်ပြောင်၏။

အရယ်အပြုံးတွေ၊ ကိုယ်စီဖလှယ်နေကြစဉ်၊ ကာလ,များစွာသော၊ အမောများ၊ ပါးလျားသွားသည်ထင့်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

"ငါးရာနှစ်ဆယ့်ကိုး . . . ဆိုတော့၊ ငါးရာနှစ်ဆယ့်ရှစ် . . . ဆိုတဲ့၊ မောင်,ချစ်၊ နှမ,ချစ်မျိုးထက်၊ ကျော်လွန်နေပြီ . . . လို့၊ ဆိုလိုတာပေါ့နော် . . . အစ်ကို"

"မဖြေပါရစေနဲ့ ညီမ,လေးရယ်"

"အစ်ကိုက,လည်း၊ ရတနာက, အစ်ကို့ကို၊ ငယ်ငယ်ကတည်းက၊ လိုအပ်နေခဲ့တာလေ။

ရတနာ့အတွက်၊ အမြဲတမ်း အားပေးဖော် လုပ်ပေးဖို့။ ရတနာ . . . ဟိုတုန်းကတည်းက၊



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုထားတာလေ။

အားပေးဖော် ... ဆိုတာ၊ သူငယ်ချင်းေ
လည်း၊ ဟုတ်ချင်မှ ဟုတ်မယ်။ မောင်နှမ,လိုလည်
ဟုတ်ချင်မှ ဟုတ်မယ်။

ထာဝရ၊ ထာဝစဉ် အားပေးဖော် ... ဆိုတာ
မောင်ချစ် နှမချစ်ထက်၊ ပိုနိုင်တာပါပဲ အစ်ကိုရယ်
ရတနာ သိပါတယ်။

ရတနာကိုယ်တိုင်က၊ တော်ရုံတန်ရုံ သံယော
ဇဉ်လောက်နဲ့၊ မေမေ မသိအောင် အစ်ကို့ဆီ လာ
မလား''

အားနာ မြတ်နိုးစွာဖြင့်၊ မျက်နှာနုနုလေးကို၊ ငေးကြည့်လိုက်
မိသည်။

''အစ်ကို့ကဗျာတွေအားလုံး၊ ရတနာ ဖတ်
ကြည့်ပြီးပြီလေ။

အစ်ကို ရတနာ့ကို၊ ချစ်နေတာပဲဟာ။

အလေ့ကျပေါက်ပင်လို၊ အလိုလိုပေါက်လာ
တဲ့, အချစ်မျိုး မဟုတ်တာ၊ ရတနာ သိပါတယ်
အစ်ကိုရယ်။





သံယောဇဉ်က,နေ့ တစ်ဆင့်တစ်ဆင့် ပွင့်ဖူး
ပေါ်ပေါက်လာတာ၊ ရတနာ, ကိုယ်ချင်းစာပြီး သိပါ
တယ်''

''ချစ်တယ် ... လို့ ပြောရမှာ ... အားနာလို့
ပါ ညီမ,လေးရယ်''

ခေါင်းလေးငုံ့စောင်းလျက်၊ ရတနာက ...

''ကိုကို့ကို၊ ငယ်ငယ်လေးကတည်းက, ချစ်
ခဲ့မိတာ ... ဆိုတဲ့ သီချင်းလိုမျိုး၊ ရတနာက၊ ဆိုပြရ
မှာလား အစ်ကို။

တခြား သူစိမ်း ... ဘယ်ယောကျ်ားလေးနဲ့မှ
အကျွမ်းတဝင် စကားမပြောဖူးဘူး အစ်ကို။

အစ်ကိုနဲ့က၊ ကျွမ်းဝင်ပြီးသား ... လို့၊ ရင်
ထဲမှာ၊ ခံစားရတယ်။ အဲဒါကြောင့် ..., နားရှက်ဖို့
တွေ၊ နှုတ်တွန့်ဖို့တွေ၊ ရတနာ မတွေးတော့တာပါ''

''အစ်ကို ဝန်ခံပါတယ် ညီမ,လေးရယ်။ ညီမ,
လေး နယ်ကို ပြောင်းရတော့မယ်လို့၊ သိတဲ့အချိန်
ကတည်းက၊ ညီမလေးကို၊ အစ်ကို ချစ်မိခဲ့တာပါ''

ရတနာက၊ ပြုံးလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ရတနာ,ကတော့၊ ခုနက ... သီချင်းထဲ

က,လိုပါပဲ"

"ဘယ်သီချင်းလဲ ညီမလေး"

သိလျက်၊ ကျွန်တော် မေးသည်။

"ကိုယ့်အရှိန်နဲ့ ကိုယ်။ လွှတ်ထားလိုက်ရင်

ညီမလေး ဆိုပြမိဦးမှာ။

အခု ... အစ်ကို မေးလိုက်တော့မှ၊ မဆိုရဲ

တော့ဘူး"

ပြောပြီး ...၊ ရှက်ရွံ့ခေါင်းငုံ့နေလေ၏။

❀

ကျွန်တော့်မိသားတစ်စုလုံးက၊ ရတနာ့ကို၊ ခင်မင်လိုလား စွာ၊ ကြိုဆိုဆက်ဆံကြသည်။ ရတနာ့မိသားစု အရေးကိစ္စကို၊ စကား မစပ်မိအောင်၊ ရှောင်ရှားပေးကြသည်။ "သင်းသင်း၊ နေကောင်းတယ် မဟုတ်လား" ... ဟုလောက်သာ၊ ရတနာ့၏မိခင် အမည်ကို၊ ခေါ်ဝေါ် မေးမြန်းသမှု၊ အမေ ပြုသည်။





မိခင် မသိအောင် ဝင်ထွက်သွားလာနေသည်ကို သိသဖြင့်၊ ဒေါ်ဒေါ်သင်းသင်းမြကို၊ အိမ်အလည်လာပါရန်၊ ဖိတ်မန္တက စကား ကို၊ တမင် မဆိုကြ။

"စိတ်မဆိုးရင်၊ အစ်ကို ... တစ်ခုမေးချင်

တယ်၊ မေးလိုက်လို့၊ စိတ်မကောင်းဖြစ်မှာလည်း၊

စိုးတယ်"

"မေးပါ အစ်ကိုရဲ့။ ချစ်တဲ့သူ အချင်းချင်း

ကြားမှာ၊ စိတ်ဆိုးစရာ စကားဆိုတာ မရှိပါဘူး။

စိတ်မကောင်း ဖြစ်မှာလည်း၊ မစိုးရိမ်နဲ့။

ရတနာက ... ဒေါင်ဒေါင်မြည်နေပါပြီ အစ်ကိုရယ်"

မြတ်နိုးသက်ညှာစွာ ငေးကြည့်ရင်း ...

"အဖေ့ကို၊ သတိမရဘူးလား"

"ရတာပေါ့ အစ်ကိုရယ်။ ဒါပေမဲ့ ..., မေမေ့

ကို၊ ပို,ငဲ့ရမယ်လေ။

ဖေဖေက၊ မှောက်မှားသူ။ မေမေက သစ္စာ

အပျက်ခံရသူ။ မေမေ ပိုခံစားရတာပေါ့။

အဲဒါကြောင့် ... ဖေဖေ့ကို သတိရပေမယ့်

မေမေ့ကိုပဲ၊ ဦးစားပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ... ဦးလေးက၊ ဘယ်မှာလဲ"

"မသိဘူး အစ်ကို။ မေမေ ရတနာ့ကို စိတ်နာမှာစိုးလို့။ ရတနာ တမင်မစုံစမ်းတာ။

ဘယ်တော့မှ မပတ်သက်ဖို့လည်း၊ မေမေ ငိုပြီးတားထားတယ်။

ရတနာ့အနေနဲ့က,တော့၊ ဖေဖေ့ကို မကျေနပ်ချင်ပေမယ့်၊ ဖေဖေက မိဘ,လေ။ သားသမီးဆိုတာ၊ ဘယ်လိုမိဘ,ကိုပဲ ဖြစ်ဖြစ်၊ တစ်စက္ကန့်တောင် စိတ်မနာရဘူး ... လို့၊ ရတနာ သိထားတယ်လေ။

မေမေက,တော့ ... စိတ်နာနေရှာမှာပေါ့။ ရတနာ့အနေနဲ့က,တော့၊ မေမေ့ကို သနားလို့ ဖေဖေ့ကို၊ ရှာဖို့၊ စုံစမ်းဖို့၊ မလုပ်ဘဲ နေချင်နေမယ်။

ဖေဖေ့ကို စိတ်အနာကြီး၊ နာနေတာ၊ မုန်းနေတာမျိုးတော့၊ မဖြစ်အောင်၊ သတိထား နေဖြစ်တယ်"

"လုံးဝ ... စိတ်မဆိုးဘူးပေါ့၊ ဦးလေးကို"

"စိတ် ... ဆိုးချင်တယ်။ မဆိုးရဘူး ... လို့ ကိုယ့်ကိုယ်ကိုယ် သတိပေးထားတာ။





ရွယ်တူ သက်တူချင်း၊ စိတ်ဆိုးတာတောင်၊ ဒေါသ ... ဖြစ်။ ပူလောင်ကြွရသေးတာ။

မိဘကိုများ စိတ်ဆိုးမိလို့က,တော့။ လောင်ကျွမ်းရမယ့် ဘဝအပူက၊ ဘာနဲ့မှ ငြိမ်းလို့ ရမှာမဟုတ်ဘူး။

မိဘ, ဆရာကို၊ စိတ်ငြိုငြင်ရင် ဘဝလောင်ကျွမ်းတတ်တယ် အစ်ကိုရဲ့"

"ငရဲကြီးမှာကို ပြောတာလား"

"အင်းပေါ့။ နောင်လည်း ငရဲမီးနဲ့၊ လောင်ကျွမ်းမယ်။ လက်ရှိဘဝ,လည်း ဘဝ,ဒုက္ခအပေါင်းနဲ့ ပူလောင်ရတတ်တယ်"

"အမှားလုပ်ထားတာလေ။ စိတ်ဆိုးခွင့် မရှိဘူးလား"

"နံရံကြီးက ... မည်းမည်းကြီးပဲဖြစ်ဖြစ်၊ ဖြူဖြူဖွေးဖွေးလေးပဲဖြစ်ဖြစ်။ ကြက်ဥနဲ့ပေါက်ရင် ... ကြက်ဥပဲ ကွဲတယ် ... အစ်ကိုရဲ့။

အဲ့ဒါကြောင့် မိဘ,ဘာလုပ်လုပ်၊ ရတနာက,တော့၊ ဝေဖန်စကားတောင်၊ မပြောဘူး။ ဖြစ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လေးတော့၊ ပြောပြသင့်ရင် ပြောပြတာပေါ့''

''အစ်ကိုက၊ ညီမ,လေး စိတ်အားငယ်နေမှာ စိုးလို့၊ မေးမိတာပါ''

''အားငယ်ချိန်မရပါဘူး အစ်ကိုရယ်။ မေမေ့ ကိုကြည့်ပြီး၊ အားပိုတင်းခဲ့ရတာ။

မေမေက . . . , ဘာ . . . ပိုင်ဆိုင်မှုမှ မယူခဲ့ ဘူး။ စိတ်နာလို့ . . . တဲ့။

သူ့ဘာသာ ရှန်းကန်တယ်။ ရတနာက . . . အဲ့ဒါကို၊ ပိုသနားတာ''

ပေါ့ပါးစွာပြောရင်း၊ ပြုံးလျက် . . .

''အိမ်မှာ . . . ပြဿနာဖြစ်ကြတော့၊ လမ်းခွဲ ကြဖို့ ဆုံးဖြတ်အပြီးမှာ . . . ၊

ဖေဖေ့စကားလေး တစ်ခွန်းက,လည်း၊ သနား စရာ ကောင်းနေပြန်ရော . . . အစ်ကိုရဲ့''

ကျွန်တော် စိတ်ဝင်တစား နားစွင့်သည်။

''ကျွန်မ,အပေါ် မေတ္တာပျက်လို့၊ ဖောက်ပြန် တဲ့သူရဲ့၊ ဘာအငွေ့အသက်နဲ့မှ မပတ်သက်ဘူး . . . လို့၊ မေမေက . . . ပြောတော့။





ဖေဖေက . . . , သင်းရယ် . . . တဲ့။ ငါ . . . သစ္စာပျက်ခဲ့တာပဲ ဖြစ်မှာပါ . . . တဲ့။ ဘယ်တော့မှ . . . မေတ္တာမပျက်ပါဘူး . . . တဲ့''

ပြုံးလျက်၊ ပြောနိုင်စွမ်းလေသည်။

''ဘာဖြစ်လို့လဲတော့၊ ရတနာ မပြောတတ် ဘူး။ အဲဒီစကားလေးကို၊ အိပ်ခန်းထဲက . . . ကြား ပြီး၊ ဖေဖေ့ကို၊ သနားမိသေးတယ်။

ရတနာသာ . . . မိန်းကလေး မဟုတ်ခဲ့ရင်။ အဲဒီ အချိန်ကတည်းက၊ အစ်ကို့ဆီကို၊ ပြေးလာခဲ့မိ မှာ။

ဒါတောင် . . . ဘာဖြစ်ဖြစ်ဆိုပြီး၊ အစ်ကို့ဆီ၊ ထွက်လာဖို့၊ စဉ်းစားသေးတယ်။

မေမေ့ကို၊ ငဲ့လိုက်လို့၊ မေမေ့အနားမှာပဲ၊ နေလိုက်ရတယ်''

''ညီမလေး၊ တွေ့ချင်ရင် . . . ဦးလေးကို၊ အစ်ကို ရှာပေးပါ့မယ်''

''ဟင့်အင်း။ မတွေ့ချင်ဘူး အစ်ကို။ မေမေ အသက်ရှင်နေသရွေ့၊ ရတနာ အဲဒီအလုပ်ကိုတော့၊



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး။

တခြားကိစ္စ၊ လိမ်ညာမိချင် လိမ်ညာမိမယ်၊ အဲဒီကိစ္စက,တော့၊ မေမေ မသိအောင်၊ လုံးဝ မလုပ်ဘူး''

''ညီမ,လေးက၊ မိသားစုကိစ္စနဲ့၊ ရင်ဆိုင်နေချိန်မှာ၊ အစ်ကိုက ... ညီမလေးကို၊ သတိရစိတ်နဲ့ အသက်ငွေ့ငွေ့လောက်ပဲ ရှိခဲ့ရတာ''

''ရတနာ ... အစ်ကို့ရင်ထဲကို၊ မြင်ပါတယ် အစ်ကိုရယ်''

ကျွန်တော့် လက်ခုံပေါ်သို့၊ သူ့လက်ဖဝါးယပ်ဖြင့်၊ ဆုပ်ကိုင်နွေးထွေး၏။

''အလုပ်ကို၊ လာကြိုရင် ... ဟိုတယ်ရှေ့မှာ ရပ်မနေနဲ့နော် အစ်ကို။

ညှော်ခန်းထဲမှာ ... ဝင်ထိုင်။ ရတနာ အဝ.က၊ လူတွေကို ပြောထားတယ်''

''ဘယ်လိုပြောထားတာလဲ''

''ချစ်သူလာကြိုမယ် ... လို့၊ ပြောထားတာပေါ့''





ရင်တွင် ... အေးချမ်းရလေ၏။

အလွမ်းမီး အဟုန်များ အားလုံး၊ ချစ်မေတ္တာရေစင် တစ်ပေါက်မျှဖြင့်၊ အေးငြိမ်းစေတတ်ကြောင်း၊ အသက်တည်နေသောကြောင့်သာ၊ ကျွန်တော် သိခဲ့ရသည်။ အသက်မွေး၍ လွမ်းခဲ့လေသဖြင့်၊ အချစ် လေပြည်အကြား၊ ခိုနား အေးမြရလေပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

အစ်ကို ကိုသက္က၏ ကွန်ပျူတာပစ္စည်း အရောင်းဆိုင်တွင်၊ ဦးဆောင် ရောင်းချသူအဖြစ်၊ ကျွန်တော် အလုပ်ဝင်လုပ်သည်။

အလုပ်သိမ်းချိန်တွင်၊ ရတနာက ကျွန်တော့်ကို လာကြိုသည်လည်း၊ ရှိ၏။ ကျွန်တော်က ရတနာ့ကို ကြိုရသည်လည်း ရှိသည်။

"မင်းတို့နှစ်ယောက်က၊ မောင့်ချစ်၊ နှမချစ်
မဟုတ်တော့ဘူးထင်တယ်နော် ... သက်နှင်း"

အစ်ကို ကိုသက္က၏ မေးပြော ပြောခြင်းကို၊ ကျွန်တော် စကား မတုံ့ပြန်။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ချစ်၊ နှမ့်ချစ် မဟုတ်တဲ့ သံယောဇဉ်တိုင်း၊ အခန့်မသင့်ရင် ပူလောင်လိမ့်မယ်နော်။ မင်း ...၊ ငါပြောတာ၊ နားဝင်ရဲ့လား"

"ဟုတ်ကဲ့ပါ အစ်ကိုရာ"

"ထာဝစဉ် ... ချစ်ချင်ရင်၊ မောင်နှမ့်လို ချစ်ပါ ... လို့၊ ငါ ... ပြောထားဖူးတယ်လေကွာ။ မင်း ... အဲဒါကို၊ နားမထောင်ဘူး"

"နားထောင်ပါတယ် အစ်ကိုရယ်။ ဒါပေမဲ့ ...၊ ခွဲခွာရတဲ့ဒုက္ခကို၊ မခံနိုင်လွန်းလို့၊ သံယောဇဉ်က၊ ဘရိတ်ပေါက်သွားတာပါ"

"မင်းစကားထဲမှာ၊ အဖြေပါနေပြီ သက်နှင်း။ ဘရိတ်ပေါက်ပြီဆိုကတည်းက၊ တစ်ခုခုကို တိုက်မိတော့မယ်"

"ရတနာနဲ့ ကျွန်တော်နဲ့က၊ မက်မောပြီး ချစ်ကြတာ မဟုတ်ပါဘူး။ သံယောဇဉ်ကြီးလွန်းလို့ ချစ်သူဖြစ်ကြရတာပါ"

"မောင့်ချစ်၊ နှမ့်ချစ်မှာတောင်၊ သူ့အရှိန်နဲ့သူ၊ ပူလောင်နိုင်သေးတယ်။





တစ်ထောင့်ငါးရာ အရှိန်ကြီးနဲ့၊ ချစ်ကြ ကြိုက်ကြပြီဆိုရင်တော့ ...။

ငါ ... သိသလောက်ပြောရရင်၊ အရှိန်ပြင်းရင် ... အထိနာလိမ့်မယ်"

"ကျွန်တော် ... သူ့ကို၊ မခွဲနိုင်ဘူး အစ်ကို။ သူလည်း .. ကျွန်တော့်လိုပါပဲ"

"ငါက ... လူရှုပ်၊ လူပွေ ဖြစ်ခဲ့ဖူးတဲ့သူပါ။ ငါ့လို လူက့တောင်၊ ဘယ်အခြေအနေဟာ၊ အန္တရာယ်ကြီးနိုင်တယ် ... ဆိုတာ၊ သတိပေးနေမှတော့၊ မင်း ... သတိထားတတ်အောင်သာ၊ ကြိုးစားပေတော့ သက်နှင်း"

"အစ်ကို ဘာကိုဆိုလိုတာလဲ"

"ရတနာ ...၊ မင်းဆီကို ရောက်လာတာ၊ ရတ်တရက်ကြီးနော်။ ပြီးတော့ ... ငယ်ငယ်က၊ ထက်၊ ပိုပြီး တွယ်တာလွန်းနေတယ်။ အဲဒါကို၊ ငါ မသင်္ကာဘူး"

"ချစ်လွန်းလို့ တွယ်တာလွန်းတာပါ အစ်ကို"

"အရေးတကြီး ကိစ္စရှိလို့၊ အမောတကော



www.burmeseclassic.com

www.burmeseclassic.com



လာချစ်နေသလိုမျိုးကြီး၊ ငါ မြင်နေတယ်''

''ခွဲရတဲ့ ကာလ,တွေ၊ ကြာခဲ့လို့ပါ'' ... ဟု၊ ကျွန်တော်ကကွယ်စကားဆိုသည်။ အစ်ကို ကိုသက္ကက ...

''မင်းကို၊ ရတနာ ..., လာ ... လိမ်နေတယ် ... လို့၊ ငါဆိုလိုတာ မဟုတ်ဘူး။

အနေအထိုင် ရဲလွန်းတယ် ... လို့လည်း ငါ ..., ကဲ့ရဲ့နေတာ မဟုတ်ဘူး။

တစ်နေရာရာကို သွားစရာရှိလို့၊ အချိန်ရေတုန်း၊ လာပြီး ဂရုတစိုက်၊ ပြုမူနေသလိုမျိုး။ ငါ ... ခန့်မှန်းမိတယ်။

မင်းကို ... အရမ်း, အရမ်းကို၊ ချစ်ပြနေတာကွ။ အဲဒါ ... သာမန် အခြေအနေ မဖြစ်နိုင်ဘူး။

''ကျွန်တော် အဲဒီလိုတော့၊ မတွေးမိဘူး အစ်ကို။

ကျွန်တော် ချစ်သလောက်၊ သူ ... ပြန်ချစ်နေတယ် ... လို့ပဲ၊ မြင်တယ်။

ခွဲရတာ ကြာလွန်းခဲ့လို့၊ ဆုံတွေ့တဲ့အခါ၊ ပိုဂရုစိုက်တယ် ... လို့ပဲ၊ ခံစားရတယ်''





အစ်ကို ကိုသက္ကက ...

''တချို့ကိစ္စတွေက၊ အပြင်ဘက် ... ခပ်လှမ်းလှမ်းက,ကြည့်မှ၊ ပိုပြီး ... ခန့်မှန်းနိုင်တာကွ။

လက်ဝါးကို မျက်လုံးနဲ့ကပ်ပြီး ကြည့်သလို၊ နီးလွန်းအားကြီးရင် ... သဲသဲကွဲကွဲ မမြင်ရဘူး''

''ဟုတ်မှာပါ။ ကျွန်တော်က ... ချစ်လွန်းအားကြီးလို့လား မသိဘူး။

ရတနာ ပိုပြီး ချစ်စရာကောင်းလာတယ်။ ပိုပြီး လှလာတယ်၊ ချောလာတယ် ... လို့ပဲ၊ မြင်နေတယ်''

''အမေနဲ့အဖေက၊ မင်းကို ... ထိန်းသိမ်းဖို့ငါ့ကို မှာတယ်နော်။

ငါက ... မိဘ, မှာလို့၊ မင်းကို ... ဆုံးမ,နေတာ မဟုတ်ဘူး။ အစ်ကိုမို့လို့, ညီကို၊ ဆုံးမ ..နေတာမျိုးလည်း၊ မဟုတ်ဘူး။

ဒီလိုအရာမျိုး လုပ်ရင်၊ ဒီလို ... အခြေအနေမျိုး ဖြစ်တတ်တယ် ... လို့၊ ကြိုတွေးနိုင်လောက်အောင်၊ ရှုပ်ရှုပ်ယှက်ယှက် ဖြတ်သန်းခဲ့ဖူးတဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနဲ့၊ နောက်လူကို၊ သတိပေးနေတာ”

“ကျွန်တော် ဘာကို သတိထားရမှာလဲ အစ်ကို”

“ဘယ်သူ့ကိုဖြစ်ဖြစ်၊ မိုးမမြင် လေမမြင် မချစ်ဖို့။ အရာရာဟာ ...၊ အချိန်မရွေး ပျက်စီး ဆုံးရှုံးတတ်တယ်ဆိုတာ၊ မမေ့ဖို့။

မထင်မှတ်တာ၊ ကြုံရပြီဆိုရင်လည်း၊ မလောင်မြိုက်ဖို့။ သတိထားစေချင်တယ်”

“ကျွန်တော် သိပ်နားမလည်ဘူး အစ်ကို”

“အေး ...။ နားမလည်သေးရင်၊ တစ်ခု ... ထပ်မှတ်ထား”

“ဟုတ်ကဲ့”

“ငါက ... မင်းရဲ့အစ်ကို။ မင်း ... ဒုက္ခရောက်အောင် မလုပ်ဘူး။

ငါ ... ဘာပြောပြော၊ မင်းကောင်းကျိုးအတွက်၊ ပြောတာပဲ ... လို့။ မင်း ... သိထား”

“အင်း။ အဲဒါတော့ သိပါတယ်”

“အဲဒီအသိကို၊ သေသေချာချာ မှတ်ထား”





ကျွန်တော် ခေါင်းညိတ်လိုက်၏။

အစ်ကို ကိုသက္က ဘာကိုစိုးရိမ်လေသည်။ (တကယ်) မသိ။

“ပြီးတော့ ...၊ ငါ ... ပြောထားချင်သေးတယ်။ မင်းနဲ့ ရတနာနဲ့၊ ယူဖို့ ပြုဖို့ မလုပ်ကြနဲ့ဦးနော်။

ဘာမှ၊ အဆင်သင့်ဖြစ်ကြသေးတာ မဟုတ်ဘူး”

“ဟုတ်ကဲ့ပါ” ... ဟု၊ ကျွန်တော် တရိုတသေ ပြောလိုက်၏။ ပြောပြီးပြီးချင်း ချစ်သူ ရတနာကို၊ ပို၍ သတိရမိသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

"ငါ့အစ်ကိုက၊ ငါ့ကို ... ဘာ,သတိပေးချင်မှန်း၊ ငါ ... မသိဘူး"

ဓားက ...

"နောက်တစ်ခါ၊ မင်း ..., ရတနာနဲ့ ဝေးရခွဲရရင်၊ မင်း ... ခံစားရမှာစိုးလို့၊ သတိပေးတာနေမှာပေါ့"

မင်းမြတ်စံက ...

"ကိုသက္ကမှာ ... ရည်းစားတစ်ယောက်မှ မရှိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး ထင်တယ်။ အပြင်လည်း ... ဟိုတုန်းက,လို ရှိုးထုတ်ပြီး မထွက်တော့ဘူး။ ဘုရာ မှန်မှန်သွားတာတော့ ကြာပြီ"

"အချစ်ကို စိတ်ကုန်သွားတာများလား။ ဒါမှ မဟုတ် ...၊ သံယောဇဉ်ကို ရှုံရာသွားတာများလား"

"မသိဘူး။ ဟိုးတုန်းက,လို ရည်းစားတွေသ က၊ ဖုန်းမလာတာ ကြာလှပြီ"

ဓားက ...

"သူ့လို မလည်ဝယ်တဲ့၊ ရတနာ တစ်ယောက် တည်းကို ချစ်။ တစ်ယောက်တည်းနဲ့၊ မင်း ... ရင်ကွဲမတတ်ခံစား။ ဘဝ ... နစ်မွန်းမှာစိုးလို့၊ သတ် ပေးတာ နေမှာပါ"

"ရတနာက၊ မိန်းမဆိုးလေးမှ မဟုတ်တာ" ... ဟု၊ ဂုဏ် ယူသော လေသံဖြင့်၊ ကျွန်တော် ပြော၏။

မင်းမြတ်စံက ...

"အရေးတကြီးကိစ္စရှိလို့၊ အမောတကော လာချစ်နေသလိုမျိုးကြီး ... လို့ မင်းအစ်ကို၊ ရတန ကို၊သုံးသပ်တာ၊ ဟုတ်နိုင်တယ်နော် ... သက်နှင်း





"ဘာ ... ဟုတ်နိုင်တာလဲ"

"ရတနာက၊ မင်းအပေါ်၊ ရှက်ကိုးရှက်ကန်း အမူအရာလေးတောင်၊ မပြုမူဘူး။

တကယ့် ဝေးကွာနေခဲ့ကြရတဲ့၊ ချစ်သူတွေ၊ ပြန်ဆုံပြီး၊ ဘာကိုမှ ဂရုမစိုက်နိုင်လောက်အောင်၊ မိုးမမြင် လေမမြင် ချစ်နေတဲ့ပုံစံမျိုး"

"ငါတို့နှစ်ယောက်၊ တကယ် ... ဝေးခဲ့ကြရ တယ်လေ"

"ချစ်သူအဖြစ် ဝေးခဲ့ကြရတာ မဟုတ်ဘူး လေကွာ။ သူငယ်ချင်း, မောင်နှမအဖြစ်နဲ့၊ ဝေးခဲ့ကြ တာပါ"

"မသိဘူးလေကွာ။ ငါ ... မတွေးတတ်ဘူး။ ငါ ... သိတာ၊ ရတနာ့ကို၊ ငါ ... အရမ်းချစ်တယ်။ ငါ ..., ပြီးပြည့်စုံတဲ့ အခြေအနေရောက်ရင်၊ လက် ထပ်မယ်။ ရတနာက,လည်း၊ ငါ့ကို အရမ်းချစ်တာ၊ ငါ ... သိတယ်။

သူ့အိမ် ဘယ်မှာလဲ ... ဆိုတာ၊ ငါ့ကို ... မပြောပြတာက,လွဲလို့၊ ငါတို့နှစ်ယောက်၊ နေ့တိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖြစ်တယ်။ သူ့အလုပ်ကို၊ ဝင်ထွက် ကြိုပို့ခွင့်

ပေးထားတယ်။

လောလောဆယ် ... အဲဒီအခြေအနေနဲ့တွင်

ငါ့မှာ ... ကြည်နူးနေရတာ။ ကျေနပ်နေရတာ''

''သူ ... ဘယ်မှာနေတယ်ဆိုတာ၊ ဘာဖြ

လို့၊ မပြောတာလဲ''

''ငါ ... အိမ်လာလည်တာနဲ့၊ သူ့အမေ သ

သွားမှာစိုးလို့ ... တဲ့။ လောလောဆယ် သူ့အမေ

မသိစေချင်သေးဘူး ... တဲ့''

''မင်းတို့နှစ်ယောက် လက်ထပ်ဖို့ ကြာဦးမှာပေါ့နော်'' ... ဟု

ဓားက၊ မျက်ခုံးတွန့်လျက် မေး၏။

''အင်းပေါ့။ ရတနာက ... အမေ့ကို၊ လု

ကျွေးဦးမယ်။ ပြီးတော့ ... သူ့အမေ အကြွေးတေ

ဆပ်ပေးချင်သေးတယ် ... တဲ့။

ငါက ... ဝင်ငွေရှိအောင်၊ အလုပ်လုပ်နေ

တယ်။ ပိုကြိုးစားဖို့လည်း၊ အစီအစဉ်ရှိတယ်''

မင်းမြတ်စံက ...

''ဘယ်နေ့, ဘယ်လ, ဘယ်နှစ် ..။ လ





ထပ်မယ် ဆိုတာမျိုး၊ မရည်ရွယ်ကြရသေးဘူးပေါ့''

''ချစ်သူဘဝနဲ့ ... အားရအောင် ချစ်ကြဦး

မယ် ... တဲ့။ ရတနာက ...''

''တစ်ခုခုတော့ လွဲနေပြီထင်တယ်'' ... ဟု၊ ဓား ပြော၏။

''မလွဲပါဘူး။ အမေကို၊ အားရပါးရ စောင့်

ရှောက်ချင်သေးလို့ ပြောတာနေမှာပါ''

''ဘာပဲဖြစ်ဖြစ်ကွာ။ မင်းရော ... ရတနာ

ရော၊ ပျော်နေ ပြုံးနေကြည်နူးနေကြတာကိုပဲ၊ ငါတို့

မြင်ချင်ပါတယ်။

တော်ရုံတန်ရုံ သံယောဇဉ်နဲ့၊ ချစ်သူဖြစ်ခဲ့ကြ

တာ မဟုတ်ဘူးဆိုတာလည်း၊ ငါတို့ ... ကိုယ်တွေ့

မျက်မြင်ပါ။

ဘာကြောင့်မှ၊ မင်းတို့ နှစ်ယောက်ကို၊ မဝေး

စေချင်ဘူး။ အဲဒါကြောင့် ... ငါတို့နှစ်ယောက်က၊

မင်းတို့နှစ်ယောက်အတွက်၊ ပူပင်နေတာ''

''ငါလည်း ... တွေးမိ ပူမိတာပါပဲ။ ဒါပေမဲ့

... ရတနာ့ကို မြင်လိုက်ရင်၊ ဘာအပူမှ၊ ငါ့မှာ မရှိ

တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဖေက,တောင်၊ ငါ့ကို ပြောသေးတယ်။ ရတနာ့ကိုသာ ပြန်မတွေ့ရသေးရင်၊ ဂလေရိုက်နေဦးမယ့်ကောင် ... တဲ့''

"အင်းနော်။ နိုင်ငံအနှံ့ မရှာရဘဲ၊ ပြန်တွေ့ခွင့်ရလိုက်တာက,တော့၊ မင်း ... တော်တော်ကံကောင်းတယ်လို့ ပြောရမယ်'' ... ဟု မင်းမြတ်စံ ပြော၏။

အတိတ်ကို တွေးလျှင်၊ မောတတ်နေသေးသည်။

❁ ❁ ❁



## (၂၆)

"ဒေါ်ဒေါ် သားကို၊ မခေါ်မပြော မပတ်သက်ပါနဲ့လို့၊ လာတားတာ မဟုတ်ဘူးနော် ... သား။

သားနုမ,လေးက၊ သားကို သိပ်ချစ်တာ၊ ဒေါ်ဒေါ် သိပါတယ်။

ဒါပေမဲ့ ... ဒေါ်ဒေါ် တစ်ဖက်ကို၊ စကားလွန်ပြီးထားပြီ။ နှုတ်ကျွံ ... လက်ကျွံပေါ့ သားရယ်။

လာကမ်းလှမ်းတဲ့ သူက၊ အသက်ကြီးလွန်းတယ် ဆိုပေမယ့်၊ ဒေါ်ဒေါ့်အကြွေးတွေကိုလည်း၊ ဆပ်ပေးထားပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



သားနှမ,လေးကိုလည်း၊ မြတ်မြတ်နိုးနိုး ပြည့်ပြည့်စုံစုံနဲ့၊ လက်ဆက်မယ့်သူပါ''

ရတနာ၏မိခင် ဒေါ်ဒေါ် ဒေါ်သင်းသင်းမြသည်၊ ပိန်လှီလွန်းလှ၏။ လောက,၏ပရိဒေဝ, အလောင်မြိုက်ခံထားရသူ၏ကိုယ်နေဟန်ထား။

ကျွန်တော့်မှာ ... ကိုယ်တိုင် ကမ္ဘာပျက်မျှ ခံစားကြားနာနေရပါလျက်၊ ကမ္ဘာပျက်ခဲ့သူ၏ တိုးရှိုးသံကို၊ ပစ်ပယ်ဖို့ ခက်လွန်းနေရသည်။

''ညီမလေးက,ရော၊ ဘာပြောလဲ''

''အသက်ကြီးလွန်းတယ် မေမေရယ် ... တဲ့ဒါပဲ ပြောတာပါ။ မနှစ်သက်ဘူးလို့တော့၊ မပြောဘူး။

ဒေါ်ဒေါ် ... သားကို၊ အကူအညီတောင်းတာပါ။ သမီးကို ... ကူပြောပေးဖို့ပါ။

မောင်သက္ကကိုလည်း၊ ဟိုတစ်ပတ်က ဒေါ်ဒေါ်, လာပြောပြထားပါတယ်။ သားတို့အိမ်မှာ အဝင်အထွက်ရှိနေပြီ ... ဆိုတာ၊ ဒေါ်ဒေါ် ခန့်မှန်းမိလို့၊ လာ ... အကူအညီ တောင်းတာပါ။

မိသားစုကိစ္စ ဘယ်သူမှ မသိစေချင်လို့





ဇာတ်မြှုပ်ထားချင်ရုံတစ်ခုတည်းကြောင့်၊ သားဆီကို မလာဖို့၊ ဒေါ်ဒေါ် တားထားတာပါ။

ဟိုးတုန်းက,တော့၊ ဆူဆူကြိမ်းကြိမ်းတားတာပေါ့။ အခု နောက်ပိုင်းတော့၊ မတားဖြစ်ခဲ့ပါဘူး''

ပါးလှပ်သော ဇာပဝါဖြင့် ကာဆီးလိုက်လေပြီ ... ဟု၊ ခံယူချင်သည့်တိုင်၊ ထိုဇာပဝါပါးသည်၊ လေဆာရောင်ခြည်ပမာ တိပြတ်စေသော အလင်းတန်း။

ဝေဒနာဟူသည်ကား ပြင်းထန်လွန်းသည့်အခါ၊ တုန်လှုပ်ချောက်ချား ခံစားရစေကာမူ၊ ပြင်းလွန်းသည့်အဆုံး၌၊ ဘာမျှမရှိတော့သကဲ့သို့၊ ဖြစ်သွားတတ်စေလေသည်။

ကျွန်တော့် နှလုံးသားသည်၊ ရုတ်တရက် အသိ ... အာရုံအားလုံးနှင့် ပြတ်တောက်, ထုံပေသွားသည့်ပမာ၊ လစ် ... ဟ, သွားလေသည်။ ရင်ခွင်ထဲမှ၊ အသည်းနှလုံးကို၊ ခွဲထုတ်ဆွဲယူခြင်းကို ခံလိုက်ရသည့်အခါ၊ ခန္ဓာသည် ... ဘာမျှမခံစားရတော့သည့် တကယ့် အသေ။

''ကျွန်တော် ...။ ဘာ ...။ ဘာကို ...။ ဘယ်လိုကူညီရမလဲ ဒေါ်ဒေါ်။ ဒေါ်ဒေါ်ဖြစ်စေချင်တာကို ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ် စီစဉ်ပြီးသားကိစ္စကို၊ သမီး ...

အမြန်ဆုံး ခေါင်းညိတ်ဖို့ ကူပြောပေးရုံပါ ... သား။

ပြီးတော့ ...၊ ဒီလို စီစဉ်တာလည်း၊ ဒေါ်ဒေါ်

ကြွေးမြီ ကင်းရှင်းရုံတစ်ခုတည်းအတွက် မဟုတ်ပါ

ဘူး။

သမီး ..., ကြွယ်ကြွယ်ဝဝ ဖြစ်စေချင်တာ၊

အဓိက,ပါ"

"စိတ်ချပါ ... ဒေါ်ဒေါ်။ ညီမ,လေးကို၊

ကျွန်တော် သေသေချာချာ ပြောပါ့မယ်။

သူ ... အမြန်ဆုံး၊ ဒေါ်ဒေါ့်စကားကို၊ လိုက်

နာမှာပါ။

ဒေါ်ဒေါ့်ကို၊ ညီမ,လေးက၊ အရမ်းချစ်တာ၊

အရမ်းဂရုစိုက်တာ၊ ကျွန်တော် သိပါတယ်"

"ကျေးဇူးပါပဲ သားရယ်။ ဒေါ်ဒေါ့်ကိုလည်း၊

မမုန်းပါနဲ့နော်"

ဟုလေသည်။

"မုန်းစရာမှ မဟုတ်တာ ဒေါ်ဒေါ်ရယ်။

နှမ,အတွက်၊ အစ်ကိုကို၊ တာဝန်ပေးတယ်





... လို့ပဲ၊ ကျွန်တော် ခံယူပါတယ်"

"လိမ္မာလိုက်တာ သားရယ်"

ကျွန်တော့်,ပခုံးထက်သို့၊ လက်တင်ကာ မျက်နှာအပ်လျက်

ငိုလေသည်။ ကျွန်တော် မျက်ရည်မဝဲ့အောင်နေ၏။ အဝေးသို့၊

ဘမင် ငေးကြည့်နေမိသည်။

"မငိုပါနဲ့ ဒေါ်ဒေါ်ရယ်။ ကျွန်တော်က ...

ဒေါ်ဒေါ့်သားပါ။ ရတနာက၊ ကျွန်တော့်နှမ,ပါ။

ဘာအတွက်မှ ..., ဒေါ်ဒေါ်မပူပါနဲ့နော်။

ညီမ,လေးက,လည်း၊ အမေ ပူပင်အောင် လုပ်မယ့်

သမီး မဟုတ်ပါဘူး"

ပခုံးမှ မျက်နှာခွာလျက်၊ ကျွန်တော့်ကို၊ ကြည့်သည်။

ကြည့်လျက် ...

"အရာရာကို၊ ကံတရားက၊ စေခိုင်းတယ်

... လို့ပဲ၊ သားလေး နှလုံးသွင်းပါနော်"

တုန်ယင်စွာ၊ အမှာစကားဆို၏။

ကံတရားက ခွဲလေသည် ... ဟုသာ၊ ရင်တွင်းမှာ၊ ပြင်း

ထန်စွာ မြည်ဟည်းသွားလေ၏။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၂၇)

နှစ်ကိုယ် ပူးကပ်စွာ၊ ရတနာ ကျွန်တော့်ကို ဖက်ထားသည်။ ပခုံးစွန်းလေးနှစ်ခု၊ တုန်လှုပ်လွန်းစွာ၊ ငိုကြွေးနေရှာ၏။

"ငိုပြီးရင်၊ အစ်ကို့စကားကို၊ ညီမ,လေး နားထောင်ရမယ်နော်။

ချစ်သူနဲ့ ကွေကွင်းရတယ် . . . လို့၊ မခံစားနဲ့။ မတွေးနဲ့။

ဘဝ . . . ခန္ဓာနဲ့ မိခင်ကို၊ ကျေးဇူးဆပ်တယ် . . . လို့၊ နှလုံးသွင်း။ မိဘ,ကျေးဇူးဆိုတာ၊ ဆပ်ခွင့်ရခဲ့ပါတယ် . . . ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

ချစ်သူ၏မျက်ရည်များ၊ ကျွန်တော့်ပခုံးထက်မှ ကျောကုန်းထက်သို့တိုင်၊ များပြားစွာ စိုရွှဲခဲ့လေပြီ။

"အစ်ကိုရယ်"

ပခုံးနှဲ့အစွန်နှစ်ဖက်ကို၊ ညင်သာစွာ ထိကိုင်လျက်၊ မျက်နှာချင်းဆိုင်အောင်၊ ကျွန်တော် ပြုသည်။

ကမ်းပြိုမြစ်နား တစ်လျှောက်၊ ဖွက်ပေါက်ပြိုပျက်နေသကဲ့သို့၊ လွမ်းဒိုသူ မျက်ဝန်းအနား၊ ပါးနှစ်ဖက် မျက်နှာပြင်သည်၊ မျက်ရည်ညစ်တို့ဖြင့်၊ ပေကျံကျွမ်းမြွေနေလေ၏။

"အားပေးဖော် ... ဆိုတာ၊ အားငယ်တဲ့အချိန်မှာ အားပေးရတယ်။

အားပေးဖို့ မလိုတဲ့အချိန်မှာ၊ လုပ်သင့်တာကို၊ လုပ်ဖို့၊ လမ်းညွှန်ရတယ် ... ညီမလေး။

အစ်ကို ညီမ,လေးကို လမ်းခွဲတာ မဟုတ်ဘူးလေ။ မိခင်စကားကို၊ နားထောင်ဖို့ လမ်းညွှန်နေတာပါ"

"အစ်ကို"

"ပြောပါ ညီမလေး"





"မေမေ့ကိုလည်း၊ မဆန့်ကျင်ရက်ဘူး။

အစ်ကို့ကိုလည်း၊ မချစ်ဘဲ မနေနိုင်ဘူး။

အဲဒါကြောင့် ...

အခုလို၊ အခြေအနေကို၊ ရင်မဆိုင်ရခင်အချိန်အတွင်းမှာ ... အစ်ကို့နဲ့ချစ်ရဖို့၊ ရတနာ ... အစ်ကို့အနားကို၊ လာခဲ့တာပါ အစ်ကိုရယ်။

ရတနာ ... ရင်ကွဲတော့မယ်။ ရတနာ ...၊ အဲဒီ ... အဲဒီ လူကြီးကို၊ လုံးဝ မနှစ်သက်ဘူး။ လုံးဝ ... မချစ်ဘူး။

အစ်ကို့ကိုပဲ၊ ရတနာ ချစ်တယ်"

ယယ်ရွှယ်သူ ငိုကြွေးသည့်ပမာ၊ ရှိုက်ငင်စွာ ငိုကြွေးပြန်သည်။

"အစ်ကို့ကို၊ တခြားနည်း ... တွေးဖို့ ကြံဖို့စီစဉ်ဖို့၊ ကံတရားက၊ ခွင့်မပြုဘူး ... ညီမ,လေး။

ဒေါ်ဒေါ်နေရာမှာ၊ တခြား အမျိုးသမီးကြီးတစ်ယောက်ဆိုရင်၊ အစ်ကို့၊ ညီမ,လေးကို၊ သူတစ်ပါးရင်ခွင်ထဲ၊ ဘယ်ထည့်ပါ့မလဲ။

ခင်ပွန်းက ... ပစ်၊ သမီးက ... ခွာ ... ဆိုရင်။ ဒေါ်ဒေါ် ရူးသွားလိမ့်မယ် ညီမ,လေး။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနဲ့ ညီမလေး၊ နှစ်ကိုယ်ကောင်း ဆန်လိုက်ရင်၊ ဘဝ ... တစ်ခြမ်းသေပြီးသားသူကို၊ အလုံးစုံသေကြေအောင် သတ်လိုက်တာနဲ့ အတူတူပဲ''

မျက်ရည်စိုများကို၊ လက်ဖနောင့်ဖြင့် သုတ်ဖယ်ပေးရင်း ...

''မိဘ,ရဲ့ တန်ဖိုးကို၊ ညီမ,လေး အသိဆုံးပါ။

အစ်ကို့ရဲ့ ... နှလုံးသား၊ ညီမ,လေးရဲ့ ဘဝ ... ခန္ဓာ။ အားလုံးပေါင်းပြီး၊ မိဘအတွက်၊ ဒါနပြုတယ် ... လို့ နှလုံးသွင်းကြရအောင်နော် ... ညီမ,လေး''

''ရတနာ အစ်ကိုနဲ့ မခွဲနိုင်တော့ဘူး''

''လက်ထပ်ပြီးလည်း၊ ညီမလေး အလုပ်ဆက်လုပ်ပေါ့။ အစ်ကို ... ခဏတစ်ဖြုတ်၊ လာတွေ့မှာပေါ့။

တွေ့ပုံတွေ့နည်း၊ စိတ်ထား,စိတ်နေ,တွေတော့၊ ပြောင်းရမှာပေါ့။ နော်။

ဟိုအရင်တစ်ခါ၊ ခွဲရတုန်းက,လို၊ မောင်လို





နှမ,လို၊ တကယ် ... ပြန်ချစ်ကြမှာပေါ့။ ဒါဆို ခွဲခွာရတယ် ... လို့၊ ထင်စရာ မလိုတော့ဘူးပေါ့''

''အစ်ကို့ကို၊ ရတနာ လာတွေ့,လို့ရမှာလား။ အစ်ကို,ကရော၊ ရတနာ့ကို၊ လာတွေ့,မှာလား''

''တွေ့မှာပေါ့။ မောင်နှမ ... လို၊ ပတ်သက်တာကို၊ ဘယ်သူမှ၊ အပြစ်မမြင်ပါဘူး။

အရှိန်အဟုန် ပြင်းခွင့်မရတော့လို့၊ အရှိန်လျှော့တယ်၊ နောက်ပြန်ဆုတ်တယ်ပဲ .. ယူဆကြရအောင် ညီမ,လေးရယ်။ နော်။

ငါးရာ နှစ်ဆယ့်ကိုးတွေ ... ဘာတွေ မပြောကြတော့ဘူးလေ။ ငါးရာနှစ်ဆယ့်ရှစ်တိတိ,ပေါ့။ မဟုတ်ဘူးလား။

မောင်ချစ်,နှမချစ်က ... ထာဝရ ချစ်လို့ရပါတယ်။ နော် ... ညီမ,လေး''

ရင်ခွင်ထဲတွင်၊ ခိုဝင်ငိုကြွေးပြန်သည်။ ချစ်သူ့ကျောပြင်လေးကို၊ လက်သတ်ကြင်နာလျက်၊ ရင်အနာကို၊ မမြင်သာအောင် ... အားမြှင့်ပြင်ဆင်ပြီး ...

''ရင်ခွင်မှာ၊ မျက်နှာအပ်တာ၊ ဒါ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဖြစ်ပါစေတော့၊ ညီမ,လေး။

ပါးချင်းကပ်၊ ရင်ချင်းအပ်ခွင့်တွေကိုပါ။ အစ်ကိုနဲ့ညီမလေးရဲ့, ပေးဆပ်မှုထဲမှာ၊ တစ်ခါတည်း ထည့်လိုက်ကြရအောင်။

နှီးစပ်ခွင့်, ကြင်နာခွင့်, မှီတွယ်ခွင့် ရတော့ တာ၊ ဒါ . . . နောက်ဆုံးပဲ . . . လို့ မတွေးပါနဲ့။

သန့်ရှင်း ဖြူစင်မှုတွေအတွက် . . . ဒါ . . . ပထမဦးဆုံး၊ အစ . . . အဦးခြေလှမ်း . . . လို့ နှလုံး သွင်း။

ဖြူစင်သန့်ရှင်းမယ့် ခရီးအစ,ကို လှည့်ဖို့ မျက်နှာမူဖို့၊ ပူပန်လောင်ကျွမ်းရတဲ့ အခြေအနေကို ကျော်ခိုင်းတယ်။ စွန့်ခွာတယ် . . . လို့ နှလုံးသွင်း။

အစ်ကို . . ညီမ,လေးကို၊ သိပ်ချစ်ခဲ့ပါတယ်၊ ညီမ,လေးလည်း . . . အစ်ကို့ကို၊ တကယ်ချစ်ခဲ့ပါ တယ် . . . ဆိုရင်။

အစ်ကို့စကားတိုင်းကို၊ မြေဝယ်မကျ, လိုက် နာပါတယ် . . . ဆိုတဲ့၊ တုံ့ပြန်မှုနဲ့ပဲ၊ သက်သေပြပေး ပါ . . . ညီမ,လေး''





''ချစ်တယ်'' . . . ဟု၊ ပါးလှပ်စူးနင့်စွာ ပြောပြီး၊ ရှိုက်သံမဲ့ ငိုနေပြန်သေးသည်။

(ရှာသွန်းခဲ့သော မိုးရေတိုင်း၊ တိတ်ဆိတ်ကုန်ခန်းသွားခဲ့ ကြသည်ချည်း။ ရှာသွန်းလွန်းသည့် မိုးရင်ပြင်သည်လည်း၊ ခန်းခြောက် ရပ်တန့်ရမှာ၊ ဓမ္မတာပင်)။ ထို့ကြောင့်၊ ရင်, ကန်သင်းရိုး ကျိုးချင် ကျိုးစေ။

ချစ်သူ ငိုပါလေတော့။

နောက်ဆုံး မျက်ရည်မိုး၊ ကုန်ခန်းအောင်သာ၊ ရွာပါစေ တော့။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

အဖေနှင့်အမေ့ကိုတော့၊ ယာဉ်ထိခိုက်မှုကြောင့်၊ နဖူးဒဏ်ရာ ရ,ခဲ့သည် . . . ဟု၊ မုသား ပြောမိသည်။ သူငယ်ချင်းတွေကိုတော့၊ မှန်ကန်စွာ အသိပေးဖြစ်၏။

"ချုပ်ရသေးလား" . . . ဟု၊ မား မေးသည်။ ကျွန်တော် ခေါင်းခါပြလိုက်၏။

"နောက်ကို၊ အဲဒီ . . . လို မလုပ်ပါနဲ့ကွာ"

"အေးပါ။ လုပ်စရာမလိုလောက်တော့ပါဘူး"

မင်းမြတ်စံက . . .

"ရတနာ့ကို၊ လိုက်ပို့နေတဲ့အထိ၊ မင်း . . .



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မဝဲဘူးပေါ့''

''ဘာမှ မဖြစ်ဘူး။ ဘာမှမဖြစ်ဘူးဆိုတာ မျက်နှာပေါ်မှာ၊ ဘာမှ မဖြစ်အောင် နေထားတာ။

ရင်ဘတ်က, အရမ်းအောင့်နေပြီ။ မျက်လုံးတောင် ပြာတာတာဖြစ်နေပြီ။

ဒါပေမဲ့ ...,ငါ ... ယောက်ျားလေကွာ။ သူ့ရှေ့မှာ တယောထိုးပြနေလို့၊ ဘယ်ဖြစ်ပါ့မလဲ။

ပြတ်သားတဲ့ စကားကို၊ ကြိမ်းမောင်းအော်ဟစ်ပြီး ပြောရတာ၊ လွယ်သလောက်၊ ပြတ်ပြတ်သားသား စကားကို၊ ဘာမှမခံစားရတဲ့ လေသံနဲ့၊ နူးနူးညံ့ညံ့၊ ညင်ညင်သာသာ ပြောရတာ၊ ကမ္ဘာပေါ်မှာ အခက်ဆုံး အလုပ်ပဲ။

ကိုယ့်အသည်းကို၊ ကိုယ့်ဘာသာ ဖြည်းဖြည်းချင်း၊ တစ်လွှာချင်း၊ လှီးထုတ်စီတန်း ချိတ်ဆွဲနေရသလိုပဲ''

''ဟုတ်မှာပါ။ ငါတို့ ... ကိုယ်ချင်းစာပါတယ်ကွာ''

''ရတနာ့ကို ပို့ပြီး၊ ပြန်အလာ။ လမ်းမ,ပေါ်





မှာတောင်၊ ငါ ... ငိုချင်တယ်။

နှလုံးက,လည်း အောင့်နေပြီ။ ခန္ဓာကိုယ်ဘယ်ဘက်တစ်ခြမ်းလုံးနီးပါး၊ ကျင်သလိုလို ဖြစ်နေပြီ။

ငိုခွင့်ရလို့၊ ငိုချလိုက်မယ် ... ဆိုရင်တောင်၊ ငါ ... အော်ငိုမှ သက်သာမှာ။ လမ်းမ,ပေါ်မှာဆိုတော့၊ အဲဒီလို ... မလုပ်ရဲဘူး။

အဲဒါနဲ့ ... လူရှင်းတဲ့၊ ဓာတ်တိုင်တစ်တိုင်အနားကို သွားပြီး ...

ဓာတ်တိုင်ကို၊ ကံကြမ္မာ ... လို့ နှလုံးသွင်းပြီး၊ နဖူးနဲ့ ဆောင့်ပစ်လိုက်တာ။

ရင်ဘတ်အောင့်တာလည်း သက်သာသွားတယ်။ ငိုချင်စိတ်လည်း နည်းသွားတယ်။ ထုံသလိုလိုကျင်သလိုလိုဖြစ်တာလည်း ပျောက်သွားတယ်။

နှလုံးသွေးကို၊ နဖူးက, ထုတ်လိုက်တော့မှ၊ သွေးလှည့်ပတ်မှု မှန်သွားတာ နေမှာပေါ့ကွာ။

မျက်လုံးထဲက ... မျက်ရည်ကျဖို့ အခြေအနေ မပေးလို့၊ မျက်ရည်အစား သွေးထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မိလိုက်တာ''

''အဲ့ဒီလို၊ ကြမ်းတမ်းတဲ့နည်းကို၊ မသုံးပါနဲ့
တော့ကွာ။ ဒါ ... နည်းမှန်, လမ်းမှန်မှ၊ မဟုတ်
တာ''

''ဒီထက် ကြမ်းစရာ၊ ဘာမှမရှိတော့ပါဘူး
ကွာ။ ကုန်သွားပါပြီ။

လောကစံ အားလုံးထဲမှာ၊ ချစ်သူနဲ့ ကွေကွင်း
ရတဲ့ ဆင်းရဲက၊ ပိုပြီး ပြင်းထန်လွန်းပါတယ်။

နောက်ထပ် ...,

ဘာလောကစံ ဘယ်လိုပြင်းပြင်း၊ ငါ ... မမှု
လောက်တော့ပါဘူး''

ဓားက ...

''ဒီအတိုင်းဆိုရင်၊ မင်္ဂလာဆောင်ကို၊ မင်း
... သွားမယ်ထင်တယ်''

''ဟုတ်တယ်။ သွားမယ်။ နှလုံးသွင်းမမှန်ရင်
တောင်၊ ငါ ... မျက်နှာထား၊ ပြောင်းထားနိုင်ပါ
တယ်''

မင်းမြတ်စံက ...





''လက်ဆက်မယ့်လူက၊ အသက်ကြီးလွန်း
တယ် ... ဆို။ ဘယ်လောက်တောင် ကြီးလို့လဲ''

''ဒွေးချိုး ... လေး, ... တိုးပေါ့ကွာ''

''ဘာလဲ ... ဒွေးချိုး လေးတိုး''

''ရတနာ့အသက်ရဲ့ နှစ်ဆ,ကို၊ လေးထပ်
ပေါင်း''

''ဩော်''

မင်းမြတ်စံက ...၊ ပြုံးလျက် ...

''ယောက်ျား ပဋ္ဌင်း။ မိန်းမ, ပုခက်တွင်း
... လို့၊ ပြောလည်း၊ ရပါတယ်ကွာ''

''မြွေကြီးကို၊ ဖားမျိုတယ် ... ဆိုတဲ့၊ အိပ်မက်၊ ကောသလ
အိပ်မက် ဆယ့်ခြောက်ချက်ထဲက, လိုမျိုးကြီး ဖြစ်နေပြီ'' ... ဟု၊
ဓားက သက်ပြင်းမောချ,ပြီး ပြော၏။ ''ကံပေါ့ကွာ'' ... ဟု၊ ကျွန်
တော် ပြီးစလွယ် ပြောရသည်။ ဓားက ...,

''မင်း ...၊ ဘာကို ငဲ့ပြီး၊ ရတနာ့ကို၊ စွန့်
ရတာလဲ သက်နှင်း''

''သူ့ကိုရော ...၊ သူ့အမေကိုရောပေါ့။
ချစ်သူက, တစ်ဖက်၊ သမီးရဲ့ ဆုံးဖြတ်ချက်ကို၊



www.burmeseclassic.com

www.burmeseclassic.com



တထိတ်ထိတ်နဲ့ စောင့်နေရတဲ့ အမေက, တစ်ဖက်

ရတနာ ဗျာများသွားမှာပေါ့။ ပြီးတော့ သူ့ကို

ငါ ပြောခဲ့သလိုပါပဲ။ နှစ်ကိုယ်ကောင်း မဆန်ရက်လို့

ပေါ့ကွာ"

ပြောနေစဉ်၊ နဖူးမှ ဆစ်ခနဲ နာသည်။ အသည်းနှလုံးရှိရာ လက်ဝဲဘက် ရင်ထဲမှ၊ ပို၍ နာလာ၏။

❁

ရတနာ့ မင်္ဂလာလက်ထပ်ပွဲသို့၊ အစ်ကို ကိုသက္ကမှလွဲ၍ ကျွန်တော်တို့ မိသားစုတစ်စုလုံး သွားဖြစ်ခဲ့ကြသည်။ ဓားနှင့်မင်းမြတ်စံလည်း၊ လိုက်ပါခဲ့ကြ၏။

ပြုံးရွှင် မျက်နှာထားများဖြင့်သာ၊ မင်္ဂလာရှိစွာ၊ ကျွန်တော်တို့ နေထိုင်တက်ရောက်ခဲ့ကြသည်။ သတို့သားကြီးနှင့် ကျွန်တော့်ကို ရတနာက မိတ်ဆက်ပေး၏။

သူ၏ငယ်သူငယ်ချင်း ... ဟု၊ ပြောပြ၏။ ဓားနှင့်မင်းမြတ်စံတို့သည်လည်း၊ ငယ်သူငယ်ချင်းများ ဖြစ်ကြောင်း၊ မိတ်ဆက်ပြော





ပြသည်။ နဖူးမှ၊ ဒဏ်ရာ မကျက်သေးသော၊ ကျွန်တော့်ကို၊ ရတနာက ... "ဘာဖြစ်တာလဲ ... နဖူးက" ... ဟု၊ အားလုံးရှေ့မှာ မေးသည်။ "ကားချင်းတိုက်မိတာ ... တဲ့" ... ဟု၊ အမေ ဝင်ဖြေ၏။ "ဖြစ်ရလေ အစ်ကိုရယ်" ... ဟု၊ မျက်ခုံးလေးတွန့်ကွေးပြုံးချိုစွာ၊ ပြော၏။

"သိပ်မကြီးပါဘူး" ... ဟု၊ ကျွန်တော် ပြောသည်။ သတို့သားကြီးက ...၊ "ညော် မမိစေနဲ့။ အနာရင်းမယ်" ... ဟု၊ ဝင်ပြော၏။ ကျွန်တော် ... "ဟုတ်ကဲ့" သည်။ (ညော် ... ဟူသော ဝေါဟာရကို, ညော် ... ဟုသာ၊ အသံထွက်တတ်ကြောင်း၊ သတိပြုမိသည်။)

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

နှစ်ပတ် တစ်ရက် (သို့မဟုတ်) တစ်ပတ် တစ်ရက်မျှ ရတနာနှင့် ကျွန်တော် တွေ့ဖြစ်သည်။ တစ်ခါတစ်ရံ သတိရလျှင်၊ ဖုန်းဆက်ဖြစ်သည်။

တွေ့ဆုံကြသည့်အခါ၊ စဉ့်ကူးခေါင်းလောင်းကြီးအနီးတွင်သာ၊ တွေ့ဆုံဖြစ်ကြသည်။ ဘုရားအတူ ဖူးကြသည်။ ဖုန်းဆက်လျှင်လည်း၊ စကားတစ်ခွန်း နှစ်ခွန်းမျှသာ၊ ပြောဖြစ်ကြ၏။

ရတနာနှင့်ကျွန်တော် တွေ့ဆုံကြခြင်းသည်၊ နိုးချောင်၊ နိုးဝှက် တွေ့ဆုံကြခြင်းမျိုးမဟုတ်။ သူက,လည်း သက်ဆိုင်ရာမိသားစုကို အသိပေးခဲ့သလို၊ ကျွန်တော့်မှာလည်း၊ မည်သူ့ကိုမျှ ဖုံးကွယ်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အလျဉ်းမရှိ။

ရိုးသားခင်မင်စွာ (မောင်နှမပမာ) တွေ့ဆုံကြခြင်းဟု၊ လိပ်ပြ
လုံစွာ ကျွန်တော် တွေးသည်။ ရတနာသည်လည်း ထိုနည်းလည်
ကောင်း။

"အဲဒီ့လူကြီးကို၊ ကော်ဖီကောင်းကောင်းတ
ခွက်၊ ဖျော်ပေးခဲ့ပြီးရင်၊ ရတနာ အပြင်ထွက်လို့ရပြ
တခြား ထွေထွေထူးထူး၊ ဘာမှ မလုပ်နိုင်းပါဘူ
ဒါတောင် ... ကော်ဖီ, ဖျော်တာ ရေနွေးမျာ
တယ် ... လို့၊ ပြောတာကို၊ စိတ်ဆိုးသလိုလ
ဘာလိုလိုလုပ်ပြီး၊ အခု ... ထွက်လာတာ။
အမှန်က ... မြန်မြန်အပြင်ထွက်ချင်လို့
စိတ်ဆိုးချင်ယောင်ဆောင်ခဲ့တာပါ"

ရတနာက၊ သူ့မိသားစုအကြောင်း ရယ်မောကာ ပြေ
ပြလေသည်။

"ဒီကို လာမယ် ပြောခဲ့တယ် မဟုတ်လား"
"ပြောခဲ့တာပေါ့။ ဘုရားသွားမယ် ... ဒါ
လေ။ သူငယ်ချင်းနဲ့ တွေ့ချင်တွေ့မယ် ပြောခဲ့တယ်
အဲဒီ့လူကြီးက၊ ဘာမှမပြောဘူး။ အမေ





... စောစောပြန်ဖို့ မှာတယ်"

"ဒေါ်ဒေါ် နေကောင်းရဲ့လား" ... ဟု၊ ကျွန်တော် မေး
သည်။ "ကောင်းပါတယ် အစ်ကို" ... ဟု၊ ရတနာ ဖြေ၏။

"အစ်ကို့အကြောင်း၊ ဘာ ... ပြောသေးလဲ"

"ထွေထွေထူးထူး မပြောပါဘူး။ တွေ့ဖြစ်ကြ
သေးတယ် မဟုတ်လား ... တဲ့။ မေးတယ်"

"မောင်နှမ,ပဲ၊ ကြုံရင် တွေ့တာပေါ့ ... လို့
ရတနာ ပြောပြတယ်၊ မေမေ ... သိပ်သဘောကျပုံ
မရဘူး"

"မိသားစုထဲမှာ၊ ပျော်အောင်နေပါ ညီမ,လေး
ရယ်။ အိမ်ထောင်ဘက်က၊ ကြင်နာတယ် မဟုတ်
လား"

"သူ့ကို၊ ရတနာ မချစ်တာက,လွဲလို့ ကျန်တဲ့
စိတ်အနှောင့်အယှက် မရှိပါဘူး အစ်ကို။

သူက,တော့၊ ပြောပါတယ်။ နှလုံးမှာ အခန်း
လေးခန်းရှိတယ် ... တဲ့၊ တစ်ခန်းက ... စီးပွားရေး
... တဲ့။

ကျန်တဲ့ သုံးခန်းက ..., ရတနာ ... တဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ . . ., သူပြောတဲ့၊ ရည်းစားစကားပဲ''

''ပြောတတ်သားပဲ''

''ဩော် . . .။ ပြောတတ်ဆို၊ ရှေ့မှာလည်း

ဘယ်နှခါလောက် ပြောခဲ့ဖူးသလဲမှ မသိတာ''

''ဘာပဲ ဖြစ်ဖြစ်ပေါ့ ညီမ,လေးရယ်။ ကျေ

ဖူးကို မြင်အောင်ကြည့်ပြီး၊ ကျေးဇူးရှင်အဖြစ်၊

သေသေ ပြုစုလိုက်ပေါ့။ နော်''

ရတနာက၊ မျက်နှာလေး ညိုးကာ . . .

''ဟုတ်ကဲ့ပါ''

အနီးအပါးမှ၊ ဖြတ်, လျှောက်သွားကြသော၊ ဘုရားဖူး

တစ်တွဲကို တမင်ငေးကြည့်ပြီး၊ ရတနာက . . .

''လူတိုင်းကို၊ ချစ်သူနဲ့ပဲ၊ လက်ထပ်စေချ

တယ် အစ်ကိုရယ်''

ကျွန်တော်က . . .,

''ချစ်သူနဲ့ ကွေကွင်းစေတဲ့၊ အ,ကုသို

တစ်ခုခုကို၊ ကျူးလွန်ဖူးရင်၊ အဲဒီ့ အခွင့်အရေး

ဝေးတတ်တယ်''

''ဘယ်လို . . . အ,ကုသိုလ်လဲဟင်''





ကျွန်တော် . . . ပြုံးလျက် . . .,

''အတိတ်ဘဝမှာ သူတစ်ပါးရဲ့,ချစ်သူ . . .

ကြင်ယာ . . . ကို၊ ပစ်မှားဖူးရင်။ ပစ္စုပ္ပန်မှာ ချစ်သူနဲ့

ကွေကွင်းရတယ် . . . တဲ့။ အစ်ကို ကြားဖူးတယ်''

''ဟုတ်လို့လား'' . . . ဟု၊ ရတနာ မေး၏။ ''ဟုတ်တာပေါ့''

. . . ဟု၊ ဖြေပြီး၊ စေတီတော်ကြီးကို၊ ကျွန်တော် ဖူးမျှော်ရှိခိုးလိုက်

လေ၏။

❋

''မင်း . . . စိတ်နဲ့တော့ မပြစ်မှားလောက်ပါဘူးနော် သက်

နှင်း'' . . . ဟု၊ ဓားက၊ စိုးရိမ်တကြီးမေးသည်။ မင်းမြတ်စံက . . .

''တစ်ဖက်လူက၊ သဘောကောင်းတယ်

ဆိုရင်တောင်၊ ကိုယ်က . . . ဆင်ခြင်ရမှာနော် သက်

နှင်း''

ကျွန်တော် နဖူးမှ အမာရွတ်လေးကို၊ လက်ညိုးဖြင့် ဖွဖွ

ပွတ်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခါတစ်ရံ၊ ရတနာ ငါ့ကို ဖုန်းဆက် တယ်။ တစ်ခါတစ်ရံ . . . ငါက, ရတနာ့ကို ဖုန်းဆက် တယ်။

တစ်ခါတစ်ရံ ဘုရားမှာ အတူဆုံတယ်။ တစ်ခါတစ်ရံ မုန့်အတူစားတယ်။ ဒါပဲလေကွာ။

ဒါပဲလေကွာ။ မောင်နဲ့နှမ, ဒီလောက်တော့ ရင်းနှီးခွင့် မရှိဘူးလား"

မားက . . .

"ငါ . . . ပြောတာက၊ စိတ် . . .။ စိတ် လှုပ်ကောင်းအောင်သာ၊ လူက, တောင့်ထားတာ လေ။ စိတ်ကလေးက၊ သာယာနေတာမျိုးကို ပြော တာ"

"မသာယာပါဘူး"

မင်းမြတ်စံက . . .

"တချို့က၊ ဂုဏ်သိက္ခာ . . . ဆို စကားလုံး၊ သိပ်,သုံးတာပဲ။

ဒါပေမဲ့ . . . သူတို့သုံးတဲ့, ဂုဏ် . . .၊ သိက္ခာ ဆိုတာ၊ လူကဲ့ရဲ့မှာစိုးလို့ . . .၊ ကြိတ်မှိတ်၊ စော





စည်းနေရတဲ့ ဂုဏ်, သိက္ခာမျိုးကြီး။ လူလစ်ရင် လူသာ, မကဲ့ရဲ့ရင်၊ ကျူးလွန်မယ့် ဂုဏ်, သိက္ခာမျိုး။

အဲဒါမျိုးက . . . မကောင်းမှုကို ဉာဏ်နဲ့ဆင် ခြင်တာ မဟုတ်ဘူး။ နာမည် ပျက်မှာစိုးလို့၊ ဆင် ခြင်တာလေ။

မင်းလည်း . . . အဲဒါမျိုး ဖြစ်မှာစိုးတယ်။ မောင်နှမ,လို၊ သွားလာ တွေ့ဆုံတယ်။ အမှန်။ ဒါပေမဲ့ . . ., စိတ်က ငါးရာနှစ်ဆယ့်ကိုးတွေ, ငါးရာ သုံးဆယ်တွေ ဖြစ်နေမှာစိုးလို့၊ ပြောတာကွ။ စိတ် တော့ မဆိုးနဲ့"

ကျွန်တော် သူငယ်ချင်းနှစ်ယောက်ကို၊ စိတ်မဆိုးမိ။ သူတို့ စေတနာကို၊ မြင်သာပါသည်။ ထို့ကြောင့်၊ ကျွန်တော်က,

"ရတနာ့ကို၊ မြင်နေ တွေ့နေရတာ။ သူ . . . အေးချမ်းနေတာ၊ အဲဒါကို . . . သိရ,မြင်ရတာ။ ငါ . . . စိတ်ချမ်းသာတယ်။

ကျန်တဲ့, ကျူးလွန်မှု၊ ငါ့မှာ . . . ဘာမှမရှိဘူး လေကွာ။ တစ်ခါတစ်ရံ သတိရတယ်။ ဖုန်းဆက် တယ်။ ဒါပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ့ ဒါပါပဲက ...၊ ဒါပါပဲမှာ၊ မရပ်မှာစိုးလို့၊ ငါတို့ ပြောနေတာပါ သက်နှင်းရာ။

ချစ်ခဲ့ဖူးတဲ့ လူနှစ်ယောက်က၊ လူမှုစည်းကမ်းအရ၊ မချစ်သလိုလို နေထိုင်ဆင်ခြင်နေတယ် ဆိုပေမယ့်,

အင်ဂျင်ဝိုင်တွေ၊ ဘရိတ်ဆီတွေ ... နဲ့ လည်ပတ်နေတဲ့ စက်ရုပ်နှစ်ရုပ်မဟုတ်ဘူးလေ။ စိတ် ... အာရုံ အသွေးအသားတွေနဲ့ ဖွဲ့စည်းထားတဲ့၊ လူနှစ်ယောက်လေ။ ငါ ... အဲဒီလောက်ပဲ ပြောတတ်တယ်"

ခါး၏စကားကို၊ ကျွန်တော် မတုံ့ပြန်ခင်၊ မင်းမြတ်စံက ...

"ရတနာ့ ခင်ပွန်းက၊ ရတနာ့ကို ယုံလို့၊ ခွင့်ပြုထားတယ်ဆိုပေမယ့်၊ အဲဒီ့ ခွင့်ပြုချက်အပေါ်၊ မင်း ... အခွင့်အရေး မယူသင့်ဘူး။

ဆွဲကိုင် ... တပ်မက်နေမှ၊ ကျူးလွန်တာမဟုတ်ဘူး။ လင်ယောက်ျား မရှိခိုက်၊ သွားလာလည်ပတ်တာဟာလည်း၊ သွယ်ဝိုက်ကာ ကျူးလွန်





ရာ၊ ရောက်တယ်။

အထင်သေးလွန်းလို့၊ ပြောနေတာ မဟုတ်ဘူးနော် ... သက်နှင်း။ စိုးရိမ်လွန်းလို့၊ ပြောနေတာ။

လူဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်၊ အပြစ်လွတ်အောင်၊ သက်သက်ညှာညှာ တွေး,မြင်တတ်တယ်။ အဲဒီလိုလူတွေအတွက်၊ မသက်မညှာ သတိပေး ... ဝေဖန်ပေးတတ်တဲ့၊ အပေါင်း အသင်းကောင်းတွေလိုတယ်။

ငါတို့ ... သိပ်, မပြောတတ်ဘူး။ ဒါပေမဲ့ ... မင်း ... မှားမှာစိုးတယ်။ ဒါပဲ"

"အေးပါ" ... ဟုသာ၊ ကျွန်တော် စကားပြန်ဖြစ်သည်။ သူငယ်ချင်း နှစ်ယောက်ရှေ့တွင်၊ လိပ်ပြာလုံသော်လည်း၊ လောက အလယ်တွင်၊ စိတ် ... မလုံခြုံ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

"မေထုံငယ် ခုနစ်ပါး။ မိန်းမတို့က၊ ကိုယ်လက်ဆံထုံး၊ သုံးသပ်ပေးတာကို သာယာခြင်း။ မိန်းမ,တို့နှင့် ပြုံးရယ်စကား၊ ပျော်ပါးမြူးထူးခြင်း။ မိန်းမ ... တို့အား၊ တစိမ့်စိမ့် စိုက်ကြည့်ခြင်း။ အသံကို၊ သာယာခြင်း။ ယခင်က ပြုကျင့်ဖူးတဲ့ မေထုံကာမ,ကို၊ အာရုံပြု၍သာယာခြင်း။ သူတစ်ပါး ပြုကျင့်ကဲ့, မေထုံကာမ,ကို အာရုံပြု၊ သာယာခြင်း။

နောက်ပြီး ... ဤသီလ, ကြောင့် နတ်ဖြစ်ရပါလို၏ ... လို့၊ တောင့်တ,ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီ ... အထဲက၊ အားလုံးကို၊ မင်း ... ကျူး လွှန်ပါတယ် ... လို့ ငါ ... မဆိုလိုဘူး သက်နှင်း'' အစ်ကို၊ ကိုသက္ကက၊ သူ ... ဖွင့်ဖတ်ပြသော စာအုပ်ငယ် ကို၊ ကိုင်ထားလျက် ...

''ခန္ဓာကိုယ်ချင်း၊ ပူးကပ်နှီးနှောမှ ကျူးလွှ တယ်'' ... လို့ ထင်တဲ့သူတွေအတွက်၊ ဒီ ... မေတ္တ ငယ် ခုနစ်ပါးကို၊ ငါ ... ဆိုပြတာ။

ဒီအထဲက၊ ဘယ်နှခုနဲ့၊ ငြိနေတယ်ဆိုတာ မင်းဘာသာ ... ဆန်းစစ်၊ ကာမေသုမိစ္ဆာစာရကံ ကို၊ ငါ့ညီ ... ကျူးလွန်နေပါတယ် ... လို့၊ ငါ ... မစွပ်စွဲဘူးနော်''

ကျွန်တော် ခေါင်းညိတ် နာခံနေရသည်။

''ငါ့အစ်ကို ကိုသက္ကက၊ သိပ်စင်ကြယ်နေ ပါလား .. လို့၊ မတွေးနဲ့။

ငါကိုယ်တိုင်၊ မသိခင်တုန်းက၊ မိန်းကလေ ပေါင်းများစွာနဲ့ တွဲခဲ့တာ။

သူများမယား မဟုတ်ရင်၊ ပြီးရော ... ဆိုပြီး၊ အကုန်တွဲတာ။





နောက်မှ သိရတာက၊ ကာမေသုမိစ္ဆာစာရကံ ... ဆိုတာ၊ သူများ ဇနီး ... ခင်ပွန်း တစ်ခုတည်း ကျူးလွန်တာကို၊ ဆိုလိုတာ မဟုတ်ဘူး။

မိဘ, ဆွေမျိုး, ရပ်ရွာ, အစ်ကို, မောင် ... အုပ်ထိန်းမှုအောက်မှာရှိတဲ့၊ မိန်းမသားတိုင်းကို၊ ကျူးလွန်ရင်၊ ကာမေသုမိစ္ဆာစာရကံ မြောက်တယ်။

မင်း ... ပြောမယ်လေ။ ကျွန်တော်နဲ့ ရတနာ နဲ့၊ ဘာမှ မလွန်ကျူးပါဘူး ... လို့။

မင်း ... သေသေချာချာ မှတ်။ သက်နှင်း။

မင်းရော ... ရတနာရော ... တစ်ယောက်နဲ့ တစ်ယောက် စကားပြောနေရတာကို၊ သာယာနေ တယ်။

သတိတရ၊ ဖုန်းဆက်တဲ့အခါ၊ စကားသံလေး ကြားရတာကို၊ စိတ်ချမ်းမြေ့နေတယ်။ ချမ်းလား၊ ကြိုက်လား၊ လွမ်းလား၊ ဆွေးလား၊ မမေးဘူးနော်၊ နေကောင်းလား၊ စားပြီးပြီလား။ အမေးစကားသံ အဖြေစကားသံလေးတွေနဲ့ သာယာနေကြတာ။ နှစ် ယောက်စလုံး။



www.burmeseclassic.com

www.burmeseclassic.com



ကားအတက်အဆင်း၊ လှေကားအတက်အဆင်း၊ ဖေးဖေးမမ၊ ထိထိခတ်ခတ်။ ရည်ရွယ်ပြီး မကျူးလွန်ဘူးနော်။ ဒါပေမဲ့ . . . အဲဒီ့အခြေအနေလေးကို၊ သာယာနေကြတာ။

တစ်ယောက်ယောက်က,များ၊ မဟုတ်မဟပ် စွပ်စွဲရင်၊ ကျွန်မ,တို့ . . . ကျွန်တော်တို့က၊ လူမြင်ကွင်းမှာ . . . ခင်ကြခေါ်ကြတာပါ။ ဘာလုပ်နေလို့လဲ . . လို့၊ ငြင်းဆို . . . ကာကွယ်ပြီး၊ စွပ်စွဲတဲ့သူကို၊ စိတ်ဆိုးလို့တောင် ရတဲ့ . . . အခြေအနေ။

ဒါပေမဲ့ . . . မင်း, ယောကျ်ားကောင်းတစ်ယောက်အနေနဲ့၊ ကိုယ့်ကိုယ်ကိုယ် . . . မေး။ မင်း . . . စိတ်ထဲမှာ၊ လုံးဝ . . . မသာယာဘူးဆိုတာ၊ သေချာရဲ့လား။

ရတနာက,လည်း၊ ဒီအခြေအနေလေးကို၊ ကြည်နူးမနေဘူး . . . လို့၊ မင်း အာမ,ခံနိုင်သလား။

မင်းက . . . ကျူးလွန်သူ။ ရတနာက ဖောက်ပြန်သူ။ ဖြစ်မှာစိုးလို့၊ ငါ . . . သတိပေးတာ။

အစ်ကိုက ညီကို၊ ဆုံးမ,တာ မဟုတ်ဘူး





သက်နှင်း။ ငါတို့ ဗုဒ္ဓဘာသာမှာ၊ ကလျာနမိတ္တဆိုတာ ရှိတယ်။ တစ်ဦးနဲ့တစ်ဦး အပါယ်မကျအောင်၊ အကြံပေး စောင့်ရှောက်တာ . . . ကလျာနမိတ္တပဲ။

မိတ်ဆွေကောင်းတွေက၊ မင်းကို အပါယ်ငရဲက,နေ ဆွဲထုတ်နေတယ် . . . လို့၊ မင်း . . . နှလုံးသွင်းပါ''

''ဟုတ်ကဲ့ပါ အစ်ကို။ ကျွန်တော် . . . ကျေးဇူးတင်ပါတယ်။ အစ်ကို့ကိုရော . . . သူငယ်ချင်းတွေကိုရော၊ ကျွန်တော် ကျေးဇူးတင်ပါတယ်''

''မင်း . . . ရတနာ့ကို ချစ်တယ် မဟုတ်လား''

ကျွန်တော် နှုတ်မှ၊ မဖြေဝံ့။

''ဒီလို မေးလို့၊ တစ်မျိုး မတွေးနဲ့။ ချစ်ရင် . . .၊ မင်းကြောင့်, သူ့ကို အပါယ်ငရဲ၊ မကျစေနဲ့။

မိဘ . . . က, သားသမီးကို ချစ်ချစ်၊ ဆရာက တပည့်ကို ချစ်ချစ်။ အစ်ကိုက ညီကိုပဲ ချစ်ချစ်။ ဘုရင်က . . . ပြည်သူကိုပဲ ချစ်ချစ်။

ဘယ်သူက . . . ဘယ်သူ့ကို၊ ဘယ်လို အပြန်အလှန် ချစ်ချစ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်ရင် ... အပါယ်မနစ်အောင် ချစ်ပါ။

တချို့ မိဘတွေ၊ သားသမီးကို သပ်ချစ်ကြတယ်။ ခေတ်ပညာတတ်ကြီးတွေဖြစ်အောင် ပံ့ပိုးနိုင်ကြတယ်။ ဒါပေမဲ့ ... ကိုယ့်သားသမီး၊ ပညာဂုဏ်မောက်ပြီး အပါယ်မကျအောင်၊ စောင့်ရှောက်ဆုံးမဖို့၊ မေ့နေကြတယ်။

မင်းကို ... ငါ ချစ်တယ် သက်နှင်း။ အဲဒါကြောင့် ... မင်းကို အပါယ်ငရဲ ကျမှာစိုးတယ်။

မင်းလည်း ... ရတနာ့ကို တကယ်ချစ်တာမှန်ရင်၊ ဖောက်ပြန်တတ်တဲ့ မိန်းမတွေကျတတ်တဲ့ ငရဲကို မရောက်အောင်၊ မင်း ... ကူညီလိုက်ပါ။

ငါ ... ဘာပြောပြော မင်း ကောင်းကျိုးအတွက် ပြောတယ်ဆိုတာ၊ သေသေချာချာ မှတ်ထားဖို့၊ မင်းကို ... ငါ, မှာထားဖူးတယ်နော်"

"ဟုတ်ကဲ့၊ အစ်ကို"

"အေး ...၊ အဲဒါကို လက်ခံရင်၊ မင်းကိုယ်မင်းလည်း အပါယ်က လွတ်အောင်နေပါ။ ရတနာ့



သန္တာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက် ...

ကိုလည်း၊ ကူညီလိုက်ပါ။

မကောင်းမှုက,နေ၊ မကောင်းမှန်းသိနေပါလျက်၊ ရှန်းဖို့ခက်နေတဲ့လူဟာ။ လူငယ်ဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ်၊ နဖားကြိုး အထိုးခံထားရတဲ့ နွားနဲ့ အတူတူပဲ။

နှာနုရိုးလေးက ... ကြိုးဆွဲရင်၊ နှာလွန်းတော့၊ နာမှာစိုးတာနဲ့ ကြိုးဆွဲရာ ... လိုက်ကြရတာလေ ... နွားတွေ။ မင်း ... မြင်ဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"အကယ်၍များ၊ နွားက ... အသိဉာဏ်ရှိလို့၊ သူ့ကို ထိုးထားတဲ့ နဖားကြိုးကို၊ နှာခေါင်း အပြတ်ခံပြီးများ ရှန်းလိုက်နိုင်ရင်၊ အဲဒီ ... နွားကို လိုရာခိုင်းလို့ မရနိုင်တော့ဘူး။

ရှန်းရင်တော့၊ နှာခေါင်းမှာ သွေးတွေ ပွက်ခနဲကျမှာ အမှန်ပဲ။

အင်း ..., နွားဆိုတော့၊ နှာနုလေး နာမှာစိုးတာပေါ့။ လူဆိုတော့ ရင်နာမှာ အသည်းနာမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးမှာပေါ့။

တကယ်ရှန်းချင်တဲ့သူက, တစ်ခါတည်း ... ရှန်းရတာပါ ငါ့ညီရယ်။ အဲဒီ့ တစ်ခါတည်းကြောင့်၊ အသည်းကြေကြေ ... သွေးကျကျ အနာခံပြီး ရှန်း ရတာပါပဲ''

''ကျွန်တော် နားလည်ပါပြီ အစ်ကို။ ရတနာ ... ခံနိုင်ရည် ရှိပါ့မလား ... လို့၊ တွေးမိတယ်''

အစ်ကို ကိုသက္ကက ...

''မင်း ... မခေါ်မပြော၊ မရောမနှောတော့ လို့။ ခြေရာဖျောက်ပစ်လိုက်လို့, သူ .. ရင်ကွဲနာကျ ရင် ...၊ ဒီ ... တစ်ဘဝ,ပဲ သေတယ်။

သူ ... ရင်ကွဲနာကျမှာစိုးလို့၊ မင်း ... အလို လိုက်နေရင်၊ မင်းရော ... သူရော အပါယ်ခန္ဓာတွေ နဲ့၊ အကြိမ်ကြိမ်သေမယ်။

သားသမီးရဲ့ သွေးပြည်ပုပ်အနာကို၊ မိဘက ညှစ်ထုတ် ပေးလိုက်တာဟာ။ သားသမီးကို၊ နာစေ ချင်လို့မှ၊ မဟုတ်တာ။

ဒီ ... ပြည်ပုပ်ရှိနေသမျှ၊ အခါခါနာမှာစိုးလို့





တစ်ခါတည်း အနာခံပြီး ညှစ်ရတာ''

သက်ပြင်းမောကို၊ ကုန်အောင် မှုတ်ထုတ်ပစ်လိုက်သည်။ အစ်ကို ကိုသက္ကကို၊ ကျွန်တော် ရှိခိုးကန်တော့၏။

''ခင်တွယ်သူ နှစ်ယောက်၊ နီးသထက် နီး အောင်၊ ပြေးဖက်တာ၊ နှစ်ယောက်အလယ်မှာ၊ အချွန်နှစ်ဖက်ပါတဲ့၊ တံစို့ကို၊ ထားပြီး .... ဖိ,ဖက် လိုက်သလို၊ ဖြစ်သွားမှာစိုးတယ်။ နော် သက်နှင်း''

ကျွန်တော် ... ဦးခေါင်းကို၊ မာတောင့်စွာညိတ်မိသည်။

''ယောက်ျားကောင်း, ယောက်ျားမြတ် ဖြစ်ပါ စေကွာ''

''ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အစ်ကို''

''အင်း။ အားမနာတမ်း ... ထပ်,ပြောပြ ရရင်, ဒီ ... ပစ္စုပ္ပန်ဘဝ ... ချစ်သူနဲ့ ကွေကွင်း တယ် ... ဆိုတာ၊

အတိတ်သံသရာ ဘဝ,တုန်းက၊ ကာမေသု မိစ္ဆာစရ ... ကံကို၊ ကျူးလွန်ခဲ့မိလို့ပဲကွ။

အဲဒီတော့ ... ချစ်သူနဲ့ မကွေကွင်းချင်တဲ့ သူတွေ၊ ကွေကွင်းမယ့်ကံကို မပြုမူကြနဲ့ပေါ့''



www.burmeseclassic.com

www.burmeseclassic.com

**မောင်လှမျိုး**(ချင်းချောင်းခြံ)

"ဟုတ်ကဲ့။ စိတ်ချပါ ... အစ်ကို။ ကျွန်တော်

... နယ်မှာ၊ အလုပ်သွားလုပ်ချင်တယ်။

ချက်ချင်း သွားချင်တယ် အစ်ကို။ ဘယ်သူ့

ကိုမှ၊ မနှုတ်ဆက်ဘဲ၊ သွားချင်တယ်"

"ကောင်းတယ်။ အစ်ကို ... ချက်ချင်း စီစဉ်ပေးမယ်။ ငါ့ညီ၊ ယောကျ်ားကောင်းပါကွာ" ... ဟု၊ အစ်ကို ကိုသက္က ပြောစဉ်၊ ကျွန်တော် မျက်ရည် ဝဲသည်။ အစ်ကို့ကို၊ ကျေးဇူးတင်သည့် ... မျက်ရည်။



(၃၁)

ချစ်ခဲ့ဖူးသော ... ချစ်ခဲ့မိသော ... ချစ်ရလွန်းသော၊ ချစ်သော ရတနာ့ကို၊ ကျွန်တော် ... ကဗျာတွေ များစွာ ... ရေးဖွဲ့ပေးအပ် နှင်းဆက်ခဲ့ဖူးသည်။

သည်တစ်ခါ၊ ရေးဖွဲ့ခဲ့မိသော၊ ကဗျာကိုမူ၊ ရတနာ့ကိုလည်း၊ ကျွန်တော် မပေးဖြစ်။ သူငယ်ချင်းတွေကိုလည်း၊ ကျွန်တော် ပေးမပတ်။ ဘဝ၏နောက်ဆုံး ကဗျာကို၊ သိုသိပ်စွာ၊ သိမ်းထားဖြစ်ပေမည်။

ဘယ်သောအခါမျှ၊ ကျွန်တော် ... ကဗျာ မရေးတော့ပါ။ နောက်ဆုံး ကဗျာသည်၊ အသက်တည်နေသရွေ့၊ ဘယ်သောအခါမျှ၊ ပျောက်ဆုံးလိမ့်မည် ... မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို ...,

စွန့်လွှတ်ခြင်းသည် ကျွန်တော့်ဘဝ၏ ပထမအသည်း တစ်လွှာ။ စွန့်ခွာခြင်းသည် ကျွန်တော့်ဘဝ၏ အလုံးစုံကို၊ လှီးဖြတ် သုတ်သင်လိုက်သကဲ့သို့ ဖြစ်၏။

အရိယာတို့သည် ... ဇာတိဒုက္ခ၊ သံသရာဒုက္ခကို၊ ဆင်း ခြင်း ... ဟု၊ ဉာဏ်အမြင်ဖြင့် သတ်မှတ်၏။ ကျွန်တော့်လို ပုထုဇဉ် အဖို့ ဆင်းရဲခြင်း များစွာတို့အနက်၊ ချစ်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲသည်၊ အပြင်းထန်ဆုံး ... ဟု၊ ခံစားမှတ်ပိုက်မိချေသည် (အားလုံးသော လူသားများ၊ ချစ်သူနှင့် ကွေကွင်းခြင်း ဘေးဆိုး ကင်းဝေးကြပါစေ) ...။





## ပါးချင်းအပ်

မျက်ရည် ရင်ပြင် နှစ်ထပ်
ပူးကပ် မခွာ။
အလွမ်းဇာတ်နာ
အခန်းပျက်၊
တွဲလက်များ ... မကွာခင် ...၊
ကမ္ဘာအပြင်ကို
ပြေး .. ထွက် .. ပြီး ...
နာကျင်စွာ
ထွေး ... ဖက် ... ငို။



www.burmeseclassic.com

www.burmeseclassic.com



ဝေးသထက်, မဝေးကြမိ
စပ်ကြား . . .
ပါးချင်းအပ်
ရင်ချင်းကပ်။
ဘဝ, နှစ်ထပ် . . . သီ
ချည်နှောင်ကြိုးကို
မြွတ်နိုးစွာ ဖွဖွဖြည်ရင်း . . .၊

ခဏနေစဉ် ကာလ, အတွင်း
ကိုယ့်ရင်တွင်းကို၊ ကိုယ် . . . တူးဆွ
အတူတကွ
ဖေးမ, ဖက်တွယ်။
ဝေးကြဖို့,
သိပ်မလွယ်ကူတဲ့၊
ယူဇနာ . . .
မိုင်ထောင်ချီခရီး . . . အစ၊



BURMESE CLASSIC .com



ဒီ . . . ဘဝရဲ့,
ဒီ . . . ခဏတာ . . .၊
သာသာယာယာ
ညှာညှာတာတာ . . . လမ်းအခွဲမှာ . . .
ဝမ်းနည်းစရာတွေ . . .
မှာ မနေတော့ပါဘူး။
ကမ္ဘာမြေပြင် တစ်ခုတည်းမှာ . . .
မသေခင်အထိ
အတူရှိနေကြမှာပဲ၊
ကဲ . . .
နေမဝင်ခင်၊
ရင်ခွင်နှစ်ထပ်
အသာကပ် . . . ခွာ . . . လှမ်း၊
လာရပ်ကိုသာ
တမ်းတ, ခရီးအဖြစ်၊
(လွမ်းသမျှ သည်းခံ)
မှန်းဆ,ပြီးသာ ပြန်ကြရအောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ . . . နှုတ်မဆက်ကြေး

ဘယ်တော့မှ . . . ပြန်မခေါ်ကြေး . . .

"ကံ" ပေါ်မှာ . . . ပျော်အောင်သာ

ပြေးပေတော့ . . .၊

ဝေးစေရော့ . . . တစ်သက်တာ . . .။ ။

**လေးစားခင်မင်လျက် . . .**

**မောင်လှမျိုး**(ချင်းချောင်းခြံ)
2010-Oct-14
5:45 (p.m)
mhm.ccc@gmail.com
[http:// chin choung chan . word press . com]



မောင်လှမျိုး (ချင်းချောင်းခြံ)

၏

(၁၉၉၂ မတ်လမှ ၂၀၁၁ ဩဂုတ်လအတွင်း ပုံနှိပ်ထုတ်ဝေပြီး စာအုပ်များစာရင်း)

**လုံးချင်းဝတ္ထုများ**

၁။ သမုဒယနွေတစ်ရာ (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၂။ သတိရလို့ ပြန်လွမ်းမိတာပါ (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၃။ စိမ်းချိန်သင့်၍စိမ်းဝံ့သည် (ပ–ကြိမ် + ဒု–ကြိမ်)

၄။ ဆောင်းရက်မှာ . . . ကြွေ နွေရက်မှာ . . . လွမ်း
(ပ–ကြိမ် + ဒု–ကြိမ် + တ–ကြိမ်)

၅။ သရုပ်ဆောင်ကောင်းတဲ့ . . . ည [ ဗီဒီယို ]
(ပ–ကြိမ်ထုတ်ဝေစဉ်က၊ မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် တွဲဖက်ထုတ်ဝေခဲ့ပြီး၊ ဒု–ကြိမ်အဖြစ် အင်္ဂလိပ် ဘာသာပြန်၍ ထုတ်ဝေခဲ့သည်)။

၆။ ကြာတော့လည်း လွမ်းဖို့မေ့နေတယ် (ပ–ကြိမ် + ဒု–ကြိမ်)
[ ဗီဒီယို ] [ ဗီဒီယို ] [ ဗီဒီယို ]

၇။ ချွမ်းအနမ်း(ပ–ကြိမ် + ဒု–ကြိမ်)[ ဗီဒီယို ] [ ဗီဒီယို ]

www.burmeseclassic.com

www.burmeseclassic.com


၈။ မျက်ရည်ဥတဲ့ည (ပ–ကြိမ် + ဒု–ကြိမ်) [ ရုပ်ရှင် ] [ ဗီဒီယို ]

၉။ ကောင်းကင်ကြိုး (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၁၀။ ကြေကွဲမှတ်တမ်း (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ][ ဗီဒီယို ]

၁၁။ နွေရက်ရှည်တစ်ပုဒ် (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၁၂။ မိန်းမလှကဗျာ (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၁၃။ ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
(ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၁၄။ အတုမဲ့ချစ်ခြင်းဖြင့် ပစ်ခွင်းသောအမုန်းမြား (ပ–ကြိမ် +
ဒု– ကြိမ်) [ ဗီဒီယို ][ ဗီဒီယို ]

၁၅။ အိပ်မက်တမ်းချင်း (ပ–ကြိမ် + ဒု–ကြိမ်)

၁၆။ အသည်းနှလုံး၏ကြေညာစာတမ်း (ပ–ကြိမ် + ဒု–ကြိမ်)[ဗီဒီယို]

၁၇။ ကန္တာရ ... ဆောင်း (ပ–ကြိမ် + ဒု–ကြိမ်) [ ဗီဒီယို ]

၁၈။ မုသားဖြင့်ချော့မြှူသောနှုတ်ခမ်း (ပ–ကြိမ် + ဒု–ကြိမ်) [ဗီဒီယို]

၁၉။ တစ်ဖက်စာမျက်နှာတွင်အချစ်ရှိသည် [ ဗီဒီယို ] [ ဗီဒီယို ]

၂၀။ အကြင်နာရွှေလက်

၂၁။ သံယောဇဉ်လက်ကျန်ရှင်းတမ်း

၂၂။ လွမ်းခွင့်မရှိ

၂၃။ သစ္စာတရား၏ကိုယ်စားပြုတမန်တော် [ ဗီဒီယို ] [ ဗီဒီယို ]

၂၄။ သံယောဇဉ်အစွန်အဖျား [ ဗီဒီယို ]

၂၅။ အသည်းကွဲနေသည် [ ဗီဒီယို ]

၂၆။ နှလုံးသားခုံရုံးသို့တင်သွင်းသောအစီရင်ခံစာ

၂၇။ အလွမ်းတံဆိပ်ခတ်နှိပ်ထားသည့်နှလုံးသား၏အလယ်ဗဟို

၂၈။ နှောင်းကြိုးမဲ့ ပျံသန်းလာသော အချစ်ငှက်တစ်ကောင်

၂၉။ ရင်ချင်းဆက် ... နွေ [ ဗီဒီယို ]

၃၀။ အချစ်သီဆိုရာသီချင်း

၃၁။ အချိန်တိုင်းရဲ့သခင်

၃၂။ တနင့်နင့်စိမ်း

၃၃။ နှစ်ဆယ့်တစ်ရာစုရည်းစားစကား [ ဗီဒီယို ]

၃၄။ သမုဒယပြဋ္ဌာန်းချက် [ ဗီဒီယို ]

၃၅။ ရင်ခွဲ ... ယုံ [ ဗီဒီယို ]

၃၆။ ငိုရင်လည်းရွှဲရွှဲစို လွမ်းရင်လည်းသည်းသည်းလှုပ် [ ဗီဒီယို ]

၃၇။ ဒေင်၏ဥယျာဉ်တော်ဘွဲ့ [ ဗီဒီယို ]

၃၈။ ည၏ကမ္ပည်း [ ဗီဒီယို ]

၃၉။ အလွမ်းလက်တစ်ဆစ် [ ဗီဒီယို ]


www.burmeseclassic.com

www.burmeseclassic.com

၄၀။ လက်ခုပ်မိုး [ ဗီဒီယို ]
၄၁။ အသည်းနှလုံး၏ဘယ်လက်ရုံး
၄၂။ အလွမ်းနောက်ခံပန်းချီကား
၄၃။ အလွမ်းဖြင့် သီကုံးသည့် အချစ်၏ကျောက်စာဟောင်း
၄၄။ နှင်းကျသော်လည်း ဆောင်းမမည်
၄၅။ လူပြည်က အပ်နှစ်စင်း [ ဗီဒီယို ]
၄၆။ အလွမ်းဖြင့် နိဂုံးချုပ်လိုက်သည် [ ဗီဒီယို ]
၄၇။ နှလုံးသား၏နောက်ဆုံးထုတ်ပိုးသဏ္ဍာန်သစ်
၄၈။ သင်နှင့်မသက်ဆိုင်တော့သည့် မနက်ဖြန်၏နောက်ဆုံးသတင်း
၄၉။ မေ့ထားချင်သော နေ့စွဲများ

**ယခု**

သစ္စာတိုင်ရတုကို သံပြိုင်သီဆိုခဲ့ပါလျက်

**ဆက်လက်၍**

– ချစ်သူနဲ့ ဝေးရတဲ့ကံ (လုံးချင်းဝတ္ထုသစ်)
– ၅၂၉ (နှင့်) ရင်တွင်းဖွဲ့ကဗျာများ
– နှလုံးသားအစားထိုးကုသနည်းနှင့် ရင်တွင်းဖွဲ့ဝေဒနာများ

**ကဗျာစာအုပ်များ**

၁။ ကျွန်တော်ချစ်သောချစ်သူများ
၂။ ကောင်းကင်ရဲ့ အတောင်ပံ (ပ–ကြိမ် + ဒု–ကြိမ်)
၃။ မီးပြဇာတ်
၄။ ညလိပ်ပြာ
၅။ မှော်မင်းသမီး
၆။ နှလုံးသားကိုဖွင့်တဲ့သော့
၇။ အင်းလျားကို သစ္စာမဖောက်ကြေး
၈။ မှိုင်း
၉။ တစ်ကိုယ်တော် အိပ်မက်
၁၀။ ပါး
၁၁။ အလွမ်းပြေငြိမ်းရေးစာချုပ်
၁၂။ အချစ်၏မူလအမည်မှန်
၁၃။ ၅၂၉ (စီစဉ်ဆဲ)
၁၄။ တစ်ထောင့်တစ်ညပုံပြင်များ (စီစဉ်ဆဲ)

www.burmeseclassic.com

www.burmeseclassic.com

**သီးခြားစာအုပ်များ**

၁။ ချစ်သောစကားများ

၂။ ဧည့်သည်တစ်ယောက်အကြောင်း

၃။ အချစ်နဲ့ ... (နိဗ္ဗာန်)

၄။ ရှေ့တွင် မုန်တိုင်းရှိသည်

၅။ သေရင် အာဇာနည်၊ ရှင်ရင် သူရဲကောင်း

၆။ အညာသွေးရန်ကုန်သား (စီစဉ်ဆဲ)

**ဝတ္ထုတိုများ**

၁။ ထပ်ဆင့်အလွမ်းနှင့် (ရင်တွင်းဖွဲ့ဝေဒနာများ) (ပ-ကြိမ်+ဒု-ကြိမ်)

၂။ အချစ်ဖြတ်သန်းရာဒေသ နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)

၃။ နွေနတ်သမီး နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)

၄။ အခန်းပျက်ဦးနှောက် နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ) (ပ-ကြိမ် + ဒု-ကြိမ်)

၅။ မနက်ဖြန်စစ်တမ်း နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)

၆။ မာယာလေးဆယ့်တစ် နှင့် (အခြားဝတ္ထုတိုများ)

၇။ ဒေါက်တာနတ်အိုးကွဲ နှင့် (စိတ်၏အပိုင်းအစများ)

၈။ အလွမ်းနဲ့ပဲ နေတတ်တယ် နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)

၉။ တစ်ယောက်တည်းနေခဲ့ပါ နှင့် (ရင်တွင်းဖွဲ့ဝေဒနာများ)

၁၀။ အသည်းကွဲမင်းသား (နှင့်) (ရင်တွင်းဖွဲ့ဝေဒနာများ)

**ဝတ္ထုရှည်များ**

၁။ လွမ်းတတ်သူရဲ့ အိပ်မက်မှတ်တမ်း

(မဂ္ဂဇင်း ဝတ္ထုရှည်များနှင့် အိပ်မက်မှတ်တမ်း ကဗျာရှည်)

၂။ အသည်းကွဲပန်းပွင့်၏ နိယာမကောက်ကြောင်း

(အသည်းကွဲနည်း+ ဘုံပြတ်ပန်းပွင့်+ နိယာမများအကြောင်း+ ကောင်းကင် ကောက်ကြောင်း)

BURMESE CLASSIC .com

**အခြားကလောင်ရှင်များနှင့်တွဲဖက်ထုတ်ဝေသည့်စာအုပ်များ**

၁။ အလွမ်းသက္ကရာဇ် (ကဗျာရှည်)

[မောင်ညိုအေး (ပန်းတော) + သက်ဦးခိုင် (ရွှေကျင်) တို့နှင့် တွဲဖက်၍ ]

၂။ ရင်မှ ... ဝေးရာသို့ [မောင်ညိုအေး(ပန်းတော) နှင့် တွဲဖက်၍)

၃။ ပလက်ဖောင်းဖတ်စာ (အောင်မင်းသူ (ကြို့ပင်ကောက်) နှင့် တွဲဖက်၍)

www.burmeseclassic.com

www.burmeseclassic.com

၄။ နှုတ်ရိုးဆစ် ... နွေ [မောင်စိန်ဝင်း (ပုတီးကုန်း) နှင့် တွဲဖက်၍]

၅။ ရန်ဖြစ်နေသောမှန်နှစ်ချပ် [မိုးနီလွင် နှင့် တွဲဖက်၍]

၆။ မမနတ်သမီး (ကဗျာရှည်) [အခြားကလောင်ရှင်တစ်ဦး နှင့် တွဲဖက်၍]

၇။ မျှော်လင့်ကျွန်းရဲ့ ရှိုက်သံ (ကဗျာရှည်) [သပြေမိုးနှင့် တွဲဖက်၍]

၈။ ပြောပြီးပြီ (ကဗျာရှည်) ["အချစ်ဆိုတဲ့ ဆိပ်ကမ်းလေး" ဟူသော အမည်ဖြင့်၊ အိုမာဆမ် + အိုစွမ်းပြည့် + သင်းစုစုငြိမ်း + ဆောင်းဖြူ တို့နှင့် တွဲဖက်၍]

၉။ နွေဓါးနှံ × နွေဆိုး × ကွန် × မသင့်မြတ်ကြသူများ (ကဗျာများ) ["အချစ်နေ့ အမှတ်တရ" (ကလောင်စုံ)]

၁၀။ အိပ်မက်မှတ်တမ်း (ကဗျာရှည်) ["အရိန္ဒမာ ရင်ခုန်သံ" (ကလောင်စုံ)]

၁၁။ ချယ်ရီဦးသို့ ရည်စူး၍ (ဝတ္ထုရှည်) တစ်ဘဝတည်းမှာ အတူနေချင်တယ် (ဝတ္ထုတို) [အခြားကလောင်ရှင်တစ်ဦးနှင့် တွဲဖက်၍]

၁၂။ ဦးနှောက်ထဲကပိနပ် (ဝတ္ထုတို) [ကလောင်စုံ]။

BURMESE CLASSIC .com

www.burmeseclassic.com